# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily


**လောကကိုထွန်းလင်းတောက်ပ**

မိမိပြုခဲ့သော မကောင်းမှုအကုသိုလ်ကံကို ကုသိုလ်ကံဖြင့် ဖုံးအုပ်ဖြေဖျောက်နိုင်၏။ ထိုသို့ပြုနိုင်သူသည် တိမ်တိုက်မှ လွတ်မြောက်လာသော လကဲ့သို့ ဤလောကကို ထွန်းလင်းတောက်ပစေ၏။ (ကောင်းမှုကုသိုလ်ပြုနိုင်ရန် မိတ်ကောင်းဆွေကောင်းရှိရန် လိုအပ်ပေရာ မိတ်ကောင်းဆွေကောင်းများနှင့် ပေါင်းသင်းဆက်ဆံနိုင်အောင် ကြိုးစားအားထုတ်သင့်၏)

**လောကဝဂ်(ဓမ္မပဒ-၁၇၃)**


၁၃၈၀ ပြည့်နှစ်၊ ပထမဝါဆိုလဆန်း ၃ ရက် | ၂၀၁၈ ခုနှစ်၊ ဇွန် ၁၅ ရက်၊ သောကြာနေ့ | အတွဲ (၅၇)၊ အမှတ် (၂၅၆)


# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်အား ထိုင်းနိုင်ငံဝန်ကြီးချုပ်က ဂုဏ်ပြုအခမ်းအနားဖြင့် ကြိုဆို



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချို၊ ထိုင်းနိုင်ငံဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ပရာယုဒ် ချန်အိုချာ(ငြိမ်း)နှင့်ဇနီးတို့ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

**ဗန်ကောက် ဇွန် ၁၄**

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်အား ထိုင်းနိုင်ငံဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ပရာယုဒ် ချန်အိုချာ(ငြိမ်း)က ဂုဏ်ပြုကြိုဆိုသည့် အခမ်းအနားကို ယနေ့ဒေသစံတော်ချိန် ညနေ ၅ နာရီတွင် အစိုးရအိမ်တော် မြက်ခင်းပြင်၌ ကျင်းပသည်။

နိုင်ငံတော်သမ္မတနှင့်ဇနီးတို့သည် ဂုဏ်ပြုကြိုဆိုမည့် အစိုးရအိမ်တော် မြက်ခင်းပြင်သို့ ရောက်ရှိလာရာ ထိုင်းနိုင်ငံဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ပရာယုဒ် ချန်အိုချာ (ငြိမ်း) နှင့် ဇနီးတို့က ရင်းနှီးခင်မင်စွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူပြီး ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးသည်။

ယင်းနောက် နိုင်ငံတော်သမ္မတအား ထိုင်းနိုင်ငံဝန်ကြီးချုပ်က ၎င်းနှင့်အတူ ကြိုဆိုနှုတ်ဆက်ကြသူများအား မိတ်ဆက်ပေးပြီး နိုင်ငံတော်သမ္မတကလည်း အတူလိုက်ပါလာသည့်အဖွဲ့ဝင်များနှင့် ပြန်လည်မိတ်ဆက်ပေးသည်။ *စာမျက်နှာ ၅ ကော်လံ ၁* ✻

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် မွန်ပြည်နယ် ဒေသခံပြည်သူများ ငြိမ်းချမ်းရေးစကားဝိုင်းကျင်းပ

❒ လူငယ်တွေကို ငြိမ်းချမ်းရေးနဲ့ ပတ်သက်ပြီး ထဲထဲဝင်ဝင် လေးလေးနက်နက် သိစေချင်၊ မငြိမ်းချမ်းရတဲ့ အကြောင်းရင်းတွေကို လူငယ်တွေ သေချာနားလည်ထားမှ မှန်ကန်တဲ့ ပါဝင်မှုတွေနဲ့ ပါဝင်နိုင်မှာဖြစ်

❒ ငြိမ်းချမ်းရေးအတွက် လုပ်တဲ့ ကိစ္စတွေ အားလုံးကလည်း ဥပဒေ ဘောင်အတွင်းက ဖြစ်ရမည်



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်။ သတင်းစဉ်

**မော်လမြိုင် ဇွန် ၁၄**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် မွန်ပြည်နယ် ဒေသခံပြည်သူများ ငြိမ်းချမ်းရေးစကားဝိုင်းကို ယနေ့ နံနက် ၁၀ နာရီ ၁၀ မိနစ်တွင် မွန်ပြည်နယ် မော်လမြိုင်မြို့ မော်လမြိုင်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

ငြိမ်းချမ်းရေးစကားဝိုင်းတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က "အခုဆိုရင် တိုင်းရင်းသားလည်းစုံတယ်။ မော်လမြိုင်မှာ ကရင်တိုင်းရင်းသား၊ မွန်တိုင်းရင်းသား၊ ပအိုဝ်းတိုင်းရင်းသားတွေရှိတယ်။ ပအိုဝ်းရော၊ မွန်ရော၊ ကရင်ရော ဒီထဲမှာပါတယ်ဆိုတော့ မော်လမြိုင်ကို ကိုယ်စားပြုတဲ့အနေနဲ့ ပြည့်စုံတယ်လို့ ပြောလို့ရပါတယ်။ ဒီတက္ကသိုလ်ဝင်းထဲ ရောက်လာတော့ ကျောင်းသူတွေက ကျောင်းသားတွေထက် အများကြီးပိုပြီးတော့ များနေတယ်။ အဲဒီကိစ္စကို ကျွန်မတို့ ဆက်ပြီးတော့ ဆွေးနွေးရမှာပဲ။

ငြိမ်းချမ်းရေးအကြောင်းပြောရရင် နိုင်ငံတစ်နိုင်ငံရဲ့ ငြိမ်းချမ်းရေးတည်တံ့ခိုင်မြဲဖို့ဆိုတာဟာ ဖွံ့ဖြိုးရေးလည်းရှိရမှာဖြစ်တယ်။ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှု၊ ပြည်သူလူထု လုံခြုံမှုရှိမှ ငြိမ်းချမ်းရေးရှိတာ၊ *စာမျက်နှာ ၈ ကော်လံ ၁* ❒


နိုင်ငံ၏ပညာရေးကဏ္ဍ အမှန်လိုအပ်ချက်အနေအထားနှင့် ပြုပြင်ဆောင်ရွက်မှုများကို ဆန်းစစ်လေ့လာပြုပြင် ဆောင်ရွက်သင့်ကြောင်း ဆွေးနွေး စာ » ၇

မောင်တောဒေသ၌ ပြည်တွင်းသတင်းမီဒီယာအဖွဲ့များ ရောက်ရှိသတင်းယူ စာ » ၂၀

နျူကလီးယားကင်းစင်ရေး လျင်မြန်စွာ ဆောင်ရွက်ရမည်ကို မြောက်ကိုရီးယား နားလည်ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးပြော နိုင်ငံတကာသတင်း စာ » ၁၄



KBZ BANK
STRENGTH OF MYANMAR

BEST BANK IN MYANMAR

Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

မြန်မာ့အလင်း

# နိုင်ငံငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးရေးနှင့် တစည်းတလုံးတည်း ပေါင်းစပ်စုစည်းမှု

နိုင်ငံတစ်နိုင်ငံ၏ ငြိမ်းချမ်းရေးတည်တံ့ခိုင်မြဲရန်အတွက် ဖွံ့ဖြိုးရေးလည်း ရှိရမည်။ နိုင်ငံဖွံ့ဖြိုးတိုးတက်မှု၊ ပြည်သူလူထုလုံခြုံမှုရှိမှ ငြိမ်းချမ်းရေးလည်း ရှိနိုင်မည်။ လုံခြုံမှုဟုဆိုရာတွင် စိတ်ပိုင်းဆိုင်ရာလုံခြုံမှုနှင့် ရုပ်ပိုင်းဆိုင်ရာ လုံခြုံမှုဟူ၍ နှစ်မျိုးရှိသည်။ ရုပ်ပိုင်းဆိုင်ရာလုံခြုံမှုအရ အပစ်အခတ်ရပ်စဲရေး လိုအပ်သလို ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း ဆောင်ရွက်ကြရမှာ ဖြစ်သည်။ ဖွံ့ဖြိုးတိုးတက်မှသာ စားဝတ်နေရေး၊ နိစ္စဓူဝရှင်သန်ရေးတို့အတွက် ပူပင်ကြောင့်ကြမှုမရှိဘဲ လုံခြုံနိုင်မည်။ ဤသည်မှာ ယနေ့နံနက်ပိုင်းက မွန်ပြည်နယ် မော်လမြိုင်မြို့မော်လမြိုင်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည့် ငြိမ်းချမ်းရေးစကားဝိုင်းတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ဖွင့်ဆိုရှင်းပြခဲ့သော ငြိမ်းချမ်းရေးနှင့်ဆက်စပ်နေသော လိုအပ်ချက် အချို့ပင်ဖြစ်သည်။

မိမိတို့နိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံသာဖြစ်သည်။ တိတိကျကျ ဆိုရလျှင် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံဘဝမှ ရုန်းထွက်နေရသော နိုင်ငံလည်း ဖြစ်သည်။ သို့ဖြစ်သည့်အလျောက် နိုင်ငံတွင် လိုအပ်ချက်တို့ များစွာရှိသည်။ လျှပ်စစ်စွမ်းအား၊ လမ်းတံတား၊ ဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး စသည့် အခြေခံလိုအပ်ချက်များစွာတို့ကြောင့် ဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်ကောင်းစွာ ဆောင်ရွက်နိုင်ရန် ခက်ခဲခဲ့ရသည်။ ငြိမ်းချမ်းရေး စကားဝိုင်းတွင် ပါဝင်ဆွေးနွေးသော ဒေသခံလူငယ်များ၏ဆွေးနွေးချက်များတွင်လည်း ယင်းအချက်များ ထင်ဟပ်ပါဝင်နေသည်ကို တွေ့ရသည်။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ပြန်လည်ရှင်းလင်းဆွေးနွေးမှုတွင် အစိုးရဆိုသည်မှာ နိုင်ငံသူ နိုင်ငံသားများ၏ အကျိုးကို ထမ်းဆောင်ရန်၊ လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် ဖြစ်ပါကြောင်း၊ သို့သော် နိုင်ငံတစ်နိုင်ငံတွင် အဓိကသည် ပြည်သူလူထုပင် ဖြစ်ပါကြောင်း၊ အစိုးရဘယ်လောက်ကောင်းကောင်း၊ ပြည်သူလူထု မပါလျှင် မရပါကြောင်း၊ ပြည်သူလူထုက အဓိကဖြစ်ပါကြောင်း၊ ပြည်သူလူထု၏စိတ်ဓာတ်၊ ဉာဏ်စွမ်းအား၊ အရည်အချင်းအားလုံး မြှင့်တင်ဖို့ လိုကြောင်းဖြင့် ထည့်သွင်းရှင်းလင်း ဆွေးနွေးခဲ့သည်မှာ မိမိတို့အားလုံး ဆင်ခြင်စဉ်းစားကြဖို့ပင် ဖြစ်သည်။

နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုတွင် သဘာဝသယံဇာတ အရင်းအမြစ်များ၊ ငွေကြေးအရင်းအနှီးများ၊ အတတ်ပညာ နည်းပညာများ၊ လူလတ်တန်းစား စွန့်ဦးတီထွင်သူများ စသည်တို့ အရေးပါသလို အရည်အသွေး၊ အရည်အချင်းပြည့်ဝပြီး စွမ်းဆောင်ရည်ရှိသည့် လူ့အဖွဲ့အစည်းကလည်း အဓိကအရေးပါသော အချက်တစ်ရပ်ဖြစ်သည်။ လူတို့၏ အရည်အချင်းကို ဗီဇနှင့်ပတ်ဝန်းကျင်တို့က ပြဋ္ဌာန်းသည်ဟုဆိုထားရာ မိမိတို့လူမျိုး၏ဗီဇမှာ ညံ့ဖျင်းသော လူမျိုးမဟုတ်ကြောင်း သမိုင်းကြောင်းကို ပြန်ကြည့်လေ့လာပါက သိရှိနိုင်သည်။ ပတ်ဝန်းကျင်အခြေအနေဖြစ်သော လေ့ကျင့်ပျိုးပြင်မှုဖြင့် လူမျိုးတစ်ရပ်လုံးကို ပြန်လည်မြှင့်တင်နိုင်ရန်အတွက်မူ ပညာရေးစနစ်ကို နိုင်ငံ၏လိုအပ်ချက်နှင့်အညီ အကောင်းဆုံးဖြစ်အောင် တည်ဆောက်နိုင်ရမည်ဟု ယုံကြည်မိသည်။

မိမိတို့နိုင်ငံအတွက် လတ်တလောလိုအပ်ချက်မှာ **National Integration** ခေါ် တစ်နိုင်ငံလုံး၊ တစ်မျိုးသားလုံး ဘက်စုံပေါင်းစပ်စုစည်းမှုပင်ဖြစ်သည်ဟု ရှုမြင်မိသည်။ အဆိုပါဝေါဟာရသည် တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်မှုသာမက နိုင်ငံတော်တစ်ဝန်းလုံးသို့ နိုင်ငံတော်၏ သြဇာအာဏာ သက်ရောက်ပျံ့နှံ့မှု၊ ခေါင်းဆောင်နှင့် ပြည်သူတို့ တစ်သားတည်းရှိမှု၊ နိုင်ငံ့ရေးရာများတွင် ပြည်သူတို့ကိုယ်တိုင် စိတ်ရောကိုယ်ပါ ပူးပေါင်းပါဝင်မှု၊ ပြည်သူတို့၏ လူမှုရေးစည်းကမ်း **(Social discipline)** လိုက်နာမှုစသည်တို့ ပေါင်းစပ်ပါဝင်သည်ဟု လေ့လာမှတ်သားရဖူးသည်။ ဒီမိုကရေစီကျင့်စဉ်နှင့်အညီ အစိုးရနှင့် ပြည်သူအကြား အပြန်အလှန်နားလည်မှု၊ အသိအမှတ်ပြုမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ ဖြစ်ထွန်းလာသည်နှင့်အမျှ တစ်မျိုးသားလုံး ဘက်စုံပေါင်းစပ်စုစည်းမှု ခိုင်မာအားကောင်းကာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးသို့ ဦးတည်စေနိုင်မည်ဟု ယုံကြည်ပါကြောင်း။ ။

# အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ၂၀၁၇-၂၀၁၈ ပညာသင်နှစ် ဗုဒ္ဓဓမ္မဒီပလိုမာ အောင်လက်မှတ်ချီးမြှင့်ပွဲနှင့် ၂၀၁၈-၂၀၁၉ ပညာသင်နှစ် သင်တန်းသားသစ် ကြိုဆိုပွဲ ကျင်းပ



**ရန်ကုန် ဇွန် ၁၄**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓ သာသနာပြုတက္ကသိုလ် ၂၀၁၇-၂၀၁၈ ပညာသင်နှစ် ဗုဒ္ဓဓမ္မဒီပလိုမာအောင်လက်မှတ်ပေးအပ်ချီးမြှင့်ပွဲနှင့် ၂၀၁၈-၂၀၁၉ ပညာသင်နှစ် ဗုဒ္ဓဓမ္မဒီပလိုမာ သင်တန်းသားသစ်ကြိုဆိုပွဲကို ယနေ့ မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ မရမ်းကုန်း မြို့နယ်ရှိ အဆိုပါတက္ကသိုလ်၌ ကျင်းပရာ ပါမောက္ခချုပ်ဆရာတော် ဒေါက်တာဘဒ္ဒန္တနန္ဒမာလာ ဘိဝံသက ကြိုဆိုနှုတ်ခွန်းဆက်သြဝါဒ မိန့်ကြားတော်မူသည်။

ထို့နောက် ပါမောက္ခချုပ်ဆရာတော်က ၂၀၁၈-၂၀၁၉ ပညာသင်နှစ် ဗုဒ္ဓဓမ္မဒီပလိုမာ အောင်လက်မှတ်ရရှိသည့် ပြည်ပသင်တန်းသား ရဟန်းတော် ရှစ်ပါး၊ အမျိုးသား လေးဦး၊ သီလရှင် ခြောက်ပါး၊ အမျိုးသမီး ငါးဦးနှင့် ပြည်တွင်းမှ မြန်မာသင်တန်းသား ရဟန်းတော် ၁၅ ပါး၊ သီလရှင် ကိုးပါး၊ အမျိုးသမီး တစ်ဦး စုစုပေါင်း ၄၈ ဦးတို့အား ဘွဲ့တံဆိပ်နှင့် အဆောင်အယောင်များ၊ ဒီပလိုမာ အောင်လက်မှတ်များကို ချီးမြှင့်အပ်နှင်းတော်မူသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ ပါမောက္ခချုပ်ဆရာတော်က ၂၀၁၈-၂၀၁၉ ပညာသင်နှစ် ဒီပလိုမာ သင်တန်းသားသစ် ပြည်ပသင်တန်းသား ရဟန်းတော် ၂၀ ပါး၊ သီလရှင် ခြောက်ပါး၊ အမျိုးသား ကိုးဦး၊ အမျိုးသမီး ကိုးဦးနှင့် ပြည်တွင်းမှ မြန်မာ ရဟန်းတော် ၁၁ ပါး၊ သီလရှင် ကိုးပါး၊ အမျိုးသားနှစ်ဦး၊ အမျိုးသမီးလေးဦး စုစုပေါင်း ၇၀ ဦးတို့အား ကျောင်းတံဆိပ်ပါ ကတ္တီပါယပ်များနှင့် ကျောင်းတံဆိပ်ပါ ယောဂီလောဘက်ကို အသိအမှတ်ပြုအပ်နှင်းပြီး သြဝါဒကထာနှင့် သမ္မောဒနီယ သန္ဒေသကထာမြွက်ကြား ချီးမြှင့်တော်မူသည်။

အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်၏ ယခု ၂၀၁၈-၂၀၁၉ ပညာသင်နှစ် ဒီပလိုမာသင်တန်းသို့ ပြည်ပနိုင်ငံပေါင်း ၁၇ နိုင်ငံမှ သင်တန်းသားများ တက်ရောက်ကြမည် ဖြစ်သည်။

**သတင်းစဉ်**

# ဓမ္မာစရိယစာမေးပွဲ အောင်စာရင်း

**နေပြည်တော် ဇွန် ၁၄**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာနက ကျင်းပပြီးစီးခဲ့သော ၁၃၇၉(၂၀၁၈)ခုနှစ်အတွက် ဓမ္မာစရိယ စာမေးပွဲတွင် သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် လူပုဂ္ဂိုလ်များ ဝင်ရောက်ဖြေဆိုကြရာ ဓမ္မာစရိယသုံးကျမ်း ၉၃၇ ပါး၊ နှစ်ကျမ်း ၉၄၄ ပါး၊ တစ်ကျမ်း ၁၀၄၅ ပါး၊ ပါဠိဂုဏ်ထူး တစ်ပါး၊ မြန်မာဂုဏ်ထူးငါးပါး အောင်မြင်ခဲ့သည်။

စုစုပေါင်း ဖြေဆိုသူ ၂၂၇၆ ပါးအနက် အောင်မြင်သူ ၂၉၃၂ ပါးဖြစ်၍ ၁၂ ဒသမ ၈၈ ရာခိုင်နှုန်း အောင်မြင်ကြသည်။

၁၃၇၉ (၂၀၁၈)ခုနှစ် ဓမ္မာစရိယစာမေးပွဲတွင် သုံးကျမ်းပြီး အောင်မြင်ကြသော သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များအနက် ပထမ၊ ဒုတိယ၊ တတိယ နှင့် သီလရှင် ပထမရရှိခဲ့ကြသော အထူးအောင်ပုဂ္ဂိုလ်များမှာ အောက်ဖော်ပြပါအတိုင်း ဖြစ်ကြပါသည်-

| စဉ် | ဂုဏ်ထူး | ခုံအမှတ် | ဘွဲ့ | ကျောင်းတိုက်နှင့်တည်နေရာ |
|---|---|---|---|---|
| ၁။ | ပထမ (အဂ္ဂမဟာ အကျော်) | ပက/၃၈၅ | ဦးအဂ္ဂ | တိပိဋကထိန်လင်းကျောင်းတိုက် အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၂။ | ဒုတိယ | ကန/၂၂၄၆ | ဦးပညာဝံသာလင်္ကာရ | မဟာဝိသုဒ္ဓါရုံရွှေကျင်တိုက်သစ် ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၃။ | တတိယ | ကန/၂၀၇၈ | ဦးဝိသုဒ္ဓ | အလယ်တောရစံပြစာသင်တိုက် ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၄။ | သီလရှင် ပထမ | ရ/၂၂၉ | မခေမာဝတီ | ဓမ္မာရုံသီလရှင်စာသင်တိုက် တောင်ငူမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး |

၁၃၇၉ (၂၀၁၈)ခုနှစ် ဓမ္မာစရိယစာမေးပွဲ အောင်စာရင်းများကို နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ် သံဃနာယကအဖွဲ့ရုံးများတွင်လည်းကောင်း၊ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်သာသနာရေးမှူးရုံးများတွင် လည်းကောင်း သက်ဆိုင်ရာ စာဖြေဌာနများရှိ မြို့နယ်သံဃနာယကအဖွဲ့ရုံးများနှင့် မြို့နယ်သာသနာရေးမှူးရုံးများ တွင်လည်းကောင်း ကြည့်ရှုနိုင်ပါကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

၁၃၇၉(၂၀၁၈)ခုနှစ် ဓမ္မာစရိယစာမေးပွဲအောင်စာရင်းများကို နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ Website www. mahana .org .mm သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန Website www. mora.gov .mm နှင့် သာသနာရေး ဦးစီးဌာန Website www. dra .gov .mm တို့တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်သည်။

**သတင်းစဉ်**

# ဒို့ကျေးရွာဂျာနယ် အတွဲ(၁၅) အမှတ်(၁၂) ထုတ်ဝေဖြန့်ချိ

**နေပြည်တော် ဇွန် ၁၄**

ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ နှစ်ပတ်တစ်ကြိမ် ထုတ်ဝေလျက်ရှိသည့် ဒို့ကျေးရွာဂျာနယ်ကို အသွင်သဏ္ဌာန် အနှစ်သာရ ပြောင်းလဲကာ ရောင်စုံစာမျက်နှာများဖြင့် ဝေဝေဆာဆာ ထုတ်ဝေဖြန့်ချိလျက်ရှိရာ အတွဲ(၁၅)၊ အမှတ်(၁၂)ကို ထုတ်ဝေဖြန့်ချိလိုက်ပြီ ဖြစ်သည်။

၁၅-၆-၂၀၁၈ ရက်နေ့ထုတ် ဒို့ကျေးရွာဂျာနယ် အတွဲ(၁၅)၊ အမှတ်(၁၂)တွင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေးနှင့် ဒို့ကျေးရွာပေးစာများ၊ နိုင်ငံတကာ၊ မျက်မှောက်ရေးရာသတင်းများ၊ အင်တာဗျူး၊ ဝတ္ထု၊ ကျေးလက်ရသကဗျာ၊ ကာတွန်း၊ ဟာသ၊ အနုပညာကဏ္ဍ၊ အားကစား၊ ဗေဒင်၊ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိုးလေဝသခန့်မှန်းချက် စသည့် ဗဟုသုတရရှိစေမည့် အကြောင်းအရာများကို သုတရသစုံလင်စွာဖြင့် ဖတ်ရှုရမည်ဖြစ်ကြောင်း သိရသည်။




**သတင်းစဉ်**

● *ကျော့ဖုံးမှ*

မူလက ကစားသမား ၂၅ ဦးဖြင့် သွားရောက်ရန် စီစဉ်ထားသော်လည်း ယခုအခါ ၂၃ ဦးဖြင့်သာ သွားရောက်မည်ဖြစ်ပြီး ပြီးခဲ့သည့်နှစ်က ဖွဲ့စည်းခဲ့သည့် မြန်မာ ယူ-၁၈ အသင်းမှ ကစားသမားအချို့လည်း ပြန်လည်ရွေးချယ်ခံခဲ့ရသည်။ မြန်မာ ယူ-၁၉ အသင်းသည် ကစားသမား ၂၃ ဦးကို စင်ကာပူခြေစမ်းခရီးစဉ် အတွက်သာ ရွေးချယ်ခြင်းဖြစ်ပြီး ပြန်လည်ရောက်ရှိလာပါက ကျန်ရစ်ခဲ့သည့် ကစားသမားများဖြင့် ပြန်ပေါင်းကာ အာဆီယံ ယူ-၁၉ ပြိုင်ပွဲအတွက် ဆက်လက်ပြင်ဆင်မည် ဖြစ်သည်။ မြန်မာ ယူ-၁၉ အသင်းသည် စင်ကာပူခြေစမ်းခရီးစဉ်တွင် စင်ကာပူလိဂ်၌ လာရောက်ကစားနေသည့် ဂျပန်ကလပ်နီဂါတာအသင်းနှင့် ပူးတွဲလေ့ကျင့်မည်ဖြစ်ပြီး ဇွန် ၁၈ ရက်တွင် ခြေစမ်းပွဲ ကစားမည် ဖြစ်သည်။ ထို့ပြင် ဇွန် ၂၀ ရက် တွင် စင်ကာပူ ယူ-၂၃ အသင်းနှင့် ခြေစမ်းပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မြန်မာ ယူ-၁၉ အသင်းတွင် **အုပ်ချုပ်သူ-** ဦးတင်မြင့်အောင်၊ **နည်းပြချုပ်-** ဦးမျိုးလှိုင်ဝင်း၊ **လက်ထောက်နည်းပြ-** ဦးဘိုဘိုအောင်၊ ဦးလင်းလင်းထွေး၊ **ဂိုးနည်းပြ-** ဦးကိုကိုအောင်၊ ကစားသမားများအဖြစ် **ဂိုးသမား-** ဇင်ညီညီအောင်၊ သူရကျော်၊ ပြည့်ဖြိုးအောင်၊ **နောက်တန်း-** စည်သူ မိုးခန့်၊ အောင်ဝဏ္ဏစိုး၊ ဟိန်းထက်စည်သူ၊ ရဲလင်းထက်၊ တေဇော်လင်း၊ ငြိမ်းချမ်းအောင်၊ စိုးမိုးကျော်၊ နိုင်ကိုကို၊ **အလယ်တန်း-** ဝဏ္ဏထွန်း၊ နန်းထိုက်ဇော်၊ လွင်မိုးအောင်၊ ဟိန်းထက်အောင်-၁၊ မြတ်ကောင်းခန့်၊ သူရစံ၊ **ရှေ့တန်း-** ထက်ဖြိုးဝေ၊ ထက်အာကာလင်း၊ လွှမ်းမိုးဦး၊ ပြည့်စုံနိုင်၊ ရဲရင့်အောင်၊ ဝင်းနိုင်ထွန်းတို့ ပါဝင်ကြသည်။

**ညီမြတ်သော်တာ**

# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မွန်ပြည်နယ်သို့ သွားရောက်

**မော်လမြိုင် ဇွန် ၁၄**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည်ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်နှင့် ဒေါက်တာမြင့်ထွေး၊ ဒုတိယဝန်ကြီး ဦးမင်းသူနှင့်အတူ ယနေ့နံနက် ၈ နာရီခွဲတွင် မွန်ပြည်နယ် မော်လမြိုင်မြို့သို့ ရောက်ရှိရာ တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်၊ ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်း၊ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံ၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဒေါ်တင်အိ၊ ပြည်နယ်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ် စာရင်းစစ်ချုပ်နှင့် ဒေသခံပြည်သူများက ကြိုဆိုနှုတ်ဆက်ကြသည်။

**အနီးပတ်ဝန်းကျင်အားကြည့်ရှု**

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် အဖွဲ့ဝင်များနှင့်အတူ မော်လမြိုင်မြို့ရှိ သမိုင်းဝင်ကျိုက်သလွံစေတီတော်သို့ သွားရောက်ဖူးမြော်ကြည်ညိုပြီး စေတီတော်ပရိဝုဏ်အတွင်းရှိ ရှေးဟောင်းဘုရား ရုပ်ပွားတော်များကို လှည့်လည်ကြည်ညို၍ စေတီတော်ရင်ပြင်တော်ရှုရပ်မှ မော်လမြိုင်မြို့နှင့် အနီးပတ်ဝန်းကျင်အားကြည့်ရှုလေ့လာသည်။

**ဆပ်ကပ်လှူဒါန်း**

ထို့နောက် စေတီတော်ပရိဝုဏ်အတွင်းရှိ ဝိသာခါတန်ဆောင်း၌ ကျိုက်သလွံစေတီတော် ဘဏ္ဍာထိန်းဂေါပကအဖွဲ့၏ ဩဝါဒါစရိယ မော်လမြိုင်မြို့ မောင်ငံရပ် နတ်မှော်ကျောင်းဆရာတော် ဘဒ္ဒန္တသုမန အမှူးပြုသော ဆရာတော်များအား ဖူးမြော်ကြည်ညို၍ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က လှူဖွယ်ဝတ္ထုပစ္စည်းများ ဆပ်ကပ်လှူဒါန်းသည်။

ယင်းနောက် မော်လမြိုင်တက္ကသိုလ်၌ ကျင်းပသည့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် မွန်ပြည်နယ် ဒေသခံပြည်သူများစကားဝိုင်းသို့ တက်ရောက်သည်။

ငြိမ်းချမ်းရေးစကားဝိုင်းအပြီးတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဘက်စုံခန်းမရှေ့၌ ခင်းကျင်းပြသထားသည့် မွန်ပြည်နယ် ချောင်းဆုံမြို့နယ်ဒေသထွက် ဆေးတံ၊ ကျောက်သင်ပုန်း၊ သစ်သားဘောပင်နှင့် သစ်သားတုတ်ကောက် စသည့် လက်မှုပစ္စည်းတို့ကိုကြည့်ရှုအားပေးရာ ဒေသခံများက ကျောက်သင်ပုန်း လက်ဆောင်ပေးအပ်သည်။



ကျိုက်သလွံစေတီတော် ဘဏ္ဍာထိန်းဂေါပကအဖွဲ့၏ ဩဝါဒါစရိယ မော်လမြိုင်မြို့မောင်ငံရပ် နတ်မှော်ကျောင်းဆရာတော် ဘဒ္ဒန္တသုမနထံ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ သတင်းစဉ်




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မွန်ပြည်သစ်ပါတီအဖွဲ့ဝင်များနှင့် တွေ့ဆုံစဉ်။ သတင်းစဉ်

**ရိုးရာရက်ကန်းအထည်များ ကြည့်ရှု**

ဆက်လက်၍ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် မုဒုံမြို့နယ်၏ ရိုးရာရက်ကန်းစင်မှ မုဒုံစောင်ရက်လုပ်နေမှုနှင့် ရိုးရာရက်ကန်းအထည်များကို ကြည့်ရှုအားပေးသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် မွန်ပြည်နယ်အစိုးရအဖွဲ့ရုံး အောင်ဆန်းခန်းမ၌ မွန်ပြည်သစ်ပါတီအဖွဲ့ဝင်များနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်၊ ဒေါက်တာမြင့်ထွေးနှင့် နိုင်သက်လွင်၊ ငြိမ်းချမ်းရေး ကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်းနှင့် အဖွဲ့ဝင်များ၊ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံနှင့် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ မွန်ပြည်သစ်ပါတီမှ ဥက္ကဋ္ဌ နိုင်ထောမွန်နှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံစဉ် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က အဖွင့်အမှာစကား ပြောကြားသည်။

**လမ်းညွှန်အမှာစကားပြော**

ထို့နောက် ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်း၊ မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံ၊ မွန်ပြည်သစ်ပါတီဥက္ကဋ္ဌ နိုင်ထောမွန်နှင့် ငြိမ်းချမ်းရေးကော်မရှင်အဖွဲ့ဝင် ဒေါက်တာအောင်ထွန်းသက်တို့က ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် ညှိနှိုင်းရေးကော်မတီဖွဲ့စည်းရေး၊ စီးပွားရေး လုပ်ငန်းများကို Public Private Partnership (PPP) ဆောင်ရွက်ရန်အတွက် ညှိနှိုင်းရေးကော်မတီဖွဲ့စည်းရေးကိစ္စများနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးတင်ပြကြသည်။ တင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ညှိနှိုင်းပေါင်းစပ်ပေးပြီး လမ်းညွှန်အမှာစကား ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ပြည်ထောင်စုဝန်ကြီးများ၊ မွန်ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် တွေ့ဆုံကာ လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့ဝင်များသည် မော်လမြိုင်မြို့မှ အထူးလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာခဲ့ရာ ညနေပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိသည်။

**သတင်းစဉ်**



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မော်လမြိုင်မြို့သို့ရောက်ရှိရာ ဒေသခံများက ကြိုဆိုနှုတ်ဆက်စဉ်။ သတင်းစဉ်





နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချိုတို့ ထိုင်းနိုင်ငံရှိ မြဘုရားအား ဖူးမြော်ကြည်ညိုစဉ်။ သတင်းစဉ်

# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချို ထိုင်းနိုင်ငံသို့ ရောက်ရှိ

**နေပြည်တော် ဇွန် ၁၄**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချိုတို့သည် ထိုင်းနိုင်ငံ ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ပရာယုဒ် ချန်အိုချာ (ငြိမ်း) ၏ ဖိတ်ကြားချက်အရ ထိုင်းနိုင်ငံသို့ တရားဝင်ချစ်ကြည်ရေးခရီးစဉ်နှင့် ဗန်ကောက်မြို့၌ ကျင်းပမည့် (၈) ကြိမ်မြောက် ဧရာဝတီ - ကျောက်ဖရား - မဲခေါင် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုမဟာဗျူဟာ (အက်မက်စ်) ထိပ်သီးအစည်းအဝေး၊ (၉)ကြိမ်မြောက် ကမ္ဘောဒီးယား - လာအို -မြန်မာ - ဗီယက်နမ် (စီအယ်လ်အမ်ဗွီ) ထိပ်သီးအစည်းအဝေးတို့သို့ တက်ရောက်ရန် ယနေ့ နံနက် ၈ နာရီတွင် နေပြည်တော်မှ အထူးလေယာဉ်ဖြင့် ထိုင်းနိုင်ငံ ဗန်ကောက်မြို့သို့ ထွက်ခွာသွားသည်။

**ပို့ဆောင်နှုတ်ဆက်**

နိုင်ငံတော်သမ္မတနှင့် ဇနီးနှင့်အဖွဲ့အား ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် ဦးဟင်နရီဗန်ထီးယူ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်နှင့် ဇနီး၊ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် မြင့်မော်၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံ သံရုံးယာယီတာဝန်ခံနှင့် တာဝန်ရှိသူများက နေပြည်တော်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချိုတို့အား ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ် မစ္စတာ ဆုန်ကစ် ဂျာတူစရိပီတက်နှင့် ဇနီး၊ တာဝန်ရှိသူများက ထိုင်းနိုင်ငံ ဗန်ကောက်မြို့ထိုင်းဘုရင့်လေတပ် Wing 6 လေတပ်၌ ကြိုဆိုနှုတ်ဆက်စဉ်။ သတင်းစဉ်

**ဗန်ကောက်မြို့သို့ ရောက်ရှိ**

နိုင်ငံတော်သမ္မတဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချို၊ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ ဒုတိယဝန်ကြီး ဦးအောင်ထူးနှင့် တာဝန်ရှိသူများ လိုက်ပါလာသည့် အထူးလေယာဉ်သည် ဒေသစံတော်ချိန် နံနက် ၁၀ နာရီတွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ ထိုင်းဘုရင့်လေတပ် Wing 6 သို့ရောက်ရှိကြရာ ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ် မစ္စတာ ဆုန်ကစ် ဂျာတူစရိပီတက်နှင့် ဇနီး၊ တွဲဖက်ဝန်ကြီး မစ္စတာ ဆူဝိဖန် တန်ယူဝိဒါန နှင့်ဇနီး၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမျိုးမြင့်သန်းနှင့် ဇနီး၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး မစ္စတာ ဂျက်ဘွန်လုံနှင့် ဇနီး၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာစစ်သံမှူး (ကြည်း၊ရေ၊ လေ) ဗိုလ်မှူးချုပ် ခင်ဇော်နှင့် မြန်မာသံရုံးမှ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဇနီးနှင့် အဖွဲ့သည် ဗန်ကောက်မြို့ရှိ ခေတ္တတည်းခိုမည့် ရှန်ဂရီလာဟိုတယ်သို့ ရောက်ရှိကြသည်။




နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချိုတို့ ဗန်ကောက်မြို့ရှိ မြန်မာသံရုံး၌ မြန်မာသံရုံး၊ စစ်သံရုံးနှင့် ဌာနဆိုင်ရာများမှ ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။ သတင်းစဉ်

**လက်မှတ်ရေးထိုး**

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့သည် ဗန်ကောက်မြို့ရှိ ထိုင်းဘုရင့်နန်းတော်သို့ရောက်ရှိပြီး နိုင်ငံတော်သမ္မတက နန်းတော်ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးသည်။

**မြဘုရားအား ဖူးမြော်ကြည်ညို**

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့သည် မြဘုရားအား ဖူးမြော်ကြည်ညိုကာ အလှူငွေများ ပေးအပ်လှူဒါန်းပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့သည် ဗန်ကောက်မြို့ရှိ မြန်မာသံရုံးသို့ရောက်ရှိပြီး မြန်မာသံရုံး၊ စစ်သံရုံးနှင့်

*စာမျက်နှာ ၆ ကော်လံ ၆ သို့*



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ပရာယုဒ် ချန်အိုချာ (ငြိမ်း) တို့ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူစဉ်။ သတင်းစဉ်

*✻ ရှေ့ဖုံးမှ*

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့် ဇနီး၊ ထိုင်းနိုင်ငံဝန်ကြီးချုပ်နှင့် ဇနီးတို့သည် အစိုးရအိမ်တော်၌ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

**လက်မှတ်ရေးထိုး**

ထို့နောက် နိုင်ငံတော်သမ္မတသည် အစိုးရအိမ်တော် ဧည့်သည်တော် မှတ်တမ်းတွင် လက်မှတ်ရေးထိုးပြီး ထိုင်းနိုင်ငံဝန်ကြီးချုပ်နှင့် ဇနီးတို့နှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

**တွေ့ဆုံ**

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ်တို့သည် အစိုးရအိမ်တော်ဧည့်ခန်းမ၌ တွေ့ဆုံကြသည်။

**နှစ်နိုင်ငံဆွေးနွေး**

ဆက်လက်၍ မြန်မာ-ထိုင်း နှစ်နိုင်ငံဆွေးနွေးပွဲကို အစိုးရအိမ်တော် Pakdi-bodin Hall ၌ ကျင်းပရာ နိုင်ငံတော်သမ္မတနှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ်တို့ တက်ရောက်ကြသည်။



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ပရာယုဒ် ချန်အိုချာ (ငြိမ်း) တို့ ဂုဏ်ပြုတပ်ဖွဲ့အား စစ်ဆေးစဉ်။ သတင်းစဉ်

တွေ့ဆုံပွဲနှင့် နှစ်နိုင်ငံဆွေးနွေးပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ ဒုတိယဝန်ကြီး ဦးအောင်ထူး၊ သံအမတ်ကြီး ဦးမျိုးမြင့်သန်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ထိုင်းနိုင်ငံဝန်ကြီးချုပ်နှင့်အတူ ဒုတိယဝန်ကြီးချုပ်၊ ဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

**နှစ် ၇၀ ပြည့်**
**အထိမ်းအမှတ်အခမ်းအနား**

တွေ့ဆုံပွဲနှင့် နှစ်နိုင်ငံဆွေးနွေးပွဲတို့တွင် နိုင်ငံတော်သမ္မတနှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ်တို့သည် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ ထိုင်းနိုင်ငံသို့ရောက်ရှိနေသည့် မြန်မာအလုပ်သမားများ တရားဝင် အလုပ်လုပ်ကိုင်ခွင့်ရရှိရေး၊ သင့်လျော်သည့် ရပိုင်ခွင့်နှင့် ကာကွယ်စောင့်ရှောက်မှုများပေးရေး၊ နှစ်နိုင်ငံ နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးနှင့် နယ်စပ်ဂိတ်များ အဆင့်မြှင့်တင်ရေး၊ ရခိုင်ပြည်နယ်အရေးကိစ္စတွင် ထိုင်းနိုင်ငံမှ အပြုသဘော အကူအညီပေးရေး၊ ထိုင်းနိုင်ငံတွင်ရောက်ရှိနေသော နေရပ်စွန့်ခွာသူများ မြန်မာနိုင်ငံသို့ ပြန်လည်လာရောက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာ-ထိုင်း နှစ်နိုင်ငံ သံတမန်ဆက်သွယ်မှု နှစ် ၇၀ ပြည့် အထိမ်းအမှတ်အခမ်းအနားများ ကျင်းပရေးတို့နှင့်စပ်လျဉ်း၍ ခင်မင်ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

**သတင်းစာရှင်းလင်း**

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ်တို့သည် အစိုးရအိမ်တော်၌ကျင်းပသည့် နှစ်နိုင်ငံ သတင်းစာရှင်းလင်းပွဲသို့ တက်ရောက်ကြပြီး ဆွေးနွေးပွဲနှင့် စပ်လျဉ်းသည့် ကိစ္စရပ်များအား ရှင်းလင်းပြောကြားကြသည်။

**ရိုးရာလက်မှုပစ္စည်းများ ကြည့်ရှု**

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့သည် ထိုင်းနိုင်ငံဝန်ကြီးချုပ်နှင့် ဇနီးတို့နှင့်အတူ အစိုးရအိမ်တော်ခန်းမ၌ ခင်းကျင်းပြသထားသည့် ထိုင်းရိုးရာ အစားအစာများ၊ အဝတ်အထည်များနှင့် ရိုးရာလက်မှုပစ္စည်းများအား လိုက်လံကြည့်ရှုကြသည်။

**ဂုဏ်ပြုညစာတည်ခင်း**

ညပိုင်းတွင် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့သည် ထိုင်းနိုင်ငံဝန်ကြီးချုပ်နှင့် ဇနီးတို့က တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်သည်။

**သတင်းစဉ်**



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချို၊ ထိုင်းနိုင်ငံဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ပရာယုဒ် ချန်အိုချာ (ငြိမ်း) နှင့် ဇနီးတို့ ထိုင်းရိုးရာလက်မှုပစ္စည်းများအား ကြည့်ရှုစဉ်။ သတင်းစဉ်



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ပရာယုဒ် ချန်အိုချာ (ငြိမ်း) တို့ အစိုးရအိမ်တော် ဧည့်ခန်းမ၌ တွေ့ဆုံစဉ်။ သတင်းစဉ်



*စာမျက်နှာ ၄ မှ*

ဌာနဆိုင်ရာများမှ ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ အမှာစကားပြောကြားသည်။

ထိုသို့ပြောကြားရာတွင် မြန်မာသံရုံးအနေဖြင့် ထိုင်းနိုင်ငံတွင် အလုပ်လုပ်ကိုင်ရန် တရားမဝင်ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား တရားဝင်ဖြစ်စေရေး၊ အလုပ်သမားအခွင့်အရေးနှင့် ရပိုင်ခွင့်များ မှန်မှန်ကန်ကန်ရရှိစေရေးအတွက် အလုပ်သမားအရေးဆောင်ရွက်နေကြသည့် အဖွဲ့အစည်းများနှင့် လက်တွဲဆောင်ရွက်ကြရန် မှာကြားပြီး လက်ဆောင်ပစ္စည်းများကို ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဇနီးနှင့် အဖွဲ့သည် မြန်မာသံအမတ်ကြီး ဦးမျိုးမြင့်သန်း တည်ခင်းဧည့်ခံသည့် နေ့လယ်စာစားပွဲသို့ တက်ရောက်ကြသည်။

**သတင်းစဉ်**

**နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီးတို့အား တာဝန်ရှိသူများက နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြစဉ်။**

သတင်းစဉ်

**နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ထိုင်းနိုင်ငံ အစိုးရအိမ်တော် ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးစဉ်။**
**(သတင်း-ရှေ့ဖုံး)**

သတင်းစဉ်



**နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ထိုင်းနိုင်ငံ ဝန်ကြီးချုပ်တို့ မြန်မာ - ထိုင်း နှစ်နိုင်ငံ ဆွေးနွေးပွဲသို့ တက်ရောက်စဉ်။**
**(သတင်း-ရှေ့ဖုံး)**

သတင်းစဉ်




# ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း တီမောလက်စ်တေနိုင်ငံ သမ္မတဟောင်းနှင့် ဝါရင့်ဝန်ကြီးအား လက်ခံတွေ့ဆုံ



**နေပြည်တော် ဇွန် ၁၄**

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းသည် တီမောလက်စ်တေနိုင်ငံ သမ္မတဟောင်းနှင့် ဝါရင့်ဝန်ကြီး H.E. Mr. Jose Ramos Horta ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက် ၁၁ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ဓါတ်ပုံ)**

ထိုသို့ တွေ့ဆုံစဉ် ဒေသတွင်း အခြေအနေနှင့် မြန်မာနိုင်ငံ၏ အပြုသဘောဆောင်သည့် ဖြစ်ပေါ်တိုးတက်မှု အခြေအနေများကို ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

❖ *ကျောဖုံးမှ*

အနေဖြင့် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်နိုင်ရန် ကြိုးကြပ်ရခြင်းဖြစ်ကြောင်း၊ ပြည်သူ့အတွက် ရည်ရွယ်ချက်ထားရှိပြီး ရွေးကောက်ပွဲများ အောင်မြင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် တက်ရောက်လာသည့် နိုင်ငံရေးပါတီများမှ မဲစာရင်းပြည့်စုံ မှန်ကန်ရေး၊ ကြိုတင်မဲပေးခြင်းတွင် စနစ်တကျဖြစ်စေရေး၊ လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်း တင်သွင်းခြင်းဆိုင်ရာကိစ္စရပ်များ၊ ဆန္ဒမဲများရေတွက်ခြင်းနှင့် ကြေညာခြင်း၊ ရွေးကောက်ပွဲလုပ်ငန်းစဉ်များတွင် ရွေးကောက်ပွဲဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဖြစ်စေရေးတို့ကို တင်ပြဆွေးနွေးခဲ့ပြီး တင်ပြချက်များအပေါ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမြင့်နိုင်က ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## မှတ်သားဖွယ်ရာမိုးရေချိန်

**နေပြည်တော် ဇွန် ၁၄**

မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ကျောက်တော်မြို့တွင် ၈ ဒသမ ၇၀ လက်မ၊ အမ်းမြို့တွင် ၇ ဒသမ ၇၉ လက်မ၊ မြောက်ဦးမြို့တွင် ၇ ဒသမ ၄၄ လက်မ၊ ဥက္ကံမြို့တွင် ၅ ဒသမ ၇၁ လက်မ ၊ မောင်တောမြို့တွင် ၅ ဒသမ ၂၀ လက်မ၊ ရှမ်းရွာသစ်တွင် ၄ ဒသမ ၃၀ လက်မ၊ ရွှေကျင်မြို့တွင် ၄ ဒသမ ၂၅ လက်မတို့ ဖြစ်ကြသည်။ **မိုး/ဇလ**

# နိုင်ငံ၏ပညာရေးကဏ္ဍ အမှန်လိုအပ်ချက်အနေအထားနှင့် ပြုပြင်ဆောင်ရွက်မှုများကို ဆန်းစစ်လေ့လာပြုပြင်ဆောင်ရွက်သင့်ကြောင်း ဆွေးနွေး

**နေပြည်တော် ဇွန် ၁၄**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေးဒသမနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်းက ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုသည်ဟု မှတ်ယူရမည့် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းနှင့် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းတို့နှင့်စပ်လျဉ်း၍ လွှတ်တော်မှ မှတ်တမ်းတင်ကြောင်းကြေညာသည်။

## သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဥပဒေကြမ်း အတည်ပြုပြဋ္ဌာန်းသင့်ကြောင်း ရှင်းလင်းဖတ်ကြား

ထို့နောက် နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့ထားသော သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာကို ဥပဒေကြမ်းကော်မတီဝင် ဦးကျော်ကျော်က နိုင်ငံတော်သမ္မတက သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့လာသည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်း၏ အပိုဒ်၂ အပိုဒ်ခွဲ(ပ)နှင့် အပိုဒ်ခွဲ(ဓ)တို့ကို နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်ကို ပယ်ဖျက်၍လည်းကောင်း၊ အပိုဒ် ၂ အပိုဒ်ခွဲ(ဋ)၊ အပိုဒ် ၃ အပိုဒ်ခွဲ(ဂ)၊ အပိုဒ် ၁၂ အပိုဒ်ခွဲ(ဒ)၊ အခန်း(၉)ခေါင်းစဉ်၊ အပိုဒ် ၁၈၊ အပိုဒ် ၂၀၊ အပိုဒ် ၂၂၊ အပိုဒ် ၂၃နှင့် အပိုဒ် ၂၄ အပိုဒ်ခွဲ(ခ)တို့ကို နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်နှင့်အညီပြင်ဆင်၍ လည်းကောင်း အတည်ပြုပြဋ္ဌာန်းသင့်ပါကြောင်းကို လေ့လာတွေ့ရှိရပါကြောင်း ရှင်းလင်းဖတ်ကြားသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်းက အဆိုပါ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

## အမျိုးသားပညာရေးမူဝါဒကော်မရှင်၏ ခြောက်လတာ (၂၀၁၇ ခုနှစ် အောက်တိုဘာလမှ ၂၀၁၈ ခုနှစ် ဧပြီလအထိ) ကာလအတွင်း လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာ ဆွေးနွေး

ဆက်လက်၍ အမျိုးသားပညာရေးမူဝါဒကော်မရှင်၏ ခြောက်လတာ (၂၀၁၇ ခုနှစ် အောက်တိုဘာလမှ ၂၀၁၈ ခုနှစ် ဧပြီလအထိ) ကာလအတွင်း လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချိုက တက္ကသိုလ်၊ ကောလိပ်၊ အဆင့်မြင့်ပညာသင်ကြားပြီး ဘွဲ့ရများနှင့် အလုပ်အကိုင်အခွင့်အလမ်းများသည် နိုင်ငံ၏ ပညာရေးအပေါ် လူငယ်များယုံကြည်အားထားလာနိုင်မှု၊ အထင်ကြီးလေးစားမှုများနှင့် တိုက်ရိုက်ဆက်စပ်ပတ်သက်နေသည့်အတွက် အသက်မွေးပညာတက္ကသိုလ်များနှင့် အစိုးရဌာန၊ အဖွဲ့အစည်းလုပ်ငန်းများ ကုမ္ပဏီများ၏ နှစ်အလိုက် လိုအပ်လာနိုင်မည့် ပညာရှင်၊ ဝန်ထမ်းလိုအပ်ချက်နှင့် နှစ်အလိုက် မွေးထုတ်ပေးမည့် ဘွဲ့ရပညာတတ်အချိုး မှန်ကန်မျှတရေး၊ ပညာသင်ကြားရင်းလုပ်ငန်းခွင်နှင့် ဆက်စပ်သင်ယူလေ့လာနိုင်ရေး၊ ကိုယ်ပိုင်လုပ်ငန်းဖြစ်စေ၊ လုပ်ခလစားဖြစ်စေ၊ အလုပ်အကိုင်အခွင့်အလမ်းနှင့် သင်ယူမှု၊ သင်ကြားခဲ့ရသည့်ပညာ၊ ဘွဲ့ဒီဂရီတစ်ခုနှင့်တစ်ခု အချိုးညီမျှတရေးအတွက်ကိုလည်း ပညာရေးမူဝါဒအနေဖြင့် ထည့်သွင်းစဉ်းစားသင့်သည်ဟု ယူဆပါကြောင်း။

ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာရေးသည် နိုင်ငံတစ်ခုတည်းအတွင်းတွင်သာ ဆောင်ရွက်မရသကဲ့သို့ ပြောင်းလဲတိုးတက်နေသည့် ခေတ်နှင့်အညီ ရင်ပေါင်တန်းရန် နိုင်ငံတကာ၏ ပညာရေးလုပ်ငန်းဆောင်ရွက်ချက်များကို မျက်ခြည်မပြတ်လေ့လာနိုင်မှု၊ ပူးပေါင်းဆောင်ရွက်မှု၊ အပြန်အလှန်လေ့လာသင်ယူစေမှု၊ အရည်အချင်းနှင့် ထိုက်သင့်သည့် ပညာတော်သင်စေလွှတ်သင်ကြားစေမှုစသည်များကိုလည်း ပိုမိုဆောင်ရွက်လာနိုင်မည်ဆိုလျှင် လူငယ်များ၏ ပညာရေးဆိုင်ရာ အားထုတ်ကြိုးပမ်းမှုများ အပြိုင်အဆိုင် လေ့လာသင်ယူတီထွင်ကြံဆမှုများ တိုးတက်လာမည်ဟု ယူဆမိသည့်အတွက် နိုင်ငံ၏ပညာရေးကဏ္ဍ အမှန်လိုအပ်ချက်အနေအထားနှင့် ပြုပြင်ဆောင်ရွက်မှုများကို ဆန်းစစ်လေ့လာပြုပြင်ဆောင်ရွက်သင့်ပါကြောင်း ဆွေးနွေးသည်။

မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးလှဆန်းက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားပညာရေးမူဝါဒကော်မရှင်၏ အစီရင်ခံစာသည် အားလုံးပြီးပြည့်စုံသည် မဟုတ်သော်လည်း ယနေ့ခေတ်ပညာရေးသည် မြန်မာနိုင်ငံ၏ ပကတိအနေအထားကို ပေါ်လွင်ထင်ဟပ်စေသည်ဟု လက်ခံသူအများအပြား



ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်း

ရှိပါကြောင်း၊ အမျိုးသားပညာရေးမူဝါဒကော်မရှင် အစီရင်ခံစာ စာမျက်နှာ ၈၀ တွင် ဖော်ပြသည့် အခြေခံပညာအထက်တန်းအဆင့် သင်္ချာနှင့် သိပ္ပံဘာသာရပ်များကို အင်္ဂလိပ်ဘာသာစကားဖြင့် သင်ကြားသင်ယူရေးသည် အမှန်တကယ်လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်မှုမရှိကြောင်း၊ ရလဒ်များလည်း မကောင်းမွန်ပါကြောင်း၊ အလွတ်ကျက်အလွတ်ဖြေနည်းလမ်း အသုံးပြုထားသည်ကို ပေါ်လွင်စေသကဲ့သို့ ကျူရှင် ၉၁ ရာခိုင်နှုန်းခန့်ယူနေရကြောင်းကို ညွှန်ပြထားသောကြောင့် လက်ရှိမူဝါဒများကို ပြန်လည်သုံးသပ်ပြီး အခြေခံပညာအထက်တန်းအဆင့်တွင် သင်္ချာနှင့်သိပ္ပံဘာသာရပ်များတွင် ပိုမိုထိရောက်စွာ သင်ကြားနိုင်မည့် ဘာသာစကားတစ်ရပ် ချမှတ်ဆောင်ရွက်ရန် လိုအပ်ကြောင်းကို အကြံပြုထားသောကြောင့် လက်တွေ့သဘောသဘာဝဖြင့် မှန်ကန်နေပါကြောင်း။

အမျိုးသားပညာရေးမူဝါဒကော်မရှင်၏ စာမျက်နှာ ၂၅ ကော်မရှင်၏ သုံးသပ်ချက်တွင် ကျောင်းသား ခြောက်သိန်းဖြေဆိုလျှင် နှစ်သိန်းခန့်သာ ဖြေဆိုအောင်မြင်ကြပြီး လေးသိန်းခန့်သည် ပြင်ပလုပ်ငန်းခွင်များသို့ ရောက်ရှိသွားနိုင်သည်ဟု သုံးသပ်ချက်မှန်ကန်သည်ဟု ယူဆနိုင်ပါကြောင်း၊ အစိုးရစာသင်ကျောင်းများ၊ ပုဂ္ဂလိကစာသင်ကျောင်းများ၊ ဘုန်းတော်ကြီးပညာရေးစာသင်ကျောင်းများမှ ပညာသင်ကြားခြင်းကို အသေးစိတ်လေ့လာပြီး ပြင်ဆင်ဖြည့်စွက်သင့်သည့် ဥပဒေများ၊ ပညာရေးဘတ်ဂျက်များအတွက် လွှတ်တော်ကိုယ်စားလှယ်များမှ မျိုးဆက်သစ်များအတွက် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းကြောင်း ဆွေးနွေးသည်။

## ဆရာ ဆရာမများအနေဖြင့် ရရှိခဲ့သည့်ဘွဲ့နှင့် သင်ကြားနေရသည့် ဘာသာရပ်ကိုက်ညီမှုမရှိခြင်းများကို မည်သို့စီမံဆောင်ရွက်မည်ကို စဉ်းစားသင့်ကြောင်း အကြံပြု

တပ်မတော်သားအမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးမောင်မောင်စိုးက အခြေခံပညာကျောင်းများတွင် အရည်အချင်းပြည့်မီသောဆရာများ လုံလောက်မှုမရှိခြင်း၊ အထူးသဖြင့် မူလတန်းကျောင်းများတွင် ဆရာ မမြဲခြင်း၊ လုပ်ငန်းခွင်အတွင်းတွင် ဆရာအတတ်ပညာကို ကျွမ်းကျင်စွာ သင်ကြားလေ့ကျင့်ပေးထားနိုင်မှုမရှိသည့် ဆရာအရေအတွက် များပြားလွန်းခြင်းတို့ကို တွေ့ရှိရကြောင်း အကြံပြုထားပါကြောင်း၊ မူလတန်းပညာရေးသည် အခြေခံကျပြီး အရေးကြီးသောကြောင့် ဆရာ ဆရာမတို့ကို ကောင်းစွာလေ့ကျင့်ပေးပြီးမှသာ စာပေသင်ကြားရေးဆောင်ရွက်စေသင့်ပါကြောင်း၊ ဆရာ ဆရာမများအနေဖြင့် ရရှိခဲ့သည့်ဘွဲ့နှင့် သင်ကြားနေရသည့် ဘာသာရပ်ကိုက်ညီမှုမရှိခြင်းများကိုလည်း မည်သို့စီမံဆောင်ရွက်မည်ကို စဉ်းစားသင့်ကြောင်းကို အကြံပြုလိုပါကြောင်း၊ လုပ်ငန်းခွင်အတွင်း ဆရာများ စဉ်ဆက်မပြတ် လေ့ကျင့်ပေးခြင်းထက် ဆရာအတတ်သင်ကောလိပ်၊ ပညာရေးကောလိပ်များအား ပိုမိုဖွင့်လှစ်သင်ကြားပေးနိုင်ရန် သက်ဆိုင်ရာဌာနများက ပူးပေါင်းဆောင်ရွက်သွားသင့်ပါကြောင်း၊ KG,Grade 1,2,3,4,5 သင်ကြားသော ဆရာများသည် အရည်အချင်းရှိရန် လိုအပ်ပြီး ဆရာ ဆရာမများ ၏ ရာထူးတိုးမှုအနေဖြင့် မူလတန်းပြမှ အလယ်တန်းပြ၊ အထက်တန်းပြ အဆင့်တိုးခြင်းများကြောင့် ကျွမ်းကျင်မှုမရှိသော ဘာသာရပ်၊ အတန်းပြောင်းလဲသင်ကြားနေရခြင်း အခက်အခဲရှိကြောင်း တွေ့ရှိရသောကြောင့် ကျွမ်းကျင်သော ဘာသာရပ်၊ အတန်းများတွင်သာ သင်ကြားစေပြီး ရာထူး၊ အဆင့်တိုးခြင်း၊ လစာတိုးခြင်းစနစ်စည်းမျဉ်းကို စဉ်းစားဆောင်ရွက်သင့်ကြောင်းကို အကြံပြုလိုပါကြောင်း။

တက္ကသိုလ်များတွင် သုတေသနလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆရာများကို ပညာတော်သင်စေလွှတ်ပေးခဲ့သော်လည်း ပြည့်စုံသော ဓာတ်ခွဲခန်းများ မရှိခြင်း၊ ရာထူးရရှိရေးအတွက် သုတေသနပြုလုပ်နေခြင်းတို့ကို ပြုပြင်ဆောင်ရွက်ရန် လိုအပ်နေကြောင်း ကော်မရှင်မှ အကြံပြုထားပါကြောင်း၊ သုတေသနလုပ်ဆောင်နိုင်စေရန် နိုင်ငံတကာတက္ကသိုလ်များနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း၊ ပတ်ဝန်းကျင်ကောင်းများ ထူထောင်ပေးခြင်း၊ ရန်ပုံငွေလုံလောက်စွာ ထောက်ပံ့ပေးခြင်းနှင့် စွမ်းဆောင်မှုအလိုက် ချီးမြှင့်ပေးနိုင်ရန်တို့ကို သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဆက်လက်ဆောင်ရွက်ပေးရန် တိုက်တွန်းပါကြောင်း၊ အမျိုးသားပညာရေးမူဝါဒကော်မရှင်မှ တင်ပြသည့် အစီရင်ခံစာအပေါ် သက်ဆိုင်ရာဌာနအသီးသီးမှ မြန်မာနိုင်ငံပညာရေး တိုးတက်အောင်မြင်ရေးအတွက် အလေးထားလိုက်ပါလုပ်ဆောင်ကြရန် လိုအပ်ပါကြောင်း ဆွေးနွေးသည်။

အလားတူ ငပုတောမဲဆန္ဒနယ်မှ ဦးသန်းအောင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးကျော်ထွေး၊ မိုးမောက် မဲဆန္ဒနယ်မှ ဦးဝင်းအောင်၊ ချောက်မဲဆန္ဒနယ်မှ ဦးဘိုကြီး၊ ဆိပ်ဖြူမဲဆန္ဒနယ်မှ ဦးအောင်သိုက်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးဇုန်လှယ်ထန်း၊ ပုဏ္ဏားကျွန်းမဲဆန္ဒနယ်မှ ဦးဦးထွန်းမောင်၊ ရခိုင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါ်ထုမေ၊ ရေကြည်မဲဆန္ဒနယ်မှ ဒေါက်တာစံရွှေဝင်း၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၀)မှ နော်လှလှစိုးနှင့် တွံတေးမဲဆန္ဒနယ်မှ ဦးမြင့်လွင်တို့က ဆွေးနွေးကြသည်။

## လွှတ်တော်များ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့၏ ၂၀၁၆-၂၀၁၇ ခုနှစ် လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာ လွှတ်တော်က မဲခွဲဆုံးဖြတ်

ထို့နောက် လွှတ်တော်များ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့၏ ၂၀၁၆-၂၀၁၇ ခုနှစ် လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာနှင့် စပ်လျဉ်း၍ လွှတ်တော်များဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးအောင်ကြည်ညွှန့်က အစီရင်ခံစာအပေါ် ဆွေးနွေးခဲ့ကြသည့် လွှတ်တော်ကိုယ်စားလှယ် သုံးဦး၏ ထောက်ခံအကြံပြုသုံးသပ်၊ ဝေဖန်ထောက်ပြမှုများကို ကြိုဆိုပါကြောင်းနှင့် အပြုသဘောထောက်ပြအကြံပြုချက်များအပေါ်တွင် အဖွဲ့အနေဖြင့် အလေးထားသုံးသပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးဇင်လင်း၏ ဆွေးနွေးချက်နှင့်ပတ်သက်၍ ရှင်းလင်းရန် လိုအပ်လာသည့်အတွက် လေးစားစွာပြန်လည်ရှင်းလင်းသွားမည်ဖြစ်ကြောင်း၊ လွှတ်တော်များဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ (JCC)ကို ဖွဲ့စည်းရာတွင် JCC ဖွဲ့စည်းခြင်းကိစ္စနှင့် JCC ဆောင်ရွက်ခြင်းကိစ္စ နှစ်မျိုးခွဲ၍ ရှင်းလင်းသွားမည်ဖြစ်ကြောင်း။

ယင်းအဖွဲ့ ဖွဲ့စည်းခြင်းအပေါ်တွင် အမြင်မတူ အယူအဆကွဲပြားစေသည့် အခြေခံအကြောင်းများရှိသည့်အတွက် နားလည်မှုလွဲမှားစေနိုင်သောကြောင့် ရှင်းလင်းတင်ပြသွားမည်ဖြစ်ကြောင်း၊ လွှတ်တော်များ၏ ကော်မတီ၊ ကော်မရှင်၊ အဖွဲ့ ဖွဲ့စည်းရာတွင် လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများအရ ဖွဲ့စည်းခြင်းနှင့် စီမံခန့်ခွဲအုပ်ချုပ်မှုအရ ဖွဲ့စည်းခြင်းဟူ၍ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါကြောင်း၊ JCC ဖွဲ့စည်းခြင်းသည် လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေအရ ဖွဲ့စည်းခဲ့သည်မဟုတ်ဘဲ စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ လုပ်ငန်းလိုအပ်ချက်အရ ဖွဲ့စည်းပါကြောင်း။

ဒုတိယနည်းလမ်းအရ ပြည်ထောင်စုလွှတ်တော်နာယကက လက်မှတ်ရေးထိုးပြီး ပြည်ထောင်စုလွှတ်တော်ရုံး၊ အမိန့်ကြော်ငြာစာအရ ဖွဲ့စည်းခြင်းဖြစ်ပါကြောင်း၊ လွှတ်တော်များ၏ အုပ်ချုပ်မှုဆိုင်ရာ ပူးပေါင်းကော်မတီကိုလည်း အမိန့်ကြော်ငြာစာနှင့် ဆောင်ရွက်ထားပါကြောင်း၊ ပထမအကြိမ် လွှတ်တော်သက်တမ်းတွင် ယင်းကျင့်ထုံးနည်းလမ်းအတိုင်း ဆောင်ရွက်ခဲ့ပြီး အစဉ်အလာရှိပါကြောင်း။

တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးဇင်လင်း၏ ဆွေးနွေးချက်တွင် အစီရင်ခံစာပါ အပိုဒ် ၁၅ မှ ၂၂ အထိ ဆောင်ရွက်မှုများကို များစွာကြိုဆိုကြောင်း အသိအမှတ်ပြုသကဲ့သို့ JCC အဖွဲ့၏ ရည်ရွယ်ချက်ဖြစ်သည့် လွှတ်တော်များ ဖွံ့ဖြိုးတိုးတက်ရေးကို ကန့်ကွက်ခြင်း မဟုတ်ပါကြောင်း၊ ရည်ရွယ်ချက်ကို ကြိုဆိုပါကြောင်းနှင့် ဥပဒေပြုသူများသည် လေးစားတန်ဖိုးထားပါကြောင်း၊ အစီရင်ခံစာအပေါ် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေ ၂၁(စ)ပါ ပြဋ္ဌာန်းချက်နှင့်အညီ မှတ်တမ်းတင်ရေးအတွက် လွှတ်တော်အဆုံးအဖြတ် ခံယူမည်ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်းက အဆိုပါ အစီရင်ခံစာနှင့်စပ်လျဉ်း၍ လွှတ်တော်က မဲခွဲဆုံးဖြတ်ရာ ထောက်ခံမဲ ၃၄၇ မဲ၊ ကန့်ကွက်မဲ ၁၈၄ မဲနှင့် ကြားနေမဲ ၇ မဲဖြင့် ထောက်ခံမဲများသဖြင့် ယင်းအစီရင်ခံစာအား လွှတ်တော်မှ မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့ကို ဇွန် ၂၁ တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်းသိရသည်။

**အေးအေးသန့်(သတင်းစဉ်)**

❄ *ကျောဖုံးမှ*

စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် နှစ်ပေခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မော်လိုက်မြို့နယ်၊ မင်းကင်းမြို့နယ်နှင့် မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

## မြန်မာနိုင်ငံ အလယ်ပိုင်းဒေသများတွင် မိုးအားလျော့နည်းမည်

**နေပြည်တော် ဇွန် ၁၄**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ်ရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံ အလယ်ပိုင်းဒေသများတွင် မိုးအားလျော့နည်းမည်။

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းနေသည်။

တနင်္သာရီတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကချင်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာအနှံ့အပြားမိုးရွာပြီး မကွေးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၀ ပေမှ ၁၃ ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# မတူကွဲပြားမှုအပေါ် အခြေခံဆွေးနွေးပြီး အများအကျိုးအတွက် တူညီတဲ့ဆုံးဖြတ်ချက်တွေ ချနိုင်ခြင်းဆိုတာ ဒီမိုကရေစီရဲ့ အရေးအကြီးဆုံး လုပ်ငန်းဖြစ်

❒ *ရှေ့ဖုံးမှ*

လုံခြုံမှုဆိုတာ နှစ်မျိုးရှိတယ်။ ရုပ်ပိုင်းဆိုင်ရာ လုံခြုံမှု၊ စိတ်ပိုင်းဆိုင်ရာ လုံခြုံမှုဖြစ်တယ်။ ရုပ်ပိုင်းဆိုင်ရာ လုံခြုံမှုမှာ အပစ်အခတ်ရပ်စဲရေး တစ်ခုတည်းနဲ့လည်း မပြီးဘူး။ ဖွံ့ဖြိုးတိုးတက်ရေးလည်း လိုတယ်။ ဖွံ့ဖြိုးတိုးတက်ရေးရှိမှ ကိုယ့်ရဲ့ စားဝတ်နေရေး၊ နိစ္စဓူဝရှင်သန်ရေးအတွက် စိတ်မပူရမှာ၊ အဲဒီလုံခြုံရေးရှိဖို့ဆိုတာ ဒါဟာ ပညာရေးနဲ့လည်း အများကြီးဆိုင်တယ်။ တည်ငြိမ်ရေးနဲ့လည်းဆိုင်တယ်။ အမျိုးသားတွေ ပိုပြီးတော့ပညာရေးကဏ္ဍမှာ ပါဝင်ဖို့လိုတယ်လို့ ကျွန်မဒီအတိုင်းပဲ မြင်ပါတယ်။

အခုဆိုရင် မြန်မာနိုင်ငံမှာရှိတဲ့ ပညာသင်ပေးနေတဲ့ ဝန်ထမ်းတွေကို ကြည့်လိုက်မယ်ဆိုရင် ကျောင်းဆရာမတွေက ၉၇ ရာခိုင်နှုန်း၊ ကျောင်းဆရာက ၃ ရာခိုင်နှုန်းဆိုတော့ သိပ်ပြီးတော့ နည်းပါတယ်။ မော်လမြိုင်တက္ကသိုလ်တော့ မသိဘူး။ ရန်ကုန်တက္ကသိုလ်မှာဆိုရင် ကျွန်မတို့ သိရတာကတော့ အကြမ်းဖျင်းအားဖြင့် မိန်းကလေးက ၆၀ ရာခိုင်နှုန်း၊ ယောက်ျားလေးက ၄၀ ရာခိုင်နှုန်းဆိုတော့ တက္ကသိုလ်တက်တဲ့ ယောက်ျားလေးဦးရေကကျပြီးတော့ မိန်းကလေးဦးရေက ပိုပြီးတော့မြင့်လာတယ်။ အောင်နှုန်းကို ကြည့်လိုက်မယ်ဆိုရင်လည်း မိန်းကလေးတွေက ပိုပြီးတော့ ရှေ့ကရောက်နေတယ်ဆိုတာကို မြင်နေရတယ်။




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် မွန်ပြည်နယ် ဒေသခံပြည်သူများ ငြိမ်းချမ်းရေးစကားဝိုင်းကျင်းပစဉ်။

### တက္ကသိုလ်ရောက်နှုန်း မိန်းကလေးများလာ

အဲဒါကို အမျိုးသား၊ ယောက်ျားလေးတွေအနေနဲ့ ဘာကြောင့် ဒီလိုဖြစ်နေရတာလဲဆိုတာ သုံးသပ်ပြီးတော့ ဒါကို ကျွန်မတို့ စောစောစီးစီး ကိုင်တွယ်မှုဖြစ်မယ်။ တခြားနိုင်ငံတွေမှာ၊ ကမ္ဘာတစ်ဝန်းမှာ ဒီပြဿနာရှိတယ်။ မိန်းကလေးတွေဟာ စာသင်တဲ့ဘက်မှာ ပိုပိုပြီးတော့ တော်လာတယ်။ ထူးချွန်လာတယ်။ ဇွဲ၊ ဝီရိယရှိတယ်။ ယောက်ျားလေးတွေက ကျောင်းကိုပြီးအောင်သင်တဲ့နှုန်းတောင် တဖြည်းဖြည်းကျလာပြီးတော့ တက္ကသိုလ်ရောက်တဲ့အခါမှာ မိန်းကလေးတွေက များလာတယ်။ ဒါပေမယ့်လည်း စိတ်ဝင်စားစရာကောင်းတာက ဘွဲ့လွန်တွေမှာကျတော့ ယောက်ျားလေးတွေက ပြန်ပြီးတော့ တက်လာတဲ့သဘောရှိတယ်။ ဒါကျွန်မတို့ တစ်နိုင်ငံတည်းမှ မဟုတ်ပါဘူး။ တခြားနိုင်ငံတွေမှာလည်း ဒါကိုမြင်ရတယ်။

အစကတည်းက မိန်းကလေးနဲ့ ယောက်ျားလေး ပညာသင်




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် မွန်ပြည်နယ် ဒေသခံပြည်သူများ ငြိမ်းချမ်းရေးစကားဝိုင်းအား တိုက်ရိုက်ထုတ်လွှင့်ပြသမှုကို မော်လမြိုင်မြို့ ဒေသခံပြည်သူများ ကြည့်ရှုစဉ်။

တဲ့ အခါမှာ မျှမျှတတရှိအောင် ယောက်ျားလေးတွေ ပညာသင်ချင်တဲ့ စိတ်ဆန္ဒရှိအောင်လို့ ကျောင်းပရဝဏ်အတွင်းထဲမှာ နေပျော်အောင်လို့ ဘယ်လိုလုပ်ရမလဲဆိုတာ စဉ်းစားရမယ်။ ယောက်ျားလေးတွေဟာ အလုပ်မရှိလို့၊ ပညာလည်း ဆက်ပြီး မရှာချင်လို့ စိတ်လေပြီး လက်ဖက်ရည်ဆိုင် ထိုင်နေမယ်ဆိုရင် ကျွန်မတို့ရဲ့ လူမှုရေးတည်ငြိမ်မှုကိုလည်း ထိခိုက်တယ်။ အဲဒီက တစ်ဆင့် ရေရှည်မှာနိုင်ငံရဲ့ငြိမ်းချမ်းသာယာမှုကိုလည်း ထိခိုက်စေတာဖြစ်ပါတယ်" ဟု ပြောကြားသည်။

ထို့နောက် ကိုကျော်ဇင်ဦး (ကျောင်းသား၊ တတိယနှစ်-သင်္ချာ)က လူငယ်နှင့် ငြိမ်းချမ်းရေးနှင့် ပတ်သက်၍ ဆွေးနွေးရာတွင် ငြိမ်းချမ်းရေးဆိုတာ မိမိတို့အတွက် အေးချမ်းပျော်ရွှင်လှသည့် အရာတစ်ခုဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံသာမက အခြားနိုင်ငံမှလူများပါ ငြိမ်းချမ်းရေးကို မလိုလားဘူးဆိုတာ မရှိသလောက်ဖြစ်ပါကြောင်း၊ ယခင် ဘိုး၊ ဘေး၊ ဘီ၊ ဘင် လက်ထက်တုန်းက မွန်ပြည်နယ်သည် မငြိမ်းချမ်းမှုကြောင့် စီးပွားရေး၊ ပညာရေး၊ ပို့ဆောင်ရေး လုပ်ငန်းတွေ အခက်အခဲဖြစ်ပေါ်ခဲ့ရပါကြောင်း၊ ယခုငြိမ်းချမ်းနေပြီ ဖြစ်ပါကြောင်း၊ စစ်ရေးဘက်တွင် ငြိမ်းချမ်းနေပြီး စီးပွားရေး၊ ပညာရေး၊ အလုပ်အကိုင်အခွင့်အလမ်းတွင် မငြိမ်းချမ်းဘူးဆိုပါက မိမိတို့နိုင်ငံ၊ ပြည်နယ်၊ မြို့နယ်၊ ကျေးလက်ဒေသအတွက် ငြိမ်းချမ်းလာမည် မဟုတ်ပါကြောင်း။

### အလုပ်အကိုင်အခွင့်အလမ်း နည်းပါး

မွန်ပြည်နယ် ရေးမြို့နယ်သည် ရော်ဘာလုပ်ငန်း၊ ခြံ၊ လယ်စသည်တို့တွင် မူတည်ပြီး အသက်မွေးဝမ်းကျောင်းပြီး နေထိုင်သည့် ပြည်နယ်ဖြစ်ပါကြောင်း၊ ရော်ဘာလုပ်ငန်းနှင့်ပတ်သက်၍ ဈေးနှုန်းမတည်ငြိမ်မှုများ ဖြစ်နေပါကြောင်း၊ ယင်းအခြေအနေကြောင့် တချို့မိဘများက သူတို့သားသမီးများကို ပညာရေးအတွက် ထောက်ပံ့ပေးရန် ငွေရေးကြေးရေး ပြဿနာဖြစ်သည့်အတွက် သားသမီးများကို ကျောင်းထုတ်ပြီး နိုင်ငံခြားသို့ ခေါ်သွားကြပါကြောင်း၊ အခြားတစ်ဖက်တွင် အချို့ဘွဲ့ရ လူငယ်များအတွက်လည်း အလုပ်အကိုင်အခွင့်အလမ်း နည်းပါးနေသည့်အတွက် နိုင်ငံခြားတွင် အလုပ်သွားလုပ်နေရတာ များပါကြောင်း။

လမ်းပန်းဆက်သွယ်ရေးနှင့် ပတ်သက်၍ တချို့မွန်ပြည်နယ်အောက်ပိုင်းတွင်ရှိသည့် ရွာတွေဆိုရင် လမ်းပန်းဆက်သွယ်ရေး မကောင်းသေးပါကြောင်း၊ လျှပ်စစ်ဓာတ်အားခက်ခဲပြီး ရွာတွင်ရှိသည့် ပုဂ္ဂလိကမှပေးသည့် မီးနှင့် နေနေရပါကြောင်း၊ ပုဂ္ဂလိကပိုင်ဖြစ်သည့်အတွက် မီတာခပေးရတာ များလွန်းပါကြောင်း၊ ဒီတိုးတက်နေသည့်ခေတ်တွင် လျှပ်စစ်ပစ္စည်းသုံးစွဲမှု များလွန်းသည့်အတွက်ကြောင့် မီတာခပေးရတာ များလွန်းနေပါကြောင်း။

မူးယစ်ဆေးဝါးကို လူကြီးများသာမက တချို့လူငယ်များပါ သုံးစွဲနေသည်ကို တွေ့ရှိရပါကြောင်း၊ သုံးစွဲမှုဆိုးရွားလာသည့်အတွက် ရပ်ရွာမငြိမ်းချမ်းမှု၊ မိဘပြည်သူ မငြိမ်းချမ်းမှုများ ဖြစ်လာပါကြောင်း၊ နောက်ဆုံးလူငယ်နှင့် ကျန်းမာရေးအကြောင်းကို တင်ပြလိုပါကြောင်း၊ ယခု မွန်ပြည်နယ်ဆေးရုံတွင် CT-Scan ပျက်နေသည်ဟု ကြားသိရပါကြောင်း၊ CT-Scan ပျက်မှုကြောင့် လူငယ်များ ယာဉ်မတော်တဆမှုဖြစ်လာပါက ဦးနှောက်ပိုင်း စမ်းသပ်ရန်အတွက် ပြဿနာဖြစ်လာပါကြောင်း ဆွေးနွေးသည်။

မဆန်းသီရိ (သူနာပြုဆရာမ)က ငြိမ်းချမ်းရေးနှင့် လူထုကျန်းမာရေးနှင့် ပတ်သက်၍ ဆွေးနွေးရာတွင် မိမိတို့ အဘိုးအဘွား၊ အဖေ၊ အမေတွေ ပြောပြချက်အရ မိမိတို့ဒေသသည် မငြိမ်းချမ်းသည့် ဒေသဖြစ်ခဲ့သည့်အတွက် ပြည်သူများသည် ကြောက်ကြောက်လန့်လန့်နှင့် အမြဲသတိနှင့် နေခဲ့ရသည်ဟု ကြားသိခဲ့ရပါကြောင်း၊ ငြိမ်းချမ်းမှုမရှိသည့်အတွက် ကျန်းမာရေးဝန်ထမ်းများသည်လည်း ကျန်းမာရေးပညာပေး လုပ်ငန်းများ၊ ကျန်းမာရေးပြုစုစောင့်ရှောက်သည့်လုပ်ငန်းများ လာရောက်ပြီး မလုပ်နိုင်ခဲ့ဘူးဆိုတာလည်း ကြားသိခဲ့ရပါကြောင်း၊ ပြည်သူများ နာမကျန်းဖြစ်လာလျှင်လည်း နယ်မြေဒေသ ငြိမ်းချမ်းမှုမရှိသည့်အတွက် ဆေးရုံ၊ ဆေးခန်းများ နားလည်တတ်ကျွမ်းသည့် ဆရာဝန်တွေထံ သွားရောက်မပြသနိုင်ဘဲ ရွာမှာရှိသည့် ဆေးမြီးတိုများနှင့်ကုသပြီး အသက်မဆုံးရှုံးသင့်ဘဲ ဆုံးရှုံးခဲ့သည့်ဖြစ်စဉ်များ များစွာရှိခဲ့သည်ဟုလည်း ကြားသိခဲ့ရပါကြောင်း၊ ထို့ပြင် ကိုယ်ဝန်ဆောင်မိခင်များ မွေးဖွားမည့်မိခင်များသည်လည်း နယ်မြေမငြိမ်းချမ်းသည့်အတွက် ဆေးရုံ၊ ဆေးခန်းများတွင် နားလည်တတ်ကျွမ်းသူများနှင့် သွားရောက်မမွေးဖွားနိုင်ဘဲ ရွာတွင်ရှိသည့် လက်သည်များနှင့်မွေးပြီး တချို့ကလေးများ၊ အမေများ သေဆုံးသွားခဲ့ရသည့် ဖြစ်စဉ်များလည်း များစွာရှိခဲ့သည်ဟု ကြားသိခဲ့ရပါကြောင်း၊ ဒါတွေဟာ မငြိမ်းချမ်းခြင်းရဲ့ ဆိုးကျိုးဟုမြင်ပါကြောင်း။

### ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ပိုမိုလုပ်ဆောင်လာ

ယခုမိမိတို့လက်ထက် ငြိမ်းချမ်းနေပြီဖြစ်သည့်အတွက် ယခင်မငြိမ်းချမ်းခင် ကာလနှင့်ယှဉ်လျှင် စီးပွားရေး၊ လူမှုရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး စသဖြင့် အဘက်ဘက်က တိုးတက်လာတာတွေ့ရပါကြောင်း၊ နယ်မြေဒေသငြိမ်းချမ်းသွားသည့်အတွက် ကျန်းမာရေးဝန်ထမ်းများသည်လည်း ကျန်းမာရေးပညာပေးလုပ်ငန်းများ၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပိုမိုလုပ်ဆောင်လာနိုင်ပါကြောင်း၊ ထို့ကြောင့် ကျန်းမာရေးကဏ္ဍတွင်လည်း ငြိမ်းချမ်းရေးသည် အရေးကြီးသည့် အခန်းကဏ္ဍတွင်ပါဝင်ပါကြောင်း၊ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ လူနာများသည်လည်း ဆေးရုံ၊ ဆေးခန်းကို ပိုပြီး အားကိုးအားထားပြုလာပါကြောင်း၊ ထိုသို့ အားကိုးအားထားပြုလာသည့်အတွက် ဆေးရုံများတွင် လူနာအင်အားနှင့် ဝန်ထမ်းအင်အား မမျှတသည့်အခက်အခဲများ ဖြစ်လာရပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ဆေးရုံများတွင် ဝန်ထမ်းအင်အားကို လုံလုံလောက်လောက် ချထားစေချင်ပါကြောင်း၊ မိမိတို့ ဆေးရုံက ခုတင် ၁၀၀ ဆေးရုံဖြစ်သော်လည်း လူနာ ၁၃၀ မှ ၁၅၀ ကြားတွင် အမြဲရှိပါကြောင်း၊ ဆေးရုံတွင် သထုံဒေသခံပြည်သူများမှ ဆောက်လုပ်လှူဒါန်းထားသည့် သံဃာ့ဆေးရုံကြီးအသစ်ဖွင့်ထားပြီး ကျောက်ကပ်သွေးသန့်စင်သည့်ဌာန အသစ်ထပ်မံ ဖွင့်လှစ်ထားသည့်အတွက် ဆေးရုံတွင် ဝန်ထမ်းအင်အားမလုံလောက်သည့် ပြဿနာများ၊ အခက်အခဲများ အများကြီးကြုံရပါ ကြောင်း၊ ထို့ကြောင့် ဆေးရုံကြီးတွင် ဝန်ထမ်းအင်အားကို တိုးမြှင့်ပြီး ချထားပေးစေလိုပါကြောင်း။

မိမိတို့ရွာတွင် ဘွဲ့ရသူအများကြီးရှိပြီး ကျန်းမာရေးဝန်ထမ်းဖြစ်ချင်သည့်လူများ အများကြီးရှိပါကြောင်း၊ သူနာပြုများခေါ်သည့်အခါတွင် တက္ကသိုလ်ဝင်တန်းအမှတ် အများကြီးနှင့် ခေါ်သည့်အတွက် တချို့စိတ်ဝင်စားသော်လည်း ဝန်ထမ်းဖြစ်ခွင့်မရပါကြောင်း၊ ၎င်းတို့ဝင်ခွင့်ရအောင် အမှတ်တွေ လျှော့ပေါ့ပြီး ခေါ်စေချင်ပါကြောင်း၊ ကျန်းမာရေးဝန်ထမ်းနည်းပါးသည့် ဖြစ်ရပ်များကို အထောက်အကူဖြစ်စေမည်ဟု ထင်ပါကြောင်း။

ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်ရှိ သူငယ်ချင်းများ၊ ဂျူနီယာများ ရာထူးတိုးမြန်ဆန်ပါကြောင်း၊ မွန်ပြည်နယ်မှာတော့ ရာထူးတိုးနှေးကွေးနေပါကြောင်း၊ ဘာကြောင့်လဲဆိုတာ သိချင်ပါကြောင်း၊ ကျန်းမာရေးဝန်ထမ်းများက ကျန်သည့်ဝန်ထမ်းများထက်စာလျှင် ခံစားခွင့်နည်းပြီး အလုပ်ချိန်ကများပါကြောင်း ဆွေးနွေးသည်။

### ငြိမ်းချမ်းရေး၏ အရသာကို မခံစားခဲ့ရ

ခွန်ထူးအောင် (Capital Development-NGO) က မငြိမ်းချမ်းခြင်း၏ သားကောင်များနှင့် ပတ်သက်၍ ဆွေးနွေးရာတွင် မိမိတို့ပအိုဝ်းဒေသမှာ တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့ နှစ်ဖွဲ့၊ သုံးဖွဲ့ရှိပါကြောင်း၊ ရပ်ရွာထဲမှာ ၎င်းတို့ ဝင်ရောက်လာပြီဆိုလျှင် အိပ်ဖို့၊ နေဖို့၊ စားဖို့ ရပ်ရွာမှ စီစဉ်ပေးရပါကြောင်း၊ ရပ်ရွာမှ ပြန်လည်ထွက်ခွာသည့်အခါတွင်လည်း အမျိုးသားများကို ပစ္စည်းထမ်းခိုင်းပါကြောင်း၊ ယင်းကို မိမိတို့ ငယ်စဉ်ကတည်းက ကြုံခဲ့ရပါကြောင်း၊ မိမိတို့ဒေသမှာ ငြိမ်းချမ်းရေး၏ အရသာကို မခံစားခဲ့ရပါကြောင်း။

အမြဲတမ်းမငြိမ်းချမ်းမှုများနှင့် နေထိုင်ခဲ့ရပြီး မငြိမ်းချမ်းသည့်အတွက် ကျန်းမာရေး၊ ပညာရေးကိုလည်း ကောင်းစွာမခံစားခဲ့ရပါကြောင်း၊ စာသင်ကျောင်းဆိုလျှင်လည်း မိမိတို့ငယ်စဉ်က အတန်းက လေးတန်းအထိသာရှိပါကြောင်း၊ ဆက်ပြီးပညာသင်ကြားချင်ပါက ၁၀ မိုင် လောက်ကွာဝေးသည့် နေရာကို သွားတက်ရပါကြောင်း၊ လမ်းပန်းဆက်သွယ်ရေး မကောင်းဘဲ သွားခဲ့ရပါကြောင်း။

ယခုအခါ မော်လမြိုင်မြို့ မြစေတီစာသင်တိုက် ဘုန်းကြီးကျောင်းတွင် ဆရာတော်ကြီးကျေးဇူးကြောင့် မနှစ်ကပင် မိမိဘွဲ့ရခဲ့ပြီးဖြစ်ပါကြောင်း၊ မိမိလိုမျိုး စစ်ဖြစ်တဲ့ဒေသမှ ရောက်လာသည့် ကလေး ၈၀ ကျော်ရှိပါကြောင်း၊ ၎င်းတို့အတွက်လည်း ပညာရေးစောင့်ရှောက်ပေးရပါကြောင်း၊ ထို့ကြောင့် မဖွံ့ဖြိုးသည့်

*စာမျက်နှာ ၉ သို့*

**✻ မိမိတို့နိုင်ငံမှာ အသက်မွေးဝမ်းကျောင်းပညာရေးကို အားပေးဖို့အများကြီးလို**

**✻ အသက်မွေးဝမ်းကျောင်းပညာရေးဆိုတာ ပညာသင်ပြီးတာနဲ့ အလုပ်ရရမည်၊ အလုပ်မရှိဘူးဆိုရင် ဝင်ငွေမရှိတာက တစ်ဖက်၊ စိတ်လေနေလို့ ရပ်ရွာရဲ့ တည်ငြိမ်အေးချမ်းမှုကို ထိခိုက်စေတဲ့ အပြုအမူတွေပေါ်လာတာက တစ်ဖက်၊ အဲဒါကြောင့် အလုပ်အကိုင်ဖန်တီးရေးဟာ အင်မတန်မှ အရေးကြီး**


ကိုကျော်ဇင်ဦး


မဆန်းသီရိ


ခွန်ထူးအောင်


မိဇင်ဝင်းမွန်


စောကျော်မိုး


မိယဉ်နွန်စွမ်း

*စာမျက်နှာ ၈ မှအဆက်*

ဒေသများကို ပိုပြီးဖွံ့ဖြိုးအောင် လုပ်ပေးစေလိုပါကြောင်း။

မိမိမော်လမြိုင်ကို ရောက်လာပြီး ဘွဲ့ရခဲ့ပါကြောင်း၊ စုဖောင်ဒေးရှင်း၏ ပံ့ပိုးမှုဖြင့် Capacity Development Myanmar (CDM) တွင် အလုပ်ဝင်လုပ်ပြီး ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို လုပ်နေပါကြောင်း၊ ထိုသို့လုပ်ပေးနိုင်ခြင်းမှာ မွန်ပြည်နယ်၌ ငြိမ်းချမ်းနေ၍ဖြစ်ပါကြောင်း ဆွေးနွေးသည်။

**ငြိမ်းချမ်းရေးလုပ်ငန်းစဉ် လူငယ်များပါဝင်စေချင်**

မိဇင်ဝင်းမွန် (လူငယ်ရေးရာကော်မတီဝင် + ငြိမ်းဖောင်းဒေးရှင်း) က ငြိမ်းချမ်းရေးတွင် ပြည်သူများ ပူးပေါင်းပါဝင်မှုနှင့် ပတ်သက်၍ ဆွေးနွေးရာတွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ပတ်သက်၍ မိမိတို့လူငယ်များ အထိုက်အလျောက်ပါဝင်တာရှိပါကြောင်း၊ အရေးကြီးသည့်အခန်းကဏ္ဍများတွင် မိမိတို့လူငယ်များ ပါဝင်စေချင်ပါကြောင်း၊ မိမိတို့လူငယ်များ မငြိမ်းချမ်းရသည့်အကြောင်းရင်းများကို သေချာနားလည်ထားမှ မှန်ကန်သည့်ပါဝင်မှုများနှင့် လူငယ်များ ပါဝင်နိုင်မည်ဖြစ်ပါကြောင်း။

လူငယ်များသည် သမိုင်းမှန်ကို လေ့လာသင်ယူရန်လည်းလိုသည်ဟု မိမိအနေဖြင့် မြင်ပါကြောင်း၊ သမိုင်းမှန်ကို သင်ယူလေ့လာနိုင်မှသာလျှင် ဘာကြောင့် မငြိမ်းချမ်းရတာလဲ၊ ယင်းအကျိုးဆက်များကို မိမိတို့သိလာပါကြောင်း၊ သိလာလျှင် လူငယ်များအချင်းချင်းကြား ရင်းနှီးမှုတည်ဆောက်သည့်အခါ၊ အပြန်အလှန်နားလည်မှုများ တည်ဆောက်သည့်အခါ ပိုပြီး လျင်မြန်မည်ဟု မိမိအနေဖြင့် ယုံကြည်ပါကြောင်း။

လူငယ်များကို ငြိမ်းချမ်းရေးနှင့် ပတ်သက်ပြီးတော့ ငြိမ်းချမ်းရေးဖြစ်စဉ်မှာပဲဖြစ်ဖြစ်၊ အခုလက်ရှိ ကျင်းပနေသည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံမှာပဲဖြစ်ဖြစ်၊ တိုင်းရင်းသားလက်နက်ကိုင်များနှင့် ဆွေးနွေးညှိနှိုင်းနေသည့် လုပ်ငန်းစဉ်များမှာပဲဖြစ်ဖြစ် မိမိတို့ လူငယ်များကို ဦးစားပေးစဉ်းစားပေးပြီး လေးလေးနက်နက်နှင့် အမြဲမပြတ်ပါဝင်ခွင့်ရရှိဖို့အတွက်လည်း မိမိအနေဖြင့် ဆန္ဒပြုပြီးတောင်းဆိုတာဖြစ်ပါကြောင်း။

မိမိတို့နိုင်ငံတွင် လူငယ်မူဝါဒထွက်ရှိလာပြီဖြစ်ပါကြောင်း၊ မိမိတို့လူငယ်များအတွက် အမှန်တကယ်အသုံးဝင်သည့် စွမ်းရည်မြင့်သည့် အစီအစဉ်များ ပါဝင်ပါကြောင်း၊ ဒီမူဝါဒကို ထိထိရောက်ရောက် အကောင်အထည်ဖော်စေလိုပါကြောင်း။

မူးယစ်ဆေးဝါးနှင့်ပတ်သက်ပြီး မိမိတို့ပြည်နယ်တွင် မူးယစ်ဆေးဝါးသုံးစွဲသည့်လူငယ် အများအပြားရှိပါကြောင်း၊ "နောင်တစ်ချိန်မှာ တိုင်းပြည်ရဲ့အနာဂတ် ဘာဖြစ်မလဲသိချင်ရင် ယနေ့လူငယ်တွေကို ကြည့်ပါ" ဆိုတဲ့အတိုင်း လက်ရှိအခြေအနေကို ကြည့်မည်ဆိုလျှင် အနာဂတ်အတွက် မိမိအနေဖြင့် စိုးရိမ်မိပါကြောင်း၊ မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားမှုနှင့် ပတ်သက်ပြီး ထိထိရောက်ရောက် အရေးယူပေးရန် လူငယ်များကိုပြန်လည်ထူထောင်သည့်အစီအစဉ်များ လုပ်ပေးစေချင်ပါကြောင်း ဆွေးနွေးသည်။

**ပြည်ထောင်စုကြီးကို အားလုံးအကျိုးအတွက် တည်ဆောက်နေ**

စောကျော်မိုး (စားသောက်ဆိုင်လုပ်ငန်း) က ငြိမ်းချမ်းရေးဖြစ်စဉ်နှင့် ဒေသခံတိုင်းရင်းသားတို့၏ ပါဝင်တည်ဆောက်မှုနှင့် ပတ်သက်၍ဆွေးနွေးရာတွင် လက်ရှိ ငြိမ်းချမ်းရေးတည်ဆောက်နေမှုသည် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီး ပေါ်ထွန်းလာရေး၊ တည်ဆောက်ရေးနှင့် ရည်ရွယ်ချက်မှာ ဒီမိုကရေစီရှင်သန်ကြီးပြင်းသည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး တန်းတူညီမျှရှိသည့်၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိသည့် ပြည်ထောင်စုကြီးကို အားလုံးပိုင်ဆိုင်နိုင်ရေး၊ အားလုံး၏ အကျိုးအတွက် ရည်ရွယ်ပြီး တည်ဆောက်နေသည်ဟု မိမိမြင်ပါကြောင်း။

မိမိတို့ သထုံမြို့နယ်သည် မွန်ပြည်နယ် ၁၀ မြို့နယ်အနက် ကရင်တိုင်းရင်းသား အများဆုံး မှီတင်းနေထိုင်သည့်ဒေသဖြစ်ပြီး ထိုထဲမှအများစုသည်လည်း စစ်ပွဲနှင့်ထိစပ်သည့် ဒေသများတွင် နေထိုင်ခဲ့ကြရပါကြောင်း၊ လောလောဆယ် ငြိမ်းချမ်းရေးတည်ဆောက်နေမှုဖြစ်စဉ်တွင် သူတို့ သိရှိနားလည်သဘောပေါက်ပြီး ပါဝင်ဆောင်ရွက်နေသည့်နှုန်းသည် မတွေ့ရသလောက်ဖြစ်ပါကြောင်း၊ ဒါက ရေရှည်ငြိမ်းချမ်းရေး တည်တံ့ရန်အတွက် အဓိက အခက်အခဲတစ်ခုဖြစ်နေပါကြောင်း၊ အကြောင်းရင်းရှာသည့်အခါ အပစ်အခတ်ကာလများ အချိန်ကြာမြင့်စွာရှိခဲ့ပါကြောင်း၊ အခု အပစ်ရပ်ပြီး သုံးနှစ်တာကာလထဲ ရောက်လာကာ ငြိမ်းချမ်းရေး၏ အသီးအပွင့်များကို သူတို့ခံစားရ၍ ငြိမ်းချမ်းရေးကို သူတို့အနေဖြင့် ကြီးမားသည့် မက်လုံးတစ်ခုသဖွယ် မြတ်နိုးတန်ဖိုးထားနေမည်ဆိုလျှင် သူတို့ကိုယ်တိုင် ပါဝင်တည်ဆောက်ထုဆစ်လာရန် ဆွဲအားဖြစ်နိုင်မည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံ မြို့ပေါင်း ၃၃၀ ရှိသည့်ထဲတွင် တစ်မြို့ချင်းစီ၌ ငြိမ်းချမ်းရေးနှင့် ပတ်သက်သည့် အသိပညာပေးရေးနှင့် ပတ်သက်ပြီး ကြားကာလမှာ တိုင်းရင်းသားဒေသများအတွက် ဖွံ့ဖြိုးရေး၊ နွေ၊ မိုး၊ ဆောင်း သွားလာ၍ရသည့် လမ်းများ၊ သူတို့ဘဝလုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးအတွက် အစီအမံများ ရှိသည်ကို သိရှိနားလည်သဘောပေါက်ရန် အစီအစဉ်များကို မြို့အလိုက် ဆောင်ရွက်စေလျှင် မိမိတို့အနေဖြင့် အမှန်တကယ်ပါဝင်ပြီး တစ်မြို့ချင်းစီကို စံပြလုပ်သွားစေလိုပါကြောင်း၊ မြို့ပေါင်း ၃၃၀ တွင် ကော်မတီများဖွဲ့၍ အချင်းချင်းပြန်ပြီး ကွန်ရက်များဖွဲ့၍ လုပ်သွားနိုင်မည်ဆိုလျှင် ရေရှည်စိတ်ပိုင်းဆိုင်ရာ ငြိမ်းချမ်းမည်၊ ငြိမ်းချမ်းရေးတည်ဆောက်မှုအပေါ် ယုံကြည်မှုများခိုင်မာပြီး ငြိမ်းချမ်းရေးကိုအမြန်ဆုံးတည်ဆောက်နိုင်မည်ဟု ယူဆပါကြောင်း ဆွေးနွေးသည်။

**မွန်ပြည်နယ် အဓိကထွက်ကုန် ရော်ဘာ**

မိယဉ်နွန်စွမ်း (ကျောင်းသူ၊ ဒုတိယနှစ် - ဥပဒေ) က ငြိမ်းချမ်းရေးနှင့် ဒေသအခြေအနေနှင့်ပတ်သက်၍ ဆွေးနွေးရာတွင် မွန်ပြည်နယ်၏ အဓိကထွက်ကုန်ဖြစ်သည့် ရော်ဘာကိစ္စဖြစ်ပါကြောင်း၊ အစိုးရအနေဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံသည့် ကုမ္ပဏီများကို စိစစ်ရွေးချယ်ရာတွင် ရော်ဘာအတွက် ကုန်ချောထုတ်ပေးနိုင်သည့်ကုမ္ပဏီကို ခြံအလုပ်သမားများအတွက် စဉ်းစားပေးစေလိုပါကြောင်း၊ ဒီကိစ္စက တိုင်းပြည်ဝင်ငွေအတွက် တစ်ဖက်တစ်လမ်းက အထောက်အကူပြုနိုင်မည်ဟု ယုံကြည်ပါကြောင်း။

တိုင်းရင်းသားကလေးများ၏ ပညာရေးကိစ္စမှာ ဘာသာစကားနားမလည်သည့် ကိစ္စဖြစ်ပါကြောင်း၊ ယင်းအတွက် မိခင်ဘာသာစကားနှင့် သင်ကြားပေးရန်အစီအစဉ် ရှိ၊ မရှိ သိလိုပါကြောင်း၊ မွန်တိုင်းရင်းသားကလေးငယ်များ ပညာသင်ကြားရန်အတွက် မွန်ပြည်သစ်ပါတီက တည်ထောင်ထားသည့် မွန်အမျိုးသားကျောင်းများရှိပါကြောင်း၊ အစိုးရအနေဖြင့် ယင်းကျောင်းများကို ထောက်ပံ့မှုများ ပြုလုပ်ပြီး မွန်ပြည်နယ်ရှိ အခြားမြို့နယ်များပါ ဖွင့်လှစ်နိုင်အောင်စီစဉ်ပေးစေလိုပါကြောင်း။

နောက်တစ်ချက်မှာ စာပေနှင့် ယဉ်ကျေးမှုထိန်းသိမ်းခြင်းဖြစ်ပါကြောင်း၊ ဒေသတစ်ခုသည် မငြိမ်းချမ်းလျှင် သူတို့၏ စာပေ၊ ယဉ်ကျေးမှုသည်လည်း မြင့်မားအဓွန့်ရှည်လာမှာ မဟုတ်ပါကြောင်း၊ တိုင်းရင်းသားလူမျိုးများ၏ ဒေသတွင် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများလုပ်သည့်အခါ ဒေသခံပြည်သူများ နားလည်လက်ခံနိုင်အောင် ပွင့်လင်းမြင်သာမှုရှိစေပြီး ဒေသခံများအတွက် လုပ်ငန်း၏ အကျိုး၊ အပြစ်များကို ပြောပြစေလိုပါကြောင်း ဆွေးနွေးသည်။

**တရားဥပဒေစိုးမိုးမှု ဒီမိုကရေစီ ဒေါက်တိုင်**

ကိုထွန်းထွန်းလင်း (ကျောင်းဆရာ၊ ကိုယ်ပိုင်ကျောင်း)က ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီစနစ်နှင့် ပတ်သက်၍ ဆွေးနွေးရာတွင် ငြိမ်းချမ်းရေးတည်ဆောက်မှုဖြစ်စဉ်ဆိုတာ ဒီမိုကရေစီ


ကို ထွန်း ထွန်း လင်း

ရေးအတွက် အခြေခံအကျဆုံး လိုအပ်ချက်ဟု ယုံကြည်ပါကြောင်း၊ မငြိမ်းချမ်းလျှင် တရားဥပဒေစိုးမိုးမှုသည် ဘယ်နည်းနှင့်မှ မဖြစ်နိုင်ပါကြောင်း၊ တရားဥပဒေစိုးမိုးမှုမရှိဘဲ ဒီမိုကရေစီရေးသည် ဘယ်နည်းနှင့်မျှ အားကောင်းနိုင်မည် မဟုတ်ပါကြောင်း၊ တရားဥပဒေစိုးမိုးမှုဆိုတာ ဒီမိုကရေစီအတွက် အခြေခံအကျဆုံး ဒေါက်တိုင်ဟု ယုံကြည်ပါကြောင်း၊ ငြိမ်းချမ်းရေး တည်ဆောက်ကြသည့်အခါ ဒီမိုကရေစီအရေးက အရေးကြီးသလို အပြန်အလှန်အားဖြင့်လည်း ဒီမိုကရေစီမခိုင်မာဘဲ ငြိမ်းချမ်းရေးကို တိုင်းရင်းသားများဘက်ကလက်ခံရန် အနည်းအကျဉ်း အခက်အခဲရှိမည်ဟု ယူဆပါကြောင်း။

ငြိမ်းချမ်းရေးဖြစ်စဉ်နှင့် ပတ်သက်ပြီး လက်ရှိအစိုးရသွားနေသည့် NCA လမ်းကြောင်းအတိုင်း တိုင်းရင်းသားများအားလုံး ရဲရဲဝံ့ဝံ့ လျှောက်လှမ်းနိုင်ကြရန်လည်း ဆန္ဒပြုပါကြောင်း၊ အပစ်ရပ် ကြားကာလတွင် ငြိမ်းချမ်းရေးနှင့်ပတ်သက်သည့် တိုင်းရင်းသား ဒေသများတွင် ပညာရေး၊ စီးပွားရေး၊ အလုပ်အကိုင် အခွင့်အလမ်းတိုးတက်လာရန်အတွက်လည်း အဓိက မျှော်လင့်ပြီး ပြောရခြင်းဖြစ်ပါကြောင်း၊ မွန်ပြည်နယ်မှာ လူဦးရေ ၂ သန်းကျော်ရှိပြီး အရွယ်ကောင်း လုပ်နိုင်ကိုင်နိုင်သည့် လူ ၄ သိန်းကျော်သည် စားဝတ်နေရေးအတွက် ပြည်ပကို ထွက်ခွာပြီး အလုပ်လုပ်ကိုင်နေရသည့် အခြေအနေရှိပါကြောင်း။

ဒီမိုကရေစီအရေးတွင် ပြည်သူများ အားလုံးပါဝင်မှသာ နောက်ဆုံးပန်းတိုင်ဖြစ်သည့် ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုကို တည်ဆောက်နိုင်မည်ဟု ယုံကြည်ပါကြောင်း၊ ဒေသဖွံ့ဖြိုးရေးအတွက် မော်လမြိုင်တက္ကသိုလ်ကို အဆင့်မြှင့်တင်ပေးရန် တောင်းဆိုပါကြောင်း၊ တက္ကသိုလ်များ အားကောင်းလာမှသာ လူနေမှုအဆင့်အတန်းများမြင့်လာပြီး စဉ်းစားတွေးခေါ်ပုံများ တိုးတက်လာမည်ဟု ယူဆပါကြောင်း၊ ခရီးသွားလုပ်ငန်းကို ဖွံ့ဖြိုးစေချင်ပါကြောင်း၊ တစ်နယ်နှင့်တစ်နယ် ကူးလူးဆက်ဆံမှုယခုထက်ပိုအားကောင်းပြီး ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးလာပါက တစ်ယောက်နှင့် တစ်ယောက်၏ ယဉ်ကျေးမှုဓလေ့စရိုက် ယုံကြည်မှုများကို လေးစားလာပြီး တစ်ဦးပေါ်တစ်ဦး ယုံကြည်မှုများ တက်လာမည်ဟု ယူဆပါကြောင်း ဆွေးနွေးသည်။

**အမျိုးသမီးများ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ထဲထဲဝင်ဝင်ပါချင်**

မိငွေလေး(မွန်စေတနာဖွံ့ဖြိုးရေးဖောင်ဒေးရှင်း၊ အထည်


မိ ငွေ လေး

ဆိုင်လုပ်ငန်း) က ငြိမ်းချမ်းရေးနှင့် ပြည်သူပါဝင်မှု အခန်းကဏ္ဍကို ဆွေးနွေးရာတွင် တိုင်းရင်းသားများ အဓိကထားသည့် တံဆိပ်၊ သင်္ကေတများကိုလည်း ဝိုင်းဝန်းပြီး ထိန်းသိမ်းစောင့်ရှောက်စေချင်ပါကြောင်း။

အမျိုးသမီးများအနေဖြင့် ငြိမ်းချမ်းရေးတည်ဆောက်မှု လုပ်ငန်းစဉ်တွင် ထဲထဲဝင်ဝင်ပါချင်သည့် ဆန္ဒရှိပါကြောင်း၊ ဆုံးဖြတ်ချက်ချသည့်နေရာနှင့် ဦးဆောင်မှုအခန်းကဏ္ဍတွင်လည်း အမျိုးသမီးများပါဝင်မှုကိုလည်း နေရာတစ်နေရာထားပေးနိုင်မည်ဆိုလျှင် ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးကို သွားနိုင်မည်ဖြစ်ပါကြောင်း၊ ငြိမ်းချမ်းရေးနှင့် ဆိုင်သည့် ကိစ္စရပ်များ အများကြီးလုပ်ရှားနိုင်ရန်အတွက် သီးသန့်ရန်ပုံငွေထားပေးရန် တောင်းဆိုချင်ပါကြောင်း ဆွေးနွေးသည်။

**အရည်အချင်းတွေကို တိုးပွားအောင်**

ဆွေးနွေးမှုများနှင့်ပတ်သက်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ပြန်လည်ရှင်းလင်းဆွေးနွေးရာတွင် ငြိမ်းချမ်းရေးကို လူတိုင်းလိုချင်တယ်ဆိုရင် ဘာဖြစ်လို့ ကမ္ဘာကြီးမှာ ဒီလောက်ပဋိပက္ခတွေ များနေလဲဆိုတာ ပြန်ပြီးစဉ်းစားရမည် ဖြစ်ပါကြောင်း၊ ငြိမ်းချမ်းတဲ့နည်းနဲ့ ကိုယ်လိုချင်တဲ့အရာတွေကို ရအောင်လုပ်ဖို့အတွက်၊ ကိုယ့်ဆန္ဒတွေကို ဖြည့်ဆည်းဖို့အတွက် အရည်အချင်းတွေကို တိုးပွားအောင်လုပ်ရမည်ဖြစ်ပါကြောင်း၊ လူတိုင်းလူတိုင်းလည်း လုပ်ရမည်၊ အစိုးရကလည်း ကူညီရမည်ဖြစ်ပါကြောင်း၊ အစိုးရဆိုသည်မှာ နိုင်ငံသူနိုင်ငံသားတွေရဲ့အကျိုးကို ထမ်းဆောင်ဖို့၊ လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးဖို့ဖြစ်ပါကြောင်း၊ သို့သော် နိုင်ငံတစ်နိုင်မှာ အဓိကက ပြည်သူလူထုပင် ဖြစ်ပါကြောင်း၊ အစိုးရ ဘယ်လောက်ကောင်းကောင်း၊ ပြည်သူလူထုမပါရင် မရပါကြောင်း၊ ပြည်သူလူထုက အဓိကဖြစ်ပါကြောင်း၊ ပြည်သူလူထု၏ စိတ်ဓာတ်၊ ဉာဏ်စွမ်းအား၊ အရည်အချင်းအားလုံး မြှင့်တင်ဖို့လိုပါကြောင်း။

မိမိတို့ နိုင်ငံမှာ အသက်မွေးဝမ်းကျောင်းပညာရေးကို အားပေးဖို့ အများကြီးလိုပါကြောင်း၊ အသက်မွေးဝမ်းကျောင်းပညာရေးဆိုတာ ပညာသင်ပြီးတာနဲ့ အလုပ်ရရမည်၊ အလုပ်မရှိဘူးဆိုရင် ဝင်ငွေမရှိတာက တစ်ဖက်၊ စိတ်လေနေလို့ ရပ်ရွာရဲ့ တည်ငြိမ်အေးချမ်းမှုကို ထိခိုက်စေတဲ့ အပြုအမူတွေပေါ်လာတာက တစ်ဖက်၊ အဲဒါကြောင့် အလုပ်အကိုင်ဖန်တီးရေးဟာ အင်မတန်မှ အရေးကြီးပါကြောင်း။

**❑ ငြိမ်းချမ်းတဲ့နည်းနဲ့ ကိုယ်လိုချင်တဲ့အရာတွေကို ရအောင်လုပ်ဖို့အတွက်၊ ကိုယ့်ဆန္ဒတွေကို ဖြည့်ဆည်းဖို့အတွက် အရည်အချင်းတွေကို တိုးပွားအောင် လုပ်ရမည်**

**❑ အစိုးရဆိုသည်မှာ နိုင်ငံသူ နိုင်ငံသားတွေရဲ့အကျိုးကို ထမ်းဆောင်ဖို့၊ လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးဖို့ဖြစ်**

*စာမျက်နှာ ၁၁ သို့*

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကုလအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ်အား တွေ့ဆုံ

**နေပြည်တော် ဇွန် ၁၄**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့ နံနက်ပိုင်းတွင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် Ms. Christine Schraner Burgener အား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ကုလသမဂ္ဂ၏ ငယ်ရွယ်သူ ကလေးစစ်သားများ အသုံးပြုသည့် နိုင်ငံစာရင်းမှ ပယ်ဖျက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် ရခိုင်ပြည်နယ်အရေးနှင့်ပတ်သက်၍ အချက်အလက်ရှာဖွေရေးအဖွဲ့နှင့် စားပွဲဝိုင်းဆွေးနွေးရေးဆိုင်ရာကိစ္စရပ်များ၊ အနာဂတ်ကာလတွင်ကုလသမဂ္ဂနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်မှုဆိုင်ရာ ကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာအပြန်အလှန်ဆွေးနွေးကြသည်။

**သတင်းစဉ်**



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် Ms. Christine Schraner Burgener အား လက်ခံတွေ့ဆုံစဉ်။** သတင်းစဉ်



# ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ လွှတ်တော်များဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ (JCC) ဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန် Hanns Seidel Foundation (HSF) ၏ ဌာနေကိုယ်စားလှယ်အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇွန် ၁၄**

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ လွှတ်တော်များ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့(JCC) ဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်သည် Hanns Seidel Foundation (HSF) ၏ ဌာနေကိုယ်စားလှယ် Mr. Achim Munz နှင့် အဖွဲ့အား ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော် အဆောက်အအုံ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌရုံးခန်း၌ လက်ခံတွေ့ဆုံသည်။ **(ဓါတ်ပုံ)**

ထိုသို့တွေ့ဆုံစဉ် Hanns Seidel Foundation အနေဖြင့် ဆောင်ရွက်ပြီးစီးခဲ့သည့် လွှတ်တော်ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းစဉ်များ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် လွှတ်တော်ဝန်ထမ်းများ စွမ်းဆောင်ရည်မြှင့်မားရေးအတွက် အကူအညီပေးရေးဆိုင်ရာကိစ္စရပ်များ၊ ဂျာမနီလွှတ်တော်နှင့် မြန်မာလွှတ်တော်များအကြား ပူးပေါင်းဆောင်ရွက်ရေးနှင့် ဖက်ဒရယ်စနစ် အတွေ့အကြုံဖလှယ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် နေပြည်တော်၊ ပျဉ်းမနားမြို့နယ် လူထုအခြေပြုဗဟိုဌာန၊ ဒက္ခိဏခရိုင်ရုံးနှင့် သင်တန်းကျောင်းတို့ကို ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၁၄

**ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် ယနေ့ နံနက်ပိုင်းတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၏ နေပြည်တော်၊ ပျဉ်းမနားမြို့နယ် လူထုအခြေပြုဗဟိုဌာန၊ ဒက္ခိဏခရိုင်ရုံးနှင့် သင်တန်းကျောင်းတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။** (အောက်ပုံ)



ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ပျဉ်းနားမြို့နယ်၊ လူထုအခြေပြုဗဟိုဌာန (Community Centre) သို့ ရောက်ရှိပြီး ကလေးစာဖတ်ခန်းတွင် ဆေးရောင်ခြယ်ပြိုင်ပွဲဝင်နေကြသော ကလေးငယ်များအား ကြည့်ရှုအားပေးကာ ကစားစရာ အရုပ်များ ပေးအပ်သည်။

ထို့နောက် ပျဉ်းမနားမြို့နယ် စာဖတ်အသင်း (Book Club) နှင့် ရင်းရင်းနှီးနှီးတွေ့ဆုံပြီး စာဖတ်ဝိုင်းတွင် လူငယ်မျိုးဆက်သစ်များ ပါဝင်လာစေရေး မှာကြားသည်။

ဆက်လက်၍ ပျဉ်းမနားမြို့နယ် အမျိုးသမီးအသင်း(Woman's Club)၊ လူငယ်အသင်း (Youth Club) တို့နှင့် ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ပြီး ၎င်းတို့၏ လုပ်ငန်းဆောင်ရွက်နေမှုများအပေါ် အကြံပြုဆွေးနွေးသည်။

ယင်းနောက် လူထုအခြေပြုဗဟိုဌာနတွင် အခမဲ့ဖွင့်လှစ် သင်ကြားပေးလျက်ရှိသည့် ကွန်ပျူတာသင်တန်းနှင့် နိုင်ငံခြားဘာသာသင်တန်းများအပြင် အားကစားလှုပ်ရှားမှုများကို ကြည့်ရှုအားပေးသည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း၏ ရွေ့လျားစာကြည့်တိုက် မော်တော်ယာဉ်များကို ကြည့်ရှုပြီး လုပ်ငန်းများ ပိုမိုထိရောက်မှုရှိစေရေး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ပြည်ထောင်စုဝန်ကြီးသည် နေပြည်တော်၊ ဒက္ခိဏခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသို့ ရောက်ရှိပြီး ကလေးစာဖတ်ခန်းတွင် ဆေးရောင်ခြယ်ပြိုင်ပွဲဝင်နေကြသော ကလေးငယ်များအား ကြည့်ရှုအားပေးကာ ကစားစရာ အရုပ်များ ပေးအပ်သည်။ ဆက်လက်၍ စာကြည့်တိုက်နှင့် ပြတိုက်ငယ်တို့ကို ကြည့်ရှုပြီး လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ၎င်းနေရာရှိ သင်တန်းကျောင်းတွင် ဖွင့်လှစ်သင်ကြားလျက်ရှိသော "သတင်းရေးသားထုတ်ပြန်ခြင်းသင်တန်း" ၌ တက်ရောက်လျက်ရှိသည့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၊ ပြည်နယ်နှင့် တိုင်းဒေသကြီးရုံးများမှ လက်ထောက်ညွှန်ကြားရေးမှူးများအား တွေ့ဆုံပြီး ကျင့်ဝတ်နှင့်အညီ သတင်းများ ရေးသားပြီး လျင်မြန်စွာပေးပို့ရေး၊ သတင်းမှန်များ မြန်ဆန်စွာထုတ်ပြန်ပေးမှုဖြင့် ပြည်သူတို့၏ သတင်းသိရှိပိုင်ခွင့်အပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးရေး တို့ကို မှာကြားခဲ့သည်။ **သတင်းစဉ်**



**ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် Ms. Christine Schraner Burgener အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။** သတင်းစဉ်

# ရခိုင်ပြည်နယ်အရေးနှင့် ပတ်သက်၍ ကုလသမဂ္ဂနှင့် မြန်မာနိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် ဇွန် ၁၄**

ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်းသည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် Ms.Christine Schraner Burgener အား ယနေ့ မွန်းလွဲ ၁ နာရီတွင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး ဧည့်ခန်းမ၌ တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ရခိုင်ပြည်နယ်အရေးနှင့် ပတ်သက်၍ ကုလသမဂ္ဂနှင့် မြန်မာနိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နည်းပညာတက္ကသိုလ်(သန်လျင်)မှ ကျောင်းသား ကျောင်းသူများအား စကောလားရှစ်ဆု ချီးမြှင့်

**ရန်ကုန် ဇွန် ၁၄**

ရန်ကုန်တိုင်းဒေသကြီး နည်းပညာတက္ကသိုလ်(သန်လျင်)မှ ကျောင်းသား ကျောင်းသူများအား JFE MERANTI က ပေးအပ်ချီးမြှင့်သည့် Scholarship and Internship Awarding Ceremony အခမ်းအနားကို ယနေ့ နံနက်က အဆိုပါ တက္ကသိုလ် စုဝေးခန်းမ၌ ကျင်းပသည်။

နည်းပညာတက္ကသိုလ်(သန်လျင်)နှင့် JFE MERANTI တို့သည် ယခုနှစ် ဖေဖော်ဝါရီ ၈ ရက်က လက်မှတ်ရေးထိုးခဲ့သည့် ပညာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု သဘောတူညီမှုအရ ကနဦးပူးပေါင်းဆောင်ရွက်မှုအဖြစ် နည်းပညာတက္ကသိုလ်(သန်လျင်)မှ စကောလားရှစ်ရရှိသော ကျောင်းသား ကျောင်းသူ နှစ်ဦးနှင့် Internship ရရှိသော ကျောင်းသား ကျောင်းသူ ခြောက်ဦးတို့အား ချီးမြှင့်ခဲ့ခြင်းဖြစ်သည်။

အခမ်းအနားသို့ နည်းပညာတက္ကသိုလ်(သန်လျင်)မှ ပါမောက္ခချုပ် ဒေါက်တာသိဂီနှင့် ပါမောက္ခဌာနမှူးများ၊ ဆရာ ဆရာမများ၊ JFE MERANTI မှ အမှုဆောင်အရာရှိချုပ်နှင့် မန်နေဂျင်းဒါရိုက်တာ Dr. Sebastian Langendorf နှင့် အကြီးတန်းအရာရှိများ၊ ဆုရရှိသူများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး ရှင်းလင်းဖြေကြားစဉ်။



ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံ ရှင်းလင်းဖြေကြားစဉ်။







ဒေသခံများ၏ မေးမြန်းမှုကို ပြည်နယ်ဝန်ကြီးများ ရှင်းလင်းဖြေကြားစဉ်။

*စာမျက်နှာ ၉ မှ*

တက္ကသိုလ်ပညာရေးကို မိမိတို့ အလေးမထားခြင်း မဟုတ်ပါကြောင်း၊ သို့သော်လည်း အသက်မွေးဝမ်းကျောင်းပညာရေးဟာ တက္ကသိုလ်ပညာရေးနဲ့ တန်းတူတန်ဖိုးရှိတယ်ဆိုတာ မိမိတို့ ပြည်သူပြည်သားတွေ နားလည်ဖို့လိုပါကြောင်း၊ ကမ္ဘာပေါ်မှာ အတိုးတက်ဆုံး နိုင်ငံတွေထဲမှာ ပါတဲ့ ဆွစ်ဇာလန်၊ ဆွီဒင်၊ ဂျာမန်တို့တွင် အသက်မွေးဝမ်းကျောင်းပညာရေးစနစ်က အင်မတန်မှ တိုးတက်ပါကြောင်း၊ တက္ကသိုလ်ပညာရေးနဲ့ တန်းတူညီတူအဆင့်ရှိပါကြောင်း၊ အဲဒီအခြေအနေဖြစ်အောင် မိမိတို့စပြီးကြိုးစားနေပြီ ဖြစ်ပါကြောင်း။

**လျှပ်စစ်ဓာတ်အားရရှိရေး အတတ်နိုင်ဆုံးလုပ်နေ**

မွန်ပြည်နယ်တွင် ရော်ဘာပြဿနာတစ်ခုတည်းတင်မဟုတ်ပါကြောင်း၊ ရော်ဘာအရည်အချင်းမမီတာလည်းပါကြောင်း၊ နိုင်ငံတကာရဲ့ ရော်ဘာနဲ့စာရင် အရည်အချင်းက မြင့်သင့်သလောက်မမြင့်တဲ့ ပြဿနာလည်းပါကြောင်း၊ အချောကုန်အဖြစ် မလုပ်နိုင်တဲ့ အခြေအနေလည်းပါပါကြောင်း၊ အဲဒါကြောင့် တီထွင်ဉာဏ်က အရေးကြီးပါကြောင်း၊ ရော်ဘာအရည်အချင်း မြှင့်တင်ဖို့ဆိုတာ အဓိကအားဖြင့် အစိုးရရဲ့ တာဝန်ဖြစ်ကြောင်း၊ အစိုးရရဲ့ တာဝန်ဖြစ်တယ်ဆိုတာဟာ သင်ကြားရေးတွေ၊ အရည်အချင်းမြှင့်တင်ရေးသင်တန်းတွေ၊ နောက်ပြီး ဈေးကွက်လည်း ရှာပေးရမှာ ဖြစ်ပါကြောင်း၊ သို့သော် ဈေးကွက်စီးပွားရေးစနစ်ကို သွားရာမှာ ဒီဟာတွေအားလုံးအတွက် အစိုးရကိုအားကိုးနေလို့ မဖြစ်ပါကြောင်း၊ လျှပ်စစ်ဓာတ်အားရရှိရေးကို မိမိတို့ အတတ်နိုင်ဆုံးလုပ်နေပါကြောင်း၊ မူးယစ်ဆေးဝါးဟာ ဒီနိုင်ငံမှာ အင်မတန်မှကြီးမားတဲ့ အန္တရာယ်ကြီး ဖြစ်လာပါကြောင်း။

ပြည်သူတွေကနေပြီးတော့ ဆေးရုံဆေးခန်းကို အားကိုးလာတယ်၊ လူနာတွေ ပိုများလာတယ်ဆိုတာ တစ်ဖက်ကနေကြည့်ရင် ဝမ်းသာစရာဖြစ်ပါကြောင်း၊ အရေးအကြီးဆုံးကဏ္ဍသည် ပြည်သူ့ကျန်းမာရေးကဏ္ဍဖြစ်ပါကြောင်း၊ ပြည်သူတွေဟာ ကျန်းမာရေးအသိရှိရင်၊ ကျန်းမာရေးဝန်ထမ်းတွေကလည်း ကျန်းမာရေးအသိပညာပေးနိုင်ရင် ဆေးရုံသွားဖို့လိုတဲ့နှုန်းက ကျသွားပါကြောင်း၊ မော်တော်ဆိုင်ကယ်တိုက်တာ၊ ကားတိုက်တာတွေကို ယာဉ်စည်းကမ်းအရ တစ်ဖက်ကလည်း ကြပ်ကြပ်မတ်မတ်ကိုင်တွယ်ပြီး တစ်ဖက်ကလည်း ကိုယ့်စည်းကမ်း ကိုယ်ထိန်းရင် ဆေးရုံသွားရတဲ့နှုန်းကျလာမည်ဖြစ်ပါကြောင်း၊ မော်တော်ဆိုင်ကယ်စီးရင် ဘာလို့ ဦးထုပ်ဆောင်းဖို့လိုသလဲဆိုရင် ဦးထုပ်မဆောင်းတဲ့သူ သေပျောက်တဲ့နှုန်းနဲ့ ဦးထုပ်ဆောင်းတဲ့သူ သေပျောက်တဲ့နှုန်းက အများကြီးကွာပါကြောင်း၊ ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုက ပညာပေးနဲ့ လုပ်ခြင်းဖြစ်ပါကြောင်း။

နောက်တစ်ခုက ကိုယ်လက်သန့်ရှင်းရေးဖြစ်ပါကြောင်း၊ ရောဂါမကူးစက်အောင် ဘယ်လိုနေရမယ်၊ ဘယ်လိုထိုင်ရမယ်၊ ကိုယ့်ပတ်ဝန်းကျင်ကို ဘယ်လိုထိန်းသိမ်းရမယ် ဒီလိုပညာတွေများလာတာနဲ့အမျှ ဆေးရုံသွားရတဲ့နှုန်းက နည်းလာမည် ဖြစ်ပါကြောင်း၊ တစ်ချိန်တည်းမှာပဲ ဝန်ထမ်းတွေ လိုအပ်တယ်ဆိုတာသိပါကြောင်း၊ ပညာရေးဝန်ကြီးဌာနက စီမံခန့်ခွဲမှုအရ သူနာပြုဆရာမများ မွေးထုတ်ပါကြောင်း၊ သူနာပြုတွေများလာတဲ့အခါ လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးနိုင်ပါကြောင်း။

နေရာတကာသွားလေရာ အမှိုက်ပစ်တဲ့သူဟာ ကိုယ့်တန်ဖိုးကို ကိုယ်ပြတာဖြစ်ပြီး ကိုယ့်ရဲ့ပတ်ဝန်းကျင်ကိုလည်း တန်ဖိုးမထားရာရောက်ကြောင်း၊ ကိုယ့်ပတ်ဝန်းကျင်ကို တန်ဖိုးမထားတာဟာ ကိုယ်နေတဲ့နိုင်ငံကြီးကို တန်ဖိုးမထားတာဖြစ်ပါကြောင်း၊ အဲဒီလို အသေးအဖွဲလေးတွေကအစ တာဝန်သိစိတ်နဲ့ နေရမည်ဖြစ်ကြောင်း၊ မိမိကိုယ်ကိုယ်တန်ဖိုးရှိချင်ရင် ကိုယ့်ပတ်ဝန်းကျင်ကို တန်ဖိုးရှိအောင် ထားရမည်ဖြစ်ပါကြောင်း၊ ကိုယ့်ရဲ့အသိုင်းအဝိုင်းအတွင်းမှာ စိတ်ဓာတ်တွေပြောင်းဖို့ဆိုတာ ကိုယ့်စိတ်ဓာတ်ကို ပထမဆုံးပြောင်းရမည် ဖြစ်ပါကြောင်း။

မိမိအနေနဲ့ လူငယ်တွေကို ငြိမ်းချမ်းရေးနဲ့ပတ်သက်ပြီး ထဲထဲဝင်ဝင် လေးလေးနက်နက် သိစေချင်ပါကြောင်း၊ မငြိမ်းချမ်းရတဲ့ အကြောင်းအရင်းတွေကို လူငယ်တွေ သေချာနားလည်ထားမှ မှန်ကန်တဲ့ပါဝင်မှုတွေနဲ့ ပါဝင်နိုင်မှာဖြစ်ပါကြောင်း။

မိမိတို့လူငယ်တွေသည် သမိုင်းမှန်ကို လေ့လာသင်ယူဖို့လည်းလိုတယ်လို့ မိမိအနေနဲ့ မြင်ပါကြောင်း၊ သမိုင်းမှန်ကို သင်ယူလေ့လာနိုင်မှသာလျှင် ဘာကြောင့် မငြိမ်းချမ်းရတာလဲ။ ဒီအကျိုးဆက်တွေ မိမိတို့သိလာပါကြောင်း၊ သိလာမှပဲ လူငယ်တွေအချင်းချင်းကြားမှာ ရင်းနှီးမှုတည်ဆောက်တဲ့အခါမှာ အပြန်အလှန်နားလည်မှုတွေ တည်ဆောက်တဲ့အခါမှာ ပိုပြီး တည်ဆောက်မှုများ လျင်မြန်မည်ဟုလည်း မိမိယုံကြည်ပါကြောင်း။

မြို့နယ် ၃၃၀ တွင် ငြိမ်းချမ်းရေးနှင့် ပတ်သက်သည့် ပညာပေးဆွေးနွေးပွဲတွေ လုပ်ဖို့ဆိုသည်မှာ မခက်ခဲပါကြောင်း၊ ပြည်နယ်အစိုးရနဲ့ တိုင်ပင်၍သက်ဆိုင်ရာ NRPC ထဲမှ တာဝန်ယူထားတဲ့ပုဂ္ဂိုလ်တွေနဲ့ တိုင်ပင်ပြီးလုပ်ပေးဖို့ ကြိုးစားမည်ဖြစ်ပါကြောင်း။

**ငြိမ်းချမ်းရေးရဲ့ အသီးအပွင့်**

ဖွံ့ဖြိုးရေးအတွက်လုပ်တဲ့အခါမှာ NCA စာချုပ်ထဲမှာပါတာရော၊ နိုင်ငံရဲ့ စည်းမျဉ်းစည်းကမ်း၊ ဥပဒေ၊ မူဘောင်အတွင်းကရော နှစ်ခုစလုံးနဲ့ ကိုက်ညီဖို့က အင်မတန်မှ လိုအပ်ပါကြောင်း၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းတို့၊ လျှပ်စစ်တို့ကျတော့ အစိုးရကပဲ လုပ်ရတာဖြစ်ပါကြောင်း၊ ဒါက ငြိမ်းချမ်းရေးအတွက် သက်သက်လုပ်တာမဟုတ်ဘဲ ငြိမ်းချမ်းရေးရဲ့ အသီးအပွင့်တစ်ခုအနေနဲ့ ဒါတွေကို လုပ်ပေးနိုင်တဲ့ အခြေအနေ၊ အနေအထားကို ရောက်သွားတာ ဖြစ်ပါကြောင်း၊ ငြိမ်းချမ်းမှုမရှိဘဲ၊ တည်ငြိမ်မှုမရှိဘဲ ဒီလိုလုပ်ဖို့ဆိုတာတော့ မဖြစ်နိုင်ပါကြောင်း၊ ဒါကြောင့် ငြိမ်းချမ်းတည်ငြိမ်သွားပြီဆိုတာနဲ့ ဒါတွေက ဖြစ်မြောက်လာတာ ဖြစ်ပါကြောင်း၊ ငြိမ်းချမ်းရေးရတဲ့အခါမှာ တချို့အဖွဲ့အစည်းတွေကနေပြီးတော့ စီးပွားရေးလုပ်ငန်းတွေကို လုပ်ချင်ကြကြောင်း၊ အဲဒါတွေကလည်း ဥပဒေဘောင်အတွင်းက ဖြစ်ရမည်ဖြစ်ကြောင်း၊ ဥပဒေဘောင်အတွင်းကမဟုတ်တဲ့ ကိစ္စတွေကိုတော့ ဘယ်သူ့ကိုမှ လုပ်ခွင့်မပေးပါကြောင်း။

ငြိမ်းချမ်းရေးအတွက် လုပ်တဲ့ကိစ္စတွေအားလုံးကလည်း တရားဥပဒေဘောင်အတွင်းက ဖြစ်ရမည်ဖြစ်ပါကြောင်း၊ တရားဥပဒေစိုးမိုးရေးကို မထိခိုက်ဘဲလုပ်ရန် အရေးကြီးပါကြောင်း၊ ငြိမ်းချမ်းရေးအဖွဲ့တွေနဲ့ အစိုးရနဲ့ညှိနှိုင်းပြီးတော့ ပူးပေါင်းဆောင်ရွက်ဖို့က အင်မတန်မှ အရေးကြီးပါကြောင်း၊ ဒေသခံတွေက ကိုယ့်ဒေသတစ်ခုတည်းကိုပဲ ကြည့်ဖို့လိုပါကြောင်း၊ ဒါပေမယ့် အစိုးရအဖွဲ့ကတော့ တစ်တိုင်းပြည်လုံးကို ကြည့်ရပါကြောင်း၊ လမ်းတွေဖောက်ပေးဖို့၊ လျှပ်စစ်မီးရအောင်လုပ်ပေးဖို့ တစ်တိုင်းပြည်လုံးက တောင်းဆိုနေပါကြောင်း၊ အားလုံးကနေ တောင်းဆိုနေတဲ့အခါ မျှတအောင် မိမိတို့က လုပ်ပေးရပါကြောင်း၊ စီးပွားရေးအရလုပ်တယ်ဆိုတာ စကတည်းက စီးပွားရေးလုပ်ပုံလုပ်နည်းက မှန်ကန်ရမည် ဖြစ်ပါကြောင်း။

**ညှိနှိုင်းဆွေးနွေးခြင်းအားဖြင့် အဖြေရှာ**

တရားဥပဒေအရ ခွင့်မပြုထားတဲ့နည်းနဲ့တော့ လုပ်လို့မရပါကြောင်း၊ တစ်ယောက်နဲ့တစ်ယောက် ထိတွေ့မှုအရေးကြီးပါကြောင်း၊ တစ်ချိန်လုံးထိ တွေ့နေရပါမယ်၊ ညှိနှိုင်းနေရမယ်၊ တိုင်ပင်နေရပါမယ်။ နောက်တစ်ဖက်က လိုအပ်ချက်က ဘယ်လိုရှိတယ်။ တစ်ဖက်က ဒါကို ဘယ်လိုဖြည့်ဆည်းပေးနိုင်လဲ။ တစ်ရာ ရာခိုင်နှုန်း မဖြည့်ဆည်းပေးနိုင်ရင် ဘယ်လိုပုံစံနဲ့ အကောင်းဆုံးဖြစ်အောင် ဖြည့်ဆည်းပေးမလဲဆိုတာ ဒါညှိနှိုင်းဆွေးနွေးရပါမယ်။ အဲဒီနိုင်ငံရေး ယဉ်ကျေးမှုကို ယုံကြည်ပြီဆိုရင် မိမိတို့နိုင်ငံရဲ့ ငြိမ်းချမ်းရေးဟာ ခိုင်မာပြီပဲဖြစ်ပါကြောင်း၊ ညှိနှိုင်းဆွေးနွေးခြင်းအားဖြင့် အဖြေရှာလို့ရတယ်ဆိုတဲ့ ယုံကြည်မှုရှိအောင်လုပ်ဖို့ အားလုံးမှာ တာဝန်ရှိပါကြောင်း။

ငြိမ်းချမ်းရေးမရှိသရွေ့ စစ်ရှောင်ရှိနေမည်ဖြစ်ပါကြောင်း၊ စစ်ရှောင်တွေကိုကူညီဖို့၊ စစ်ရှောင်ဆိုတဲ့သဘောတရားကိုက မိမိတို့ ရပ်ရွာမတည်ငြိမ်လို့ ထွက်ခဲ့ရတာဖြစ်ပါကြောင်း၊ ကိုယ့်ရပ်ကိုယ့်ရွာမှာ နေရတာနဲ့ တခြားစစ်ရှောင်စခန်းမှာ နေရတာ ဘာမှမတူပါကြောင်း၊ စစ်ရှောင်စခန်းတွေမှာလည်း လိုအပ်တဲ့ အကူအညီတွေပေးနိုင်ဖို့ ကြိုးစားပါကြောင်း၊ စစ်ရှောင်မရှိရန် စစ်ဖြစ်စေတဲ့အခြေခံအကြောင်းရင်းတွေကို ဖယ်ရှားဖို့ အင်မတန်မှ အရေးကြီးပါကြောင်း။

ယဉ်ကျေးမှုထိန်းသိမ်းဖို့ဆိုရာမှာ အစိုးရက အတိုင်းအတာတစ်ခုအထိ လုပ်ပေးနိုင်ပါကြောင်း၊ ကိုယ့်ယဉ်ကျေးမှုကို ကိုယ်တန်ဖိုးထားမှ ဒီယဉ်ကျေးမှုကို ထိန်းသိမ်းလို့ရတာ ဖြစ်ပါကြောင်း၊ ကမ္ဘာမှာ ကိုယ့်ယဉ်ကျေးမှုကို ထိန်းသိမ်းတဲ့ပုဂ္ဂိုလ်တွေက ဘယ်သူတွေလည်းဆိုတော့ အောင်မြင်တဲ့သူတွေပင် ဖြစ်ပါကြောင်း၊ ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုးက အောင်မြင်တယ်ဆိုရင် ကိုယ့်ကိုယ်ကိုယ်တန်ဖိုးထားရမှန်းသိပါကြောင်း၊ မိမိတို့ရဲ့ ယဉ်ကျေးမှုတန်ဖိုးတွေဟာ အာနိသင်ရှိပါလားဆိုတဲ့ ယုံကြည်ချက်တွေရှိလာတဲ့အခါ တစ်ဦးချင်းတစ်ဦးချင်းက ကိုယ့်ယဉ်ကျေးမှုကို ထိန်းသိမ်းသွားချင်တဲ့ စိတ်ဓာတ်ဖြစ်လာပါကြောင်း။

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ဖို့ကိစ္စ၊ မိမိတို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲဝင်ကတည်းက မူဝါဒတစ်ခုအနေနဲ့ ဆုပ်ကိုင်ထားပါကြောင်း၊ ဆက်ပြီးတော့ လုပ်သွားမှာဖြစ်ပါကြောင်း၊ အဲဒါနဲ့ပတ်သက်လို့ ၂၀၁၄ ခုနှစ် လွှတ်တော်အတွင်းမှာ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြုပြင်ပြောင်းလဲရေးဆွေးနွေးပွဲတွေ လုပ်တုန်းက မိမိတို့ ဘယ်လိုပုံစံနဲ့ သွားမလဲဆိုတာကို ချပြထားပြီးသား ဖြစ်ပါကြောင်း၊ ဥပဒေဘောင်အတွင်းက အေးအေးချမ်းချမ်းနဲ့ ပြည်သူလူထုကို မထိခိုက်တဲ့ နည်းတွေကိုသုံးပြီးတော့ မိမိတို့လိုချင်တဲ့ ပြောင်းလဲမှုတွေကိုရအောင် လုပ်မယ်၊ တစ်ဆင့်ပြီးတစ်ဆင့်လုပ်မယ်၊ ဆွေးနွေးညှိနှိုင်းတဲ့နည်းကို သုံးပြီး လုပ်သွားမယ်ဆိုတာကို မူတွေနဲ့ ချထားပါကြောင်း၊ မူအနေနဲ့ချထားပြီးရုံမက မူအနေနဲ့လည်း ကျင့်သုံးပါကြောင်း၊ ဒီမိုကရေစီရဖို့ဆိုတာ နေ့ချင်းညချင်းမဖြစ်နိုင်သလို ဒီမိုကရေစီခိုင်မြဲအောင် လုပ်ဖို့ဆိုတာလည်း အချိန်ယူရပါကြောင်း။

ဒီမိုကရေစီလုံးဝရသွားပြီလို့ ပြောလို့ရတဲ့ နိုင်ငံတချို့မှာ ရွေးကောက်ပွဲတစ်ခုတည်းနဲ့ တစ်ခါတည်း ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ပြီးတော့ ဒီမိုကရေစီနိုင်ငံ သွင်းလိုက်တယ်ဆိုပေမယ့် တကယ်ပဲ နေ့ချင်းညချင်း ဒီမိုကရေစီရဲ့ အကျိုးအမြတ်တွေ၊ အသီးအပွင့်တွေ ခံစားပိုင်ခွင့်ရလားဆိုတော့မရပါကြောင်း၊ တော်တော်ကြာကြာ စောင့်ရပါကြောင်း၊ တော်တော်ကြာကြာ တည်ဆောက်ရပါကြောင်း။

ဒီမိုကရေစီဆိုတာ ကိုယ့်ရဲ့အခွင့်အရေးတွေကို တန်ဖိုးထားသလို သူများရဲ့ အခွင့်အရေးကိုလည်း တန်ဖိုးထားရမည်၊ ကိုယ့်ရဲ့တာဝန်ကိုလည်း အလေးအနက်ထားရမည်၊ မတူတဲ့စိတ်သဘောထားတွေတော့ရှိမှာ ဖြစ်ပါကြောင်း၊ မတူကွဲပြားတာတွေကို လူကြီးလူကောင်းပီပီ ဆွေးနွေးပြီး အဖြေရှာနိုင်ရမယ်ဖြစ်ကြောင်း၊ ဒါဟာ ဒီမိုကရေစီမှာတင်မဟုတ်ဘဲ နေ့စဉ် လူလူချင်းဆက်ဆံတဲ့အခါမှာလည်း ဒီအတိုင်းပဲ ဖြစ်ရမည်ဖြစ်ကြောင်း၊ မတူကွဲပြားမှုအပေါ် အခြေခံဆွေးနွေးပြီး အများအကျိုးအတွက် တူညီတဲ့ဆုံးဖြတ်ချက်တွေ ချနိုင်ခြင်းဆိုတာ ဒီမိုကရေစီရဲ့အရေးအကြီးဆုံး လုပ်ငန်းတစ်ခုပဲ ဖြစ်ပါကြောင်း။

**အမျိုးသမီးများ ငြိမ်းချမ်းရေးတွင် ပါဝင်ရမည်**

ယဉ်ကျေးမှုနဲ့ပတ်သက်ပြီးပြောရရင် နာမည်ကိစ္စမှာ မင်းတို့၊ မိမိတို့ကတော့ မိမိအတိုင်းအတာတစ်ခုထိ နားလည်နိုင်ပါကြောင်း၊ မိမိအမြင်တွင် ခွဲခြားဆက်ဆံတဲ့သဘော မဟုတ်ပါကြောင်း၊ အထူးသဖြင့် မငယ်တော့တဲ့ အမျိုးသမီးတစ်ယောက်ကို ရှေ့က ဒေါ်မထည့်တဲ့ အခါကျတော့ တစ်မျိုးဖြစ်နေပါကြောင်း၊ မွန်ယဉ်ကျေးမှုကို သိတဲ့သူတွေက မိငွေလေးလို့ပဲခေါ်ပြီး မွန်ယဉ်ကျေးမှုအကြောင်း သိပ်မသိသေးတဲ့သူတွေကတော့ မိငွေလေးလို့ခေါ်ရင် ရိုင်းရာကျမယ်ဆိုပြီး ဒေါ်မိငွေလေး၊ မမိငွေလေးလို့ ခေါ်ရင် ခေါ်လိမ့်မယ် ဖြစ်ပါကြောင်း၊ ဒါကတော့ မွန်ယဉ်ကျေးမှုကို တိုက်ခိုက်ချင်လို့ မဟုတ်ဘဲ သူတို့နားလည်သလို ခေါ်တာဖြစ်ပါကြောင်း၊ ဒါကြောင့် မိမိတို့ တိုင်းရင်းသားတွေဟာ မတူတဲ့ယဉ်ကျေးမှုတွေ အားလုံး စုပေါင်းပြီးနေထိုင်ရင် အဘက်ဘက်က နားလည်မှုတော့ ပေးဖို့လိုပါကြောင်း၊ နှိမ်သည့်သဘော မဟုတ်ပါကြောင်း၊ အမျိုးသမီးတွေ ငြိမ်းချမ်းရေးတွင် ပါဝင်ရေးနဲ့ပတ်သက်ပြီး အမျိုးသမီးငြိမ်းချမ်းရေးတွင် ပါဝင်ရမည်ဖြစ်ပါကြောင်း၊ စစ်ဖြစ်တဲ့နိုင်ငံတွေမှာ၊ ငြိမ်းချမ်းရေးဆုံးရှုံးတဲ့ လူ့အသိုင်းအဝိုင်းတွေမှာ ပထမဆုံးထိခိုက်တာ အမျိုးသမီးတွေနဲ့ ကလေးတွေဆိုတာ တစ်ကမ္ဘာလုံးက အသိအမှတ်ပြုထားတဲ့ ကိစ္စဖြစ်ပါကြောင်း၊ ဒါကြောင့် ငြိမ်းချမ်းရေးဟာ အမျိုးသမီးတွေအတွက် အရေးကြီးပါကြောင်း ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် အွန်လိုင်းမှတစ်ဆင့် မေးမြန်းသည့် မေးခွန်းသုံးခုကို နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ပြန်လည်ဖြေကြားသည်။

ဆွေးနွေးပွဲတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက မွန်ပြည်နယ် မော်လမြိုင်တွင် CT-Scan ပျက်နေပါကြောင်း၊ ထို့အတွက် သိန်း ၃၇၀ တောင်းပါကြောင်း၊ သိန်း ၃၇၀ တောင်းသည့်စာသည် နည်းနည်းကြာမှ ရောက်လာပါကြောင်း၊ ရောက်သည်နှင့် ခွင့်ပြုပေးလိုက်ပါကြောင်း၊ မိမိတို့နိုင်ငံမှာ တစ်နှစ်တစ်နှစ်ကို စက်ပြင်ဆင်စရိတ်အများကြီးကုန်ပါကြောင်း၊ ဒုက္ခရောက်ပါကြောင်း၊ မိမိဒီနေရာမှနေပြီး တစ်ခုတောင်းဆိုချင်ပါကြောင်း၊ မတော်တဆမှုဖြစ်ပွားသော လူနာတစ်ယောက် ဦးထုပ်မဆောင်းဘဲ ရောက်လာပါက ဦးနှောက်ခွဲစိတ်ဆရာဝန်၊ အထူးကုဆရာဝန်၊ အထွေထွေအထူးကုဆရာဝန်နဲ့ သူနာပြုတွေ အလုပ်ရှုပ်မည်၊ တိုင်းပြည်မှာလည်း ပိုက်ဆံကုန်သည့်အတွက် တောင်းဆိုချင်သည်မှာ ဦးထုပ်ဆောင်းဖို့ ဖြစ်ပါကြောင်း၊ လမ်းစည်းကမ်းကို သေချာလိုက်နာလျှင် မတော်တဆမှုဖြစ်ပွားသော လူနာအလွန်နည်းပါးသွားမည် ဖြစ်ပါကြောင်း၊ လမ်းစည်းကမ်းကို တင်းကျပ်မည် ဆိုပါက အကျိုးရှိမည်ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

**ပြန်လည်ရှင်းလင်းဖြေကြား**

ယင်းနောက် ဒေသခံပြည်သူသုံးဦးက မော်လမြိုင်ဆေးရုံအဆင့်မြှင့်တင်ရေး၊ ကျိုက္ကမီမြို့ ဝန်ထမ်းအိမ်ရာကိစ္စ၊ ရေထိန်းသိမ်းမှုနှင့် တံတားကိစ္စတို့နှင့်ပတ်သက်၍ မေးမြန်းရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံနှင့် ပြည်နယ်ဝန်ကြီးများက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

အဆိုပါ ငြိမ်းချမ်းရေးစကားဝိုင်းသို့ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် မွန်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းရင်းသားကိုယ်စားလှယ်များ၊ ငြိမ်းချမ်းရေးအဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများနှင့် လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြသည်။

ငြိမ်းချမ်းရေးစကားဝိုင်းများကို ၂၀၁၇ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် လူငယ်များစကားဝိုင်း၊ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်တွင် ရှမ်းပြည်နယ် ပင်လုံမြို့၌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် တိုင်းရင်းသားများ၏ ပင်လုံငြိမ်းချမ်းရေးစကားဝိုင်း၊ ၂၀၁၇ ခုနှစ် ဧပြီလ ၁၁ ရက်တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန - ၂ ၌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ကျေးလက်တောရွာနေလူငယ်များစကားဝိုင်း၊ ၂၀၁၇ ခုနှစ် ဩဂုတ်လ ၈ ရက်တွင် မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ် မြေတိုင်ကန်ကျေးရွာ သီဟာရာမဘုန်းတော်ကြီးကျောင်း၌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် မြေတိုင်ကန်ကျေးရွာမှ ကျေးရွာသားများ ငြိမ်းချမ်းရေးစကားဝိုင်း၊ ၂၀၁၇ ခုနှစ် ဒီဇင်ဘာလ ၂၉ ရက်တွင် ကယားပြည်နယ် လွိုင်ကော်မြို့ ပြည်နယ်ခန်းမ၌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ကယားပြည်နယ် ဒေသခံလူငယ်များ ငြိမ်းချမ်းရေးစကားဝိုင်းနှင့် ၂၀၁၈ ခုနှစ် ဧပြီလ ၁၀ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ဒေသခံပြည်သူများစကားဝိုင်းတို့ကို ကျင်းပခဲ့သည်။

**သတင်းစဉ်**

# အဖွင့်ပွဲစဉ်မှာ အီဂျစ်ကို အနိုင်ကစားမယ့် ဥရုဂွေး

ဝင်းမြတ်

**ဇွန်လ ၁၅ ရက် (ယနေ့ည)မှာတော့ ၂၀၁၈ ရုရှားကမ္ဘာ့ဖလားပြိုင်ပွဲရဲ့ အုပ်စု (A) ပွဲစဉ်တစ်ပွဲဖြစ်တဲ့ အီဂျစ်နဲ့ ဥရုဂွေးတို့ရဲ့ပွဲကို ကျင်းပသွားမှာ ဖြစ်ပါတယ်။ ဒါကြောင့်လည်း အဆိုပါပွဲစဉ်မှာဘယ်အသင်းကအနိုင်ရယူသွားနိုင်မလဲဆိုတာက စိတ်ဝင်စားဖို့ကောင်းနေပါတယ်။**

| ၁၅-၆-၂၀၁၈ | ည ၆း၃၀ | (Luzhniki Stadium, Moscow) |
| --- | --- | --- |

### အီဂျစ်ရဲ့ အခြေအနေ

အီဂျစ်အသင်းဟာ တောင့်တင်းတဲ့အသင်းတစ်သင်း ဖြစ်ပါတယ်။ အီဂျစ်အနေနဲ့ အာဆင်နယ်ကစားသမား အယ်နီနီ၊ ဝက်စ်ဘရွန်းကစားသမား ဟီဂါဆီ၊ ဗီလာကစားသမား အယ်မိုဟာမက်တို့လို ကစားသမားကောင်းတွေကို ပိုင်ဆိုင်ထားသလို အသင်းလိုက် စွမ်းဆောင်ရည်အရလည်း မာကျော့မှုရှိတဲ့အသင်း ဖြစ်ပါတယ်။ ဒါပေမယ့် အီဂျစ်အသင်းမှာ အခုအချိန်အထိ အဓိကတိုက်စစ်မှူးဆာလတ် ပါဝင်နိုင်ဖို့ မသေချာသေးသလို ဆာလတ်သာ ပါဝင်နိုင်ခြင်းမရှိရင် အီဂျစ်ရဲ့ တိုက်စစ်ပိုင်းစွမ်းဆောင်ရည်ကလည်း အားနည်းမှုတွေ ရှိလာနိုင်တာကို သတိပြုရမှာ ဖြစ်ပါတယ်။

### ဥရုဂွေးရဲ့ အခြေအနေ

တောင်အမေရိကအသင်းဖြစ်တဲ့ ဥရုဂွေးကတော့ ဒီအုပ်စုအတွင်းမှာ ကစားသမားအင်အားပိုင်း အတောင့်တင်းဆုံးအသင်းအဖြစ် ရပ်တည်နေပါတယ်။ တိုက်စစ်ပိုင်းမှာ ဆွာရက်ဇ်၊ ကာဗာနီ၊ စတူအာနီတို့လို ထိပ်တန်းအဆင့်ကစားသမားတွေရှိနေသလို ကွင်းလယ်ပိုင်းမှာဆိုရင်လည်း တော်ရီယာ၊ ကားလို့ဆန်းချက်ဇ်၊ ဗီစီနိုတို့လိုခြေစွမ်းထက်မြက်တဲ့ ကစားသမားတွေရှိနေပါတယ်။ ခံစစ်ပိုင်းမှာလည်း ဂျင်မီနက်ဇ်၊ ဂိုဒင်၊ ပီရီယာတို့လိုကစားသမားကောင်းတွေရှိနေတာကြောင့် ဥရုဂွေးအနေနဲ့ နေရာစုံ တောင့်တင်းမှုရှိတဲ့ အသင်းလို့လည်း ဆိုနိုင်မှာ ဖြစ်ပါတယ်။

### သုံးသပ်ချက်

ဒါကြောင့်လည်း ဥရုဂွေးအနေနဲ့ အီဂျစ်ကို ဖိအားပေးကစားနိုင်မယ့် အခြေအနေမှာရှိနေပါတယ်။ အထူးသဖြင့် ဥရုဂွေးအနေနဲ့ဒီအုပ်စုအတွင်းမှာ နောက်တစ်ဆင့်တက်နိုင်ဖို့အတွက် အိမ်ရှင်ရုရှားနဲ့အဓိကအားပြိုင်ရဖွယ်ရှိနေတယ်။ ကစားသမား အင်အားပိုင်းအရရော တစ်ဦးချင်းစွမ်းဆောင်ရည်ပိုင်းအပြင် အသင်းလိုက်ခြေစွမ်းပိုင်းမှာပါကွာနေတာကြောင့် ဒီပွဲစဉ်မှာတော့ ဥရုဂွေးကသာ အီဂျစ်ကို အနိုင်ရယူသွားနိုင်ဖို့ ရှိနေပါတယ်။

# မော်ရိုကိုအသင်းကို ထိန်းချုပ်နိုင်ဖို့ခက်ခဲမယ့် အီရန်

**ဇွန်လ ၁၅ ရက်(ယနေ့ည)မှာတော့ ၂၀၁၈ ရုရှားကမ္ဘာ့ဖလားပြိုင်ပွဲရဲ့အုပ်စု(B)ပွဲစဉ်တစ်ပွဲဖြစ်တဲ့ မော်ရိုကိုနဲ့ အီရန်တို့ရဲ့ပွဲကို ကျင်းပသွားမှာ ဖြစ်ပါတယ်။ ဒါကြောင့်လည်း အဆိုပါပွဲစဉ်မှာ ဘယ်အသင်းက အနိုင်ရယူသွားနိုင်မလဲဆိုတာက စိတ်ဝင်စားဖို့ ကောင်းနေပါတယ်။**

| ၁၅-၆-၂၀၁၈ | ည ၉း၃၀ | (Krestovsky Stadium, Saint Petersburg) |
| --- | --- | --- |

### မော်ရိုကိုရဲ့ အခြေအနေ

အာဖရိကအသင်းတစ်သင်းဖြစ်တဲ့ မော်ရိုကိုဟာ အသင်းမှာ ထင်ရှားပြီး ထူးချွန်ထက်မြက်တဲ့ ကစားသမားနည်းပေမယ့် ခြေစွမ်းထက်တဲ့ အသင်းတစ်သင်းလို့ ယူဆရမှာ ဖြစ်ပါတယ်။ မော်ရိုကိုဟာ အသင်းလိုက် စွမ်းဆောင်ရည်ကို အဓိကထားလေ့ရှိတဲ့ အသင်းဖြစ်သလို အသင်းလိုက်ညီညွတ်မှုတတဲ့ အသင်းလည်း ဖြစ်ပါတယ်။ ဒါကြောင့်လည်း မော်ရိုကိုရဲ့ ကစားသမားစုဖွဲ့မှုဟာ သာမန်သာ ရှိပေမယ့်လည်း လျှော့တွက်ဖို့တော့ ခက်ခဲပြီး အသင်းလိုက် စွမ်းဆောင်ရည်ကောင်းမွန်တဲ့ အသင်းလို့ ဆိုရမှာဖြစ်ပါတယ်။

### အီရန်ရဲ့ အခြေအနေ

အာရှရဲ့အသင်းတစ်သင်းဖြစ်တဲ့ အီရန်ကတော့ မော်ရိုကိုလိုအသင်းလိုက် စွမ်းဆောင်ရည်ကို အဓိကထားတဲ့ အသင်းဖြစ်ပါတယ်။ အီရန်ဟာ မော်ရိုကိုနည်းတူ ခြေစွမ်းထက်မြက်တဲ့ ကစားသမား နည်းပါးနေပြီး အသင်းလိုက်စွမ်းဆောင်ရည်ကိုသာ အမီပြုကာ ခြေစစ်ပွဲအောင်မြင်လာတဲ့ အသင်းဖြစ်ပါတယ်။ ဒါပေမယ့် အီရန်ရဲ့ အသင်းလိုက်စုဖွဲ့မှုအားက မော်ရိုကိုလောက်တော့ ကောင်းမွန်မှုမရှိတာကို သတိပြုရမှာ ဖြစ်ပါတယ်။ အထူးသဖြင့် အီရန်ဟာ တိုက်စစ်ပိုင်းအားနည်းမှုတွေရှိနေကာ ခြေစမ်းပွဲတွေမှာ ဂိုးသွင်းယူနိုင်ဖို့ ရုန်းကန်ခဲ့ရတာကို သတိပြုသွားရမှာ ဖြစ်ပါတယ်။

### သုံးသပ်ချက်

အီရန်မှာ ဟီရန်ဗင်းရဲရှီဇာ၊ ရှုဘင်ကာဇန်ရဲ့ ဆာဒါ၊ အိုလံပီယာကော့စ်ရဲ့ ကာရင်မ်တို့လို တိုက်စစ်မှူးတေ ရှိနေပေမယ့် အားလုံးဟာ သာမန်အဆင့် တိုက်စစ်မှူးတွေသာ ဖြစ်ကြပါတယ်။ အထူးသဖြင့် အီရန်ဟာအတွေ့အကြုံပိုင်း နုနယ်တဲ့ အသင်းဖြစ်သလို အသင်းလိုက် စွမ်းဆောင်ရည်မှာလည်း မော်ရိုကိုအသင်းကို မမီပါဘူး။ မော်ရိုကိုကတော့ ကစားပုံလျင်မြန်မှုရှိသလို တိုက်စစ်ပိုင်းလည်း ပိုမိုကောင်းမွန်တာမို့ မော်ရိုကိုကသာ နိုင် ပွဲကပ်ရနိုင်ပါတယ်။

# ပေါ်တူဂီကို လွယ်လွယ်နဲ့ အနိုင်မရနိုင်တဲ့ စပိန်

**ဇွန်လ ၁၅ ရက် (ယနေ့ည)မှာတော့ ၂၀၁၈ ရုရှားကမ္ဘာ့ဖလားပြိုင်ပွဲရဲ့ အုပ်စု (B) ပွဲစဉ်တစ်ပွဲဖြစ်တဲ့ ပေါ်တူဂီနဲ့ စပိန်တို့ရဲ့ပွဲကို ကျင်းပသွားမှာ ဖြစ်ပါတယ်။ ဒါကြောင့်လည်း အဆိုပါပွဲစဉ်မှာ ဘယ်အသင်းက အနိုင်ရယူသွားနိုင်မလဲဆိုတာက စိတ်ဝင်စားဖို့ ကောင်းနေပါတယ်။**

| ၁၆-၆-၂၀၁၈ | နံနက် ၀၀း၃၀ | (Fisht Olympic Stadium, Sochi) |
| --- | --- | --- |

### ပေါ်တူဂီရဲ့ အခြေအနေ

ပြီးခဲ့တဲ့ ယူရို ၂၀၁၆ ပြိုင်ပွဲမှာ မထင်မှတ်ဘဲ ချန်ပီယံဆုကို အရယူနိုင်ခဲ့တဲ့ ပေါ်တူဂီအနေနဲ့ ဒီပြိုင်ပွဲမှာ ချန်ပီယံဖြစ်ဖို့အထိပါ အားထည့်ကစားလာနိုင်ပါတယ်။ ပေါ်တူဂီမှာ ထိပ်တန်းကစားသမားဖြစ်တဲ့ ရော်နယ်ဒိုက ဦးဆောင်ပါဝင်လာမှာ ဖြစ်တဲ့အပြင် လူငယ်ကစားသမားကောင်းတွေဖြစ်တဲ့ အန်ဒရီဆေးလ်ဗား၊ ဘာနာဒိုဆေးလ်ဗား၊ ဂျာအိုမာရီယို၊ အက်ဒရီယန်ဆေးလ်ဗားတို့လို ကစားသမားတွေ ပါဝင်လာမှာ ဖြစ်တယ်။ ဒါ့အပြင် မွန်တင်ဟိုလို အကောင်းဆုံးအချိန်ရောက် ကစားသမားတွေအပြင် ကွာရက်စ်မာ၊ ဖွန်တီတို့လို အတွေ့အကြုံရှိတဲ့ ကစားသမားတွေလည်း ပါဝင်နေတယ်။ အက်ဒရီယန်ဆေးလ်ဗား၊ အန်ဒရီဆေးလ်ဗားတို့လို ကွင်းလယ်ကစားသမားတွေကလည်း လိုအပ်တဲ့အချိန်မှာ ဂိုးသွင်းယူနိုင်စွမ်း ရှိကြတယ်။

### စပိန်ရဲ့ အခြေအနေ

စပိန်ရဲ့လက်ရှိအနေအထားအရဆိုရင်တော့ ကစားသမား အင်အားပိုင်းမှာ ပေါ်တူဂီထက် ပိုမိုပြည့်စုံတဲ့ အခြေအနေမှာ ရှိနေပါတယ်။ တိုက်စစ်မှာ ဒီယေဂိုကော်စတာ၊ အက်စ်ပတ် ကွင်းလယ်ပိုင်းမှာ အစ္စကို၊ ဘက်စကွက်၊ ကိုကီ၊ အင်နီယေစတာ၊ အယ်ကန်တာယာတို့လို ကစားသမားကောင်းတွေ ရှိနေပါတယ်။ ခံစစ်ပိုင်းမှာ ပီကေး၊ ရာမို့စ်တို့ ရှိနေသလို ဒီဂီယာလို ကမ္ဘာ့အဆင့် ဂိုးသမားတစ်ဦး ရှိနေပါတယ်။ ဒါကြောင့်လည်း စပိန်အနေနဲ့ ကစားသမားအင်အားပိုင်းမှာ လူငယ်နဲ့ သမ္ဘာ အချိုးညီညီ ပေါင်းဖက်ထားတဲ့ အသင်းလို့ ဆိုရမှာလည်း ဖြစ် ပါတယ်။

### သုံးသပ်ချက်

ဒါပေမယ့် စပိန်ဟာ ကမ္ဘာ့ဖလားနီးမှ နည်းပြ အပြောင်းအလဲဖြစ်ပေါ်ခဲ့ပြီး လက်ရှိအသင်းကို ယာယီတာဝန်ယူမယ့် ရီးရဲကစားသမားဟောင်း ဟီရာရိုက အတွေ့အကြုံနုနယ်သူ ဖြစ်ပါတယ်။ ဒ့ါအပြင် စပိန်မှာ တိုက်စစ်မှူးကောင်းတွေ ရှိပေမယ့်လည်း ခြေစမ်းပွဲအချို့မှာ ဂိုးရရှိဖို့ ရုန်းကန်ခဲ့ရတာဖြစ်ပြီး ကွင်းလယ်ကစားကွက် အသာမရတဲ့ပွဲတွေမှာ စပိန်တို့ ပိုမိုအခက်တွေ့တတ်တာကို သတိပြုရမှာ ဖြစ်ပါတယ်။ ပေါ်တူဂီကတော့ ခံစစ်ကို အားပြုကစားလာမှာဖြစ်ပြီး တန်ပြန်တိုက်စစ်နဲ့ ရင်ဆိုင်လာမှာ ဖြစ်တာကြောင့် စပိန်သာ အနိုင်ရလိုစိတ်နဲ့ တိုက်စစ်ကို အလွန်အားပြုရင် ပေါ်တူဂီအခွင့်အရေးရနိုင်ပါတယ်။ သရေကျဖို့ များတယ်။

---

# မြန်မာအမျိုးသမီးအသင်း ချောင်ဘူရီအမျိုးသမီးအသင်းကို အနိုင်ရ

**ရန်ကုန် ဇွန် ၁၄**

ထိုင်းနိုင်ငံ၌ လေ့ကျင့်မှုများပြုလုပ်နေသည့် မြန်မာအမျိုးသမီးအသင်းသည် ဒုတိယခြေစမ်းပွဲအဖြစ် ယနေ့ညနေပိုင်းက ထိုင်းအမျိုးသမီးကလပ် ချောင်ဘူရီအမျိုးသမီးအသင်းနှင့် ယှဉ်ပြိုင်ကစားရာ သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

မြန်မာအမျိုးသမီးအသင်းသည် ဝါရင့်ကစားသမားများဖြစ်သည့် သန်းသန်းထွေးနှင့် ရီရီဦးကို အမာခံထားကာ ယမင်းလွင်၊ နုနု၊ ခင်မျိုးဝင်း၊ အေးအေးမိုး စသည့် အရန်ကစားသမားများကို အဓိကအသုံးပြုခဲ့သည်။ ချောင်ဘူရီအမျိုးသမီးအသင်းတွင်လည်း အမာခံကစားသမားများနှင့် လူငယ်ကစားသမားများကို တွဲဖက်အသုံးပြုခဲ့သည်။ မြန်မာအသင်းသည် ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့ပြီး ၂၉ မိနစ်တွင် အသင်းခေါင်းဆောင် သန်းသန်းထွေးက အဖွင့်ဂိုးသွင်းယူခဲ့သည်။ ဂိုးရပြီး နောက်ပိုင်းတွင် မြန်မာအသင်း ကစားပုံပိုကောင်းလာပြီး ဂိုးများဆက်တိုက်ရခဲ့သည်။ မြန်မာအသင်းအတွက် ဂိုးများကို ၃၃ မိနစ်တွင် နီလာဝင်းနှင့် ၄၃ မိနစ်တွင် ရီရီဦးက သွင်းယူခဲ့သည်။ ဒုတိယပိုင်းအစတွင် ချောင်ဘူရီအသင်း ချေပဂိုးတစ်ဂိုးပြန်ရခဲ့သော်လည်း မြန်မာအသင်းက ပွဲပြီးသည်အထိ ယင်းရလဒ်ကို ထိန်းကစားခဲ့သည်။

မြန်မာအမျိုးသမီးအသင်းသည် ထိုင်းခရီးစဉ်တွင် ခြေစမ်းပွဲနှစ်ပွဲ ကစားထားပြီး ထိုင်းလက်ရွေးစင်အမျိုးသမီးအသင်းနှင့် ပထမပွဲတွင် တစ်ဂိုးစီသရေကျထားကာ ယခုပွဲတွင် အနိုင်ရထားသည်။ မြန်မာအသင်းသည် နောက်ဆုံးပွဲအဖြစ် ဇွန် ၁၆ ရက်တွင် ထိုင်းလက်ရွေးစင် အမျိုးသမီးအသင်းနှင့် ထပ်မံကစားမည်ဖြစ်သည်။ **ရဲရင့်ရှိန်း**


---

◆ *ကျော့ဖုံးမှ*

၂၀၁၉မှာ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမယ့် အရှေ့တောင်အာရှ ကာယဗလနှင့် ကာယကြံ့ခိုင်မှုပြိုင်ပွဲအတွက်လည်း ကြိုတင်ပြင်ဆင်တဲ့အနေနဲ့ မျိုးဆက်သစ်ကစားသမားတွေ အတွေ့အကြုံရအောင် ရွေးချယ်တာ ဖြစ်ပါတယ်၊ အဖွဲ့ချုပ်နဲ့ ပံ့ပိုးသူများ ဝိုင်းဝန်းကူညီမှုကြောင့် ကစားသမားတွေ ကြိုးစားကြတယ်၊ ရွှေတံဆိပ်တွေလည်း မျှော်မှန်းထားပါတယ်”ဟု နည်းပြ ဦးကျော်စိန်သန်းက ပြောသည်။

ယင်းပြိုင်ပွဲတွင် အိမ်ရှင် ကမ္ဘောဒီးယား၊ မြန်မာ၊ ထိုင်း၊ ဗီယက်နမ်၊ မလေးရှား၊ အင်ဒိုနီးရှားနိုင်ငံတို့ အဓိကပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။ **သတင်းနှင့် ဓာတ်ပုံ- တင်စိုး(မြန်မာ့အလင်း)**



# ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲ ကျင်းပပြီ အိမ်ရှင်ရုရှားတို့ အဖွင့်ပွဲတွင် အနိုင်ရရှိ

၂၀၁၈ ဖီဖာ ကမ္ဘာ့ဖလားပြိုင်ပွဲကြီးဖွင့်ပွဲကို ရုရှားနိုင်ငံတွင် ဇွန် ၁၄ ရက် ကြာသပတေးညပိုင်းက မော်စကိုမြို့ရှိ ပရိသတ် ရှစ်သောင်းတစ်ထောင်ဆံ့ လုဇ်နီကီကွင်းကြီး၌ ခမ်းနားလှပစွာ ကျင်းပခဲ့သည်။

အခမ်းအနားအပြီး အုပ်စု(က)မှ အိမ်ရှင် ရုရှားအသင်းနှင့် ဆော်ဒီအာရေဗျအသင်းတို့ ပွဲဦးထွက်ယှဉ်ပြိုင်ကစားခဲ့ရာ အိမ်ရှင် ရုရှားအသင်း ငါးဂိုး-ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့သည်။ ပွဲချိန် ၁၂ မိနစ်တွင် ကွင်းလယ်ကစားသမား ဂါဇင်စကီးက အဖွင့်ဂိုးသွင်းယူခဲ့ပြီး ၄၃ မိနစ်တွင် ချာရီချက်ဗ်၊ ၇၁ မိနစ်တွင် ဒီဇူဘာတို့က သွင်းယူခဲ့သည်။ မိနစ် ၉၀ ပြည့်ပြီး နာကျင်အချိန်ပိုတွင် ချာရီချက်ဗ်နှင့် ဂိုလိုဗင်တို့က ထပ်မံသွင်းယူခဲ့ပြီး ပွဲပြီးချိန်တွင် ငါးဂိုး-ဂိုးမရှိဖြင့် အိမ်ရှင်အသင်း ပွဲဦးထွက်မျက်နှာပန်းလှခဲ့သည်။ ယင်းပွဲတွင် ရှုံးသည့် ဆော်ဒီအာရေဗျအသင်းသည် ဘောလုံးပိုင်ဆိုင်မှု အသာစီးရခဲ့ပြီး ဂိုးကန်သွင်းခွင့် လေးကြိမ်ရရှိခဲ့သော်လည်း ဂိုးပေါက် မခြိမ်းခြောက်နိုင်ခဲ့ပေ။ အိမ်ရှင်အသင်းသည် ဂိုးကန်သွင်းခွင့် ၁၂ ကြိမ်ရရှိခဲ့ပြီး ခုနစ်ကြိမ် ဂိုးပေါက်ခြိမ်းခြောက်နိုင်ခဲ့ကာ အဆုံးသတ် သေချာခဲ့သည်။ **သီဟ**

# ဆူးလေဆိပ်ကမ်း စက်လှေတိမ်းမှောက်မှုဖြစ်စဉ်မှ ရှစ်ဦး ကယ်ဆယ်နိုင်ခဲ့ပြီး ပျောက်ဆုံးနေသော လေးဦးကို ဆက်လက်ရှာဖွေနေ

**ရန်ကုန် ဇွန် ၁၄**

စဉ့်အိုးတန်းဆိပ်မှ ဒလဘက်ကမ်းရှိ ကမာကသွယ်ဆိပ်သို့ ဦးကျော်မင်း မောင်းနှင်လာသော စက်လှေတစ်စင်း ဇွန် ၁၃ ရက် ည ၇နာရီခွဲကျော်က ဆူးလေဆိပ်ကမ်း ဇောတံတားတွင် ဆိုက်ကပ်ထားသော M.V.STOVE TIDE သင်္ဘောဘေးတွင် ဆိုက်ကပ်ထားသည့် တွဲသင်္ဘောနှင့်တိုက်မိပြီး နစ်မြုပ်ခဲ့ရာ စက်လှေမောင်းအပါအဝင် ၁၂ ဦးတွင် စက်မောင်းပါ အမျိုးသား ခုနစ်ဦးနှင့် အမျိုးသမီးတစ်ဦး ပြန်လည်ဆယ်ယူနိုင်ခဲ့ပြီး ကျန်လေးဦးမှာ ပျောက်ဆုံးနေဆဲဖြစ်၍ ဒလမြို့နယ်အုပ်ချုပ်ရေး၊ ကြက်ခြေနီအဖွဲ့နှင့် ရေကြောင်းရဲတပ်ဖွဲ့တို့က ဇွန် ၁၄ ရက် နံနက်ပိုင်းတွင် ဆက်လက်ရှာဖွေနေကြောင်း သိရသည်။

ပျောက်ဆုံးနေသော လေးဦးတွင် အမျိုးသား တစ်ဦးနှင့် အမျိုးသမီး သုံးဦးတို့အနက် ဇနီးမောင်နှံ နှစ်ဦးလည်းပါဝင်ရာ ပျောက်ဆုံးနေသော ဦးရာဂျူး၏ ညီဖြစ်သူ ဦးမောင်မောင်က "သူတို့အိမ်ထောင်ကျတာ မကြာသေးဘူး၊ မင်္ဂလာဈေးမှာ အအေးရောင်းတယ်၊ ဒီနေ့မနက်က စက်လှေ သုံးစင်းနဲ့ မွန်းတည့် ၁၂ နာရီထိ ရှာတယ်၊ ရေတက်လာပြီဆိုတော့ အဆင်မပြေတော့ဘူး၊ မနက်ဖြန်မှ ဆက်ရှာမယ်၊ မိုးထဲလေထဲမှာ မြစ်ကူးပြီး သွားလာရတဲ့သူတွေ အခုလို ရုတ်တရက်ဖြစ်လာရင် ချက်ချင်း သင်္ဘောတွေနဲ့ ဆလိုက်မီးထိုးပြီး ကယ်ဆယ်ရေးလုပ်ငန်း လုပ်သင့်တယ်လို့ မြင်တယ်၊ ဒါက မိုးရာသီအစပဲရှိသေးတယ်" ဟု ပြောသည်။



စက်လှေတိမ်းမှောက်စဉ် ပျောက်ဆုံးနေသူများအား ရှာဖွေကယ်ဆယ်ရေးအဖွဲ့များ လိုက်လံရှာဖွေနေစဉ်။

စက်သမ္ဗန်တစ်စီးလျှင် ခရီးသည် ၁၂ ဦး တင်ခွင့်ပြုထားပြီး အသက်ကယ်အင်္ကျီ ၁၃ ခု ထားရှိထားကြောင်း၊ ရာသီဥတုဖောက်ပြန်သောအချိန်တွင် စက်လှေများကို ထွက်ခွာခွင့်မပြုဘဲ အန္တရာယ်ကင်းရှင်းမှသာ ထွက်ခွာခွင့်ပြုကြောင်းနှင့် အဆိုပါညက ဖြစ်စဉ်တွင် ဆယ်ယူရရှိသူ ရှစ်ဦးတွင် နှစ်ဦးမှာ ရေမကူးတတ်သော်လည်း အသက်ကယ်အင်္ကျီ ဝတ်ဆင်ထားသည့်အတွက် အသက်ဘေးမှ လွတ်ကင်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"အစ်မက ဦးခေါင်းထိထားတယ်၊ အခုလို အသက်ရှင်ပြီး ပြန်ရောက်လာတာကိုပဲ မိသားစုက ဝမ်းသာနေကြတာ၊ ကုမ္ပဏီမှာ အလုပ်လုပ်တယ်၊ အစ်မက ရေမကူးတတ်ဘူး၊ အသက်ကယ်အင်္ကျီဝတ်ထားလို့ အသက်ဘေးက လွတ်ခဲ့တာ၊ ရေမွန်းတဲ့ဒဏ်နဲ့ ခေါင်းကို တိုက်မိတဲ့ဒဏ်ကြောင့် မထနိုင်သေးဘူး" ဟု ဒလမြို့နယ် အံ့ကြီးအနောက်ရပ်ကွက်တွင် နေထိုင်သော အသက်ရှင်လွတ်မြောက်လာသည့် ဒေါ်မေဝင်းအောင်က ပြောသည်။

ယနေ့နေ့လယ်ပိုင်းတွင်လည်း ပျောက်ဆုံးနေသူ လေးဦးကို ကမာကသွယ်စက်လှေဂိတ်မှ စက်လှေများဖြင့် ဆက်လက်ရှာဖွေလျက်ရှိပြီး ရန်ကုန်မိုးမှာ ဆက်လက်ရွာသွန်းလျက်ရှိကာ ဝါဆိုလဆန်း ၂ ရက်နေ့ဖြစ်သောကြောင့် ရေတက်ချိန်တွင် စဉ့်အိုးတန်းဆိပ်ကမ်း ကမ်းနားပေါ်ထိ မြစ်ရေတက်လျက်ရှိကြောင်း သိရသည်။

**သတင်း- သန်းထိုက်၊ ဓာတ်ပုံ- သန်းစိုး**

## မြန်မာ့ရုပ်မြင်သံကြား

**၁၅ - ၆ - ၂၀၁၈ (သောကြာနေ့)**

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၆း၀၀ | - | တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၇း၀၀ | - | Breakfast News |
| ၁၁း၃၀ | - | အလုပ်သမားရေးရာ အစီအစဉ် |
| ၁၂း၃၀ | - | **နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဒေသခံပြည်သူများ စကားဝိုင်း ထုတ်လွှင့်မှုအစီအစဉ် (အပိုင်း-၁) (မွန်ပြည်နယ်၊ မော်လမြိုင် တက္ကသိုလ် ဘက်စုံခန်းမ)** |
| ၁၄း၂၀ | - | မြန်မာဇာတ်လမ်းတွဲ **ဇနီးချောများကွန်ယက်** (အပိုင်း-၂) |
| ၁၅း၀၅ | - | **ငြိမ်းချမ်းရေးဂီတပွဲတော် ထုတ်လွှင့်မှုအစီအစဉ် (Level-III)** (ပွဲစဉ်-၁) (နေပြည်တော်) (တတိယပိုင်း) |

**ညပိုင်း**

| | | |
|---|---|---|
| ၁၆း၃၅ | - | **Weekly MNL Review** (Week-15) |
| ၁၉း၁၅ | - | မြန်မာဇာတ်လမ်းတွဲ **ဇနီးချောများကွန်ယက်** (အပိုင်း-၃) |
| ၂၀း၀၀ | - | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသ အခြေအနေ |
| ၂၀း၃၅ | - | **ကိုယ်စားလှယ်လောင်းများ အမည်စာရင်း တင်သွင်းရာတွင် အဓိကလိုက်နာရမည့်အချက်များနှင့် သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲများမှ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ဖွယ်နည်းလမ်းများ အကြောင်းသိကောင်းစရာ** |
| | - | America's Got Talent |
| | - | ဟာသရုပ်စုံ စင်တော်ကြီး **သေတာကမှ ကောင်းပါတယ်** |

# ဦးကိုနီ လုပ်ကြံခံရမှုနှင့်ပတ်သက်၍ ဇွန် ၂၈ ရက်တွင် အမိန့်ချမှတ်မည်

**ရန်ကုန် ဇွန် ၁၄**

တရားလွှတ်တော်ရှေ့နေ ဦးကိုနီအား သေနတ်ဖြင့် ပစ်ခတ်လုပ်ကြံခံရမှုနှင့် ပတ်သက်၍ သေနတ်သမား ကြည်လင်း (ခ) ဖိုးထူး၊ ပါဝင်ပတ်သက်သူ အောင်ဝင်းဇော်နှင့် ဇေယျာဖြိုး၊ အချုပ်လွတ်အာမခံရရှိထားသူ အောင်ဝင်းထွန်းတို့ ရန်ကုန်မြောက်ပိုင်းခရိုင် အထူးတရားခုံရုံးသို့ ယနေ့ နံနက် ၁၀ နာရီက ရုံးထုတ်ရောက်ရှိလာသော်လည်း အမှုတွဲများ တိုင်းဒေသကြီးတရားလွှတ်တော်မှ ပြန်လည်ရောက်ရှိလာခြင်းမရှိသေး၍ စစ်ဆေးမှု ပြုလုပ်နိုင်ခြင်းမရှိကြောင်းနှင့် ဇွန် ၂၈ ရက်ကို ပြန်လည် ချိန်းဆိုထားကြောင်း သတင်းနှင့် ပြန်ကြားရေးအရာရှိ ဒုတိယ ခရိုင်တရားသူကြီး ဦးရဲလွင်ထံမှ သိရသည်။

ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး ရာဇဝတ်ကြီးအမှု အမှတ် ၄၅/၂၀၁၇ ရာဇသတ်ကြီးဥပဒေ ပုဒ်မ ၃၀၂/၃၄/၁၂၂ လူသတ်မှုနှင့် ရာဇဝတ်ကြီး အမှုအမှတ် ၄၆/၂၀၁၇ လက်နက်များအက်ဥပဒေ ပုဒ်မ ၁၉ (ဃ) (စ) အရ စစ်ဆေးနေဆဲ ကိစ္စရပ်များသည် တိုင်းဒေသကြီးတရားလွှတ်တော်သို့ ရာဇဝတ်ပြင်ဆင်မှု လျှောက်ထားသော အမှု ရှစ်မှုအား မေ ၂၅ ရက်တွင် တိုင်းဒေသကြီးတရားသူကြီး ဦးအောင်နိုင် တရားခွင်၌ အပြီးသတ်ကြားနာခဲ့ပြီးနောက် ဇွန် ၂၈ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် ရုံးခန်း ၇ ၌ အမိန့်ချမှတ်မည်ဖြစ်ကြောင်း အဆိုပါတရားရုံးမှ သိရသည်။

**မျိုးမင်းသိန်း (မရမ်းကုန်း)**

# ဟုမ္မလင်းမြို့နယ်တွင် ငွေနှင့် ရွှေထည်များ လုယက်ယူဆောင်သူများကို ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး ကနီမြို့နယ် ဒဟတ်တောကျေးရွာနေ ဒေါ်ရီရီဝင်း (၄၃ နှစ်) နှင့် ၎င်း၏မောင် ဇော်မင်းထွန်း (၂၈ နှစ်) တို့သည် နံသာကျေးရွာအုပ်စု ဟွေ့ချောင်းရွှေမှော်ရှိ နေအိမ်ဈေးဆိုင်၌ အိပ်နေစဉ် ဇွန် ၈ ရက် နံနက် ၁ နာရီက မျက်နှာတွင် အဝတ်များစည်းလျက် လက်နက်များ ကိုင်ဆောင်ထားသော အမျိုးသား ၁၂ ဦး (စိစစ်ဆဲ) သည် ဈေးဆိုင်အတွင်း ဝင်ရောက်၍ ဇော်မင်းထွန်းအား ဓားဖြင့်ခုတ်သည့်အပြင် ငွေကျပ် သိန်း ၅၀ ခန့်၊ ရွှေ ၂၀ ကျပ်သား၊ လက်ကိုင်ဖုန်းတစ်လုံး၊ CANDA-125 ဆိုင်ကယ်တစ်စီးတို့အား လုယက်ယူဆောင်သွားသဖြင့် မိုင်းကိုင်းနယ်မြေရဲစခန်းက အမှုဖွင့်စုံစမ်းခဲ့သည်။

ပြစ်မှုကျူးလွန်သူများအား ဖမ်းဆီးရမိရေးအတွက် မိုင်းကိုင်းနယ်မြေရဲစခန်းမှ ရဲအုပ် မျိုးမင်းညွန့် ဦးစီးသည့် ရဲတပ်ဖွဲ့ဝင်များ၊ တပ်မတော်သားများပါဝင်သည့် ပူးပေါင်းအဖွဲ့က လိုက်လံစုံစမ်းဆောင်ရွက်နေစဉ် ဇွန် ၁၃ ရက်က စေတီဆိပ်ကျေးရွာအနီး နန်းစားကျေးရွာနေ ကျော်ရွှေ (၄၂ နှစ်) ၏ တဲကို ဝင်ရောက်ရှာဖွေရာ တဲတွင်း၌ ကျော်ရွှေနှင့်အတူ ဗန်းမောက်မြို့နယ် မံနားကျေးရွာနေ ဘထွန်း (၁၉ နှစ်)၊ တစ်ရွာတည်းနေ ထွန်းချို (၁၉နှစ်) တို့ကို တွေ့ရှိသဖြင့် စစ်ဆေးခဲ့သည်။

စစ်ဆေးချက်အရ ၎င်းတို့နှင့်အတူ ပြစ်မှုကျူးလွန်သူများမှာ ကောလင်းမြို့နယ် တောင်စိမ်းကျေးရွာနေ စိုးအောင် (၄၀နှစ်)၊ ပင်လည်ဘူးမြို့နယ် မြေကုလားကျေးရွာနေ ခင်ထူး(၃၄နှစ်)၊ ဗန်းမောက်မြို့နယ် နန်းဇာကျေးရွာနေ ခင်ရွှေ(၃၅ နှစ်)၊ တစ်ရွာတည်းနေ ဖေညာဏ် (၃၀ နှစ်)၊ ထွန်းမြင့်ဦး(၁၉နှစ်)၊ ဖောင်းပြင်မြို့နယ် ကရာစုကျေးရွာနေ ကိုကိုချစ် (ခ) ချစ်မိုးဦး (၂၅ နှစ်) တို့ဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။



ပြစ်မှုကျူးလွန်သူ ကျော်ရွှေထံမှ ပြစ်မှုကျူးလွန်စဉ်က ရရှိခဲ့သည့် ငွေကျပ် ငါးသိန်းနှင့် သက်သေခံပစ္စည်းများ သိမ်းဆည်းရမိခဲ့သောကြောင့် ကျော်ရွှေပါ သုံးဦးတို့ကို အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်းနှင့် ကျန်ပြစ်မှုကျူးလွန်သူများအား လိုက်လံဖမ်းဆီးလျက်ရှိကြောင်း သိရသည်။

**ကိုရဲ**

# တပ်ကုန်း၌ ဆိုင်ကယ်များတင်ဆောင်လာသော ယာဉ်အား ဆီဘောက်ဆာယာဉ်ဝင်တိုက်မိ၍ တိမ်းမှောက်

**နေပြည်တော် ဇွန် ၁၄**

နေပြည်တော် တပ်ကုန်းမြို့ ရန်ကုန်-မန္တလေးလမ်း ကြို့ပင်သာဂိတ်တွင် ဇွန် ၁၄ ရက်က ဆိုင်ကယ်များ တင်ဆောင်လာသောယာဉ်အား လားရာတူမောင်းနှင်လာသည့်ယာဉ်က နောက်မှ ဝင်တိုက်မိသဖြင့် တိမ်းမှောက်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်-မန္တလေးလမ်း မိုင်တိုင်အမှတ် ၂၈၀/၁ တပ်ကုန်းမြို့ဝင် စစ်ဆေးရေးဂိတ်တွင် ပျဉ်းမနားဘက်မှ ရမည်းသင်းဘက်သို့ တောင်ကြီးမြို့နေ ယာဉ်မောင်း ကျော်ကျော်နိုင် မောင်းနှင်လာသော ဆီဘောက်ဆာယာဉ် 9B/..... သည် ရှေ့မှ လားရာတူအတိုင်း ကျိုက်ထိုမြို့နေ ယာဉ်မောင်း မောင်မောင်လတ် မောင်းနှင်ပြီး ယာဉ်ပေါ်တွင် ထိုင်းနိုင်ငံထုတ် (Scoopy) ဆိုင်ကယ်အသစ် ၄၂ စီးတင်ဆောင်လာသည့် 8I/..... ခြောက်ဘီးယာဉ်မှာ မြို့ဝင်စစ်ဆေးရေးဂိတ်နေရာအရောက် နောက်မှအရှိန်မထိန်းနိုင်ဘဲ ဝင်တိုက်မိခဲ့သဖြင့် ဆိုင်ကယ်တင်ဆောင်လာသည့်ယာဉ်မှာ တိမ်းမှောက်သွားခဲ့ပြီး ဆီဘောက်ဆာယာဉ်မှာလည်း ကားလမ်းဘေးသို့ ထိုးကျသွားသဖြင့် ဆီဘောက်ဆာ ယာဉ်မောင်းအား တပ်ကုန်းမြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**တင်ထွန်းတာ (တပ်ကုန်း)**

# ဖားကန့်နှင့် မံစီမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၁၄**

မူးယစ်တပ်ဖွဲ့စု (၃)မိုးညှင်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၁၃ ရက် နံနက် ၁၀ နာရီခန့်က ဖားကန့်မြို့နယ် လုံးခင်းကျေးရွာအုပ်စု လယ်ပြင်ကျေးရွာ ချောင်းဆုံလျှိုအတွင်း၌ အင်ခွန်ဇော်မိုင်အား ရှာဖွေရာ ဘိန်းဖြူ ၀ ဒသမ ၃ ဂရမ်ကိုလည်းကောင်း၊ အလားတူ မွန်းတည့် ၁၂ နာရီက မူးယစ်တပ်ဖွဲ့စု (၁) ဗန်းမော်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မံစီမြို့နယ် ဟန်ထက်ကျေးရွာနှင့် မန်သာကျေးရွာသွားကားလမ်းတွင် နိုင်ထွန်း မောင်းနှင်လာသည့် ဆိုင်ကယ်ကိုရှာဖွေရာ ဘိန်းဖြူ ၁၁ ဂရမ်နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၁၁၀၀ တို့ကိုလည်းကောင်း သိမ်းဆည်းရမိသည်။

အလားတူ ဇွန် ၁၂ ရက်က ကော့သောင်းမြို့ ရွှေပြည်သာရပ်ကွက် မြရည်ပုလဲလမ်းတွင် ဇော်မြင့် မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ် ဆေးပြား ၈၂၅၀ ကိုလည်းကောင်း၊ ထို့အတူ ဇွန် ၁၃ ရက် ညနေ ၆ နာရီခန့်က မူးယစ် တပ်ဖွဲ့စု (၁၇) မန္တလေး (မြောက်ပိုင်း) မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ပုသိမ်ကြီးမြို့နယ် မန္တလေး-လားရှိုးသွားကားလမ်းတွင် အောင်မင်းမျိုး (ခ)သူသူအား ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၄၅၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့၍ ၎င်းတို့အား ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**

# မရမ်းချောင်စစ်ဆေးရေးအဖွဲ့ ယာဉ်စစ်ဆေးစဉ် ကားတာယာဟောင်းများ တွေ့ရှိသဖြင့် ဖမ်းဆီး

**နေပြည်တော် ဇွန် ၁၄**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဇွန် ၁၃ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၂၀၈ စီး၊ သွင်းကုန် ၉၃၂ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၉ စီး၊ သွင်းကုန် ၁၄၅ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇွန် ၁၃ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု နှစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁ ဒသမ ၇၁၄ သန်းခန့်၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု ငါးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀ ဒသမ ၉၇၅ သန်းခန့် စုစုပေါင်း တားဆီးမှု ခုနစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂ ဒသမ ၆၉ သန်းခန့်အား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဇွန် ၁၃ ရက်တွင် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ ရှောင်ကွင်းလမ်းဖြစ်သည့် ကော့ထင်းကျေးရွာအနီး စွပ်ပွန်းလမ်းသွယ်အတွင်း မစ်ဆူဘီရှီ ကင်တာယာဉ် တစ်စီး၊ တိုယိုတာဒိုင်နာယာဉ် တစ်စီးတို့အား ရှောင်တခင်စစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ကားတာယာအဟောင်းများဖြစ်သော 225/80 R 17.5(57 Nos)၊ 225/70 R12.5 (12 Nos)၊ 165/70 R19.5(15 Nos)၊ 175/80 R 22.5(60 Nos) နှင့် ပစ္စည်းသယ်ဆောင်သည့်ယာဉ် နှစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀ ဒသမ ၂၁၅ သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နျူကလီးယားကင်းစင်ရေးလျင်မြန်စွာဆောင်ရွက်ရမည်ကို မြောက်ကိုရီးယားနားလည်ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးပြော

**ဝါရှင်တန် ဇွန် ၁၄**

မြောက်ကိုရီးယားခေါင်းဆောင်ကင်ဂျုံအန်းအနေဖြင့် နျူကလီးယားလက်နက် ကင်းစင်ရေး အလျင်အမြန်အကောင်အထည်ဖော်ရမည်ကို နားလည်ထားကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအိုက ကြာသပတေးနေ့တွင် ပြောခဲ့သည်။

နျူကလီးယား လက်နက်ကင်းစင်ရေး အပြီးသတ်ဆောင်ရွက်မှု မပြီးမချင်း မြောက်ကိုရီးယားအပေါ် ပိတ်ဆို့မှုများကို ဖယ်ရှားပေးမည်မဟုတ်သေးကြောင်း ၎င်းက ဆက်လက်ပြောခဲ့သည်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီးသည် တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့၌ ဂျပန်နိုင်ငံခြားရေးဝန်ကြီးနှင့်တောင်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီးတို့ တွေ့ဆုံခဲ့ပြီး အမေရိကန်နှင့်မြောက်ကိုရီးယားတို့၏ သမိုင်းဝင်ဆွေးနွေးပွဲမှ ရလဒ်များကို ရှင်းလင်းပွဲ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ပူးတွဲသတင်းစာရှင်းလင်းပွဲတွင် ပွန်ပီအိုက အတိတ်ကာလက နျူကလီးယား လုံးဝမကင်းစင်မီ စီးပွားရေးဆိုင်ရာအကူအညီများကို ပေးအပ်ခဲ့ကြောင်း၊ ယခုတစ်ကြိမ်၌မူ ထိုသို့မဟုတ်ကြောင်း၊ နျူကလီးယားလက်နက်ကင်းစင်ရေး အပြီးသတ်ဆောင်ရွက်ပြီးမှသာ စီးပွားရေးပိတ်ဆို့မှုများကို ဖယ်ရှားပေးမည်ဖြစ်ကြောင်း ပြောခဲ့သည်။

အမေရိကန်၊ ဂျပန်နှင့်တောင်ကိုရီးယားတို့သည် မြောက်ကိုရီးယား၌ နျူကလီးယားလက်နက်ကင်းစင်ရေးနှင့် ကိုရီးယားပင်နီဆူလာကျွန်းဆွယ် ငြိမ်းချမ်းရေးတို့အတွက် အရေးပါသည့်နေရာမှ ပါဝင်ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးက ၎င်း၏ အမြင်ကို ပြောခဲ့သည်။

ရှေ့ဆက်အောင်မြင်ရေးအတွက် သုံးနိုင်ငံအတူတကွ ပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်းလည်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ အမေရိကန် သမ္မတထရန့်နှင့် မြောက်ကိုရီးယားခေါင်းဆောင်ကင်ဂျုံအန်းတွေ့ဆုံပြီးနောက် တောင်ကိုရီးယားနှင့် ပြုလုပ်နေကျစစ်ရေးလေ့ကျင့်မှုများကို ရပ်နားထားမည်ဖြစ်ကြောင်း ပြောခဲ့သည်။ အမေရိကန်နှင့်တောင်ကိုရီးယားတို့သည် စစ်ရေးလေ့ကျင့်မှုများကို နှစ်စဉ်ပြုလုပ်လေ့ရှိပြီး ယင်းသို့ပြုလုပ်ခြင်းကို မြောက်ကိုရီးယားက ကျူးကျော်ရန်ပြင်ဆင်ခြင်းဟု သတ်မှတ်ခဲ့ကြသည်။

**အေအက်ဖ်ပီ**



# အင်္ဂါဂြိုဟ်ပေါ်ရောက်ရှိနေသောယာဉ်နှင့် နာဆာတို့ အဆက်အသွယ်ပြတ်တောက်

**ဝါရှင်တန် ဇွန် ၁၄**

အမေရိကန် အာကာသအေဂျင်စီ နာဆာနှင့် အင်္ဂါဂြိုဟ်ပေါ်သို့ ရောက်ရှိနေသော အာကာသယာဉ်တို့ အဆက်အသွယ်ပြတ်တောက်သွားကြောင်း၊ အလွန်ကြီးမားသောသဲမုန်တိုင်းနှင့် ရင်ဆိုင်ခဲ့ရပြီး အဆက်အသွယ်ပြတ်တောက်သွားခဲ့ခြင်းဖြစ်ကြောင်း နာဆာမှပြောသည်။


ယင်းသဲမုန်တိုင်းမှာ မေလကုန်ခါနီးမှ စတင်ကာဖြစ်ပေါ်ခဲ့ခြင်းဖြစ်ကြောင်း အင်္ဂါဂြိုဟ်မျက်နှာပြင် သုံးပုံတစ်ပုံမှာ သဲမုန်တိုင်းဖြင့် ဖုံးလွှမ်းနေကြောင်း၊ ယင်းပမာဏမှာ မြောက်အမေရိကနှင့် ရုရှားနိုင်ငံတို့၏ ပမာဏလောက်ရှိကြောင်း နာဆာမှ အရာရှိများက ပြောသည်။

တနင်္ဂနွေနေ့မှစတင်ကာ အင်္ဂါဂြိုဟ်ပေါ်ရောက်ရှိနေသော အာကာသယာဉ်နှင့်အဆက်အသွယ်ပြတ်တောက်သွားခဲ့ကြောင်း သိရသည်။

သဲမုန်တိုင်းကြောင့် နေ၏အလင်းရောင်ကို ကွယ်သွားသလိုဖြစ်ခဲ့ပြီး ဆိုလာစနစ်ဖြင့် အားသွင်းရသောအဆိုပါယာဉ်မှာ စွမ်းအင်ပြန်လည်ဖြည့်ဆည်းရန် မဖြစ်နိုင်သောကြောင့် အဆက်အသွယ်ပြတ်တောက်သွားခြင်း ဖြစ်နိုင်သည်။ နောက်ဆုံးအဆက်အသွယ်ရချိန်တွင် အင်္ဂါဂြိုဟ်ပေါ်မှ အပူချိန်မှာ အနုတ် ၃၀ ဒီဂရီဆဲလ်စီးရပ်ရှိကြောင်း သိရသည်။ အဆိုပါယာဉ်မှာ ဂြိုဟ်ပေါ်မှပုံရိပ်များကို ကမ္ဘာပေါ်သို့ ပြန်လည်ပေးပို့လျက်ရှိပြီး သိပ္ပံပညာရှင်များက ဘူမိဗေဒသဘောတရားများ လေ့လာရာတွင် အထောက်အကူပြုလျက်ရှိသည်။

အဆိုပါမုန်တိုင်းမှာ အချိန်မည်မျှကြာမြင့်မည်ကို မသိရသေးပေ။ သို့သော် အဆက်အသွယ်ပြန်လည်ရရှိမည့်အချိန်ကို မျှော်လင့်လျက်ရှိကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**



# တောင်ဆူဒန်၌ ပဋိပက္ခများကြောင့် နိုင်ငံမဲ့အရေအတွက်များပြားလာသည်ကို ကုလသမဂ္ဂ အပြစ်တင်

**ဂျူဘား ဇွန် ၁၄**

တောင်ဆူဒန်နိုင်ငံ၌ လေးနှစ်ကြာပဋိပက္ခများကြောင့် စီးပွားရေးအခက်အခဲများနှင့် စစ်ပွဲများကြောင့်နေရပ်စွန့်ခွာသူများလာပြီး နိုင်ငံအတွင်း အထောက်အထားအပြည့်အစုံမရှိသည့်အတွက် နိုင်ငံမဲ့အရေအတွက်များလာကြောင်း ကုလသမဂ္ဂဒုက္ခသည်အေဂျင်စီက ဗုဒ္ဓဟူးနေ့တွင် ပြောခဲ့သည်။

တောင်ဆူဒန်နိုင်ငံ၌ မငြိမ်းချမ်းမှုများနှင့် လုံခြုံရေးအာမခံချက်မပေးနိုင်ခြင်းတို့ကြောင့် နေရပ်စွန့်ခွာသူအရေအတွက်များလာခဲ့ပြီး နိုင်ငံမဲ့အရေအတွက်မှာလည်း များလာခဲ့ကြောင်း ကုလသမဂ္ဂဆိုင်ရာမဟာမင်းကြီးရုံးက ပြောသည်။ အဓိကစိန်ခေါ်မှုမှာ ပြည်တွင်းပြောင်းရွှေ့နေထိုင်သူများအတွက် လုံလောက်သည့်နိုင်ငံသားအချက်အလက်များမရခြင်းသည် လက်ရှိကြုံတွေ့နေရသော အခက်အခဲတစ်ခုပင်ဖြစ်ကြောင်း ကုလသမဂ္ဂမဟာမင်းကြီးရုံး အစီရင်ခံစာအရသိရသည်။

တောင်ဆူဒန် နိုင်ငံသား၊ နိုင်ငံကူးလက်မှတ်နှင့် ကိုယ်ရေးအချက်အလက်ဆိုင်ရာ ညွှန်ကြားရေးမှူးရုံးမှ အချက်အလက်မပြည့်စုံသည့် သံသယဖြစ်ဖွယ်ရှိသော နိုင်ငံသားများအတွက် ဒေသအာဏာပိုင်များ၏ ထောက်ခံချက်ရယူရန်လိုအပ်ကြောင်းပြောသည်။ ယင်းသို့ ထောက်ခံချက်ရယူရန်မှာလည်း အမေရိကန်ဒေါ်လာ ၂၅ ဒေါ်လာမှ ၃၅ ဒေါ်လာအတွင်း ကျသင့်၍ မပေးနိုင်ကြသောကြောင့် နိုင်ငံသားဆိုင်ရာအထောက်အထားများရရှိရန် ခက်ခဲလာကြခြင်းလည်းဖြစ်သည်။

တောင်ဆူဒန်နိုင်ငံ ကုလသမဂ္ဂဆိုင်ရာ မဟာမင်းကြီးရုံးမှ ကိုယ်စားလှယ်က ၎င်းတို့အနေဖြင့် ၂၀၁၄ ခုနှစ်မှ စတင်ကာ လူပေါင်း ၁၂၀၀၀ ခန့်ကို နိုင်ငံသားဆိုင်ရာ အချက်အလက်များရရှိရန် ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း ပြောသည်။ တောင်ဆူဒန်အစိုးရနှင့်ပူးပေါင်း၍လည်း နောက်ထပ်အကူအညီပေးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

**ဆင်ဟွာ**

# အိန္ဒိယမြောက်ပိုင်း ဥတ္တရပရာဒေ့ရှ်တွင် မိုးသက်မုန်တိုင်းတိုက်ခတ်မှုကြောင့် လူ ၁၃ ဦးသေဆုံး

**နယူးဒေလီ ဇွန် ၁၄**

ဥတ္တရပရာဒေ့ရှ်ပြည်နယ်၌ ဗုဒ္ဓဟူးနေ့ ညပိုင်းက မိုးသက်မုန်တိုင်းတိုက်ခိုက်ခဲ့ရာ လူ ၁၃ ဦး သေဆုံးခဲ့ပြီး ၂၈ ဦးဒဏ်ရာရခဲ့ကြောင်း ဒေသခံအာဏာပိုင်များက ပြောသည်။

ပျက်စီးဆုံးရှုံးမှုများသော ဒေသများမှာ ဂွန်ဒါ၊ စီထရာပူခရိုင်တို့မှ ဖြစ်သည်။ ဒဏ်ရာရရှိသူများမှာ ယခုအခါ ဆေးရုံများ၌ တက်ရောက်ကုသလျက်ရှိကြောင်း သဘာဝဘေးစီမံခန့်ခွဲမှုဆိုင်ရာအရာရှိက ပြောသည်။

လွန်ခဲ့သောသီတင်းပတ်ကလည်း မိုးသည်းထန်စွာရွာသွန်းမှုနှင့်မိုးသက်လေပြင်းများကြောင့် လူပေါင်း ၂၆ ဦးအသက်ဆုံးရှုံးခဲ့ရသည်။ ပြည်နယ်ဝန်ကြီးက ထိခိုက်ဒဏ်ရာခံစားခဲ့ရသည့် မိသားစုဝင်များကို ထောက်ပံ့ကြေးနှင့် နစ်နာကြေးများ ပေးအပ်ရန် ပြောကြားခဲ့သည်။

လွန်ခဲ့သောလအတွင်း အိန္ဒိယနိုင်ငံတစ်ဝန်းလုံး၌ မိုးသည်းထန်စွာရွာသွန်းမှုနှင့် မုန်တိုင်းများကြောင့် လူပေါင်း ၂၅၀ ခန့် အသက်ဆုံးရှုံးခဲ့ရပြီး လူပေါင်း ၄၀၀ ခန့် ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

# ဟူသီသူပုန်များလက်မှ နယ်မြေများပြန်လည်သိမ်းပိုက်နိုင်ရေးစစ်ဆင်ရေးဆင်နွှဲရန်ယီမင်သမ္မတ အမိန့်ပေး

**ဆာနား ဇွန် ၁၄**

နိုင်ငံတကာမှ လက်ခံထားသောယီမင် သမ္မတ မန်ဆောဟေဒီသည် ဟိုဒေးဒါဒေသကိုပြန်လည်သိမ်းယူနိုင်ရေးဗုဒ္ဓဟူးနေ့က ၎င်း၏တပ်ဖွဲ့ဝင်များကို ပြင်းထန်သည့်တိုက်ပွဲများဆင်နွှဲနိုင်ရန် အမိန့်ပေးခဲ့သည်။ ဟိုဒေးဒါဒေသသည် အီရန် က ကျောထောက်နောက်ခံပြုထားသည့် ရှီးယိုက်ဟူသီ သူပုန်များ၏ လက်အတွင်း ကျရောက်နေသည်။

နိုင်ငံပိုင် ဆာဗာ သတင်းအေဂျင်စီက သမ္မတဟေဒီသည် ၎င်း၏တပ်ဖွဲ့ဝင်များကို ကြီးကျယ်သည့် စစ်ဆင်ရေးဆင်နွှဲပြီး ယင်းဒေသရှိ လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ အခက်အခဲများနှင့် ရင်ဆိုင်ကြုံတွေ့နေရသော ပြည်သူများကို ကယ်တင်ရန် အမိန့်ပေးခဲ့သည်ဟု သတင်းထုတ်ပြန်ထားသည်။

ထို့ပြင် ယီမင်သမ္မတသည် ဆော်ဒီဦးဆောင်သည့် မဟာမိတ်များကိုလည်း တိုက်ပွဲဆင်နွှဲရာတွင် ၎င်းတို့တပ်ဖွဲ့ဝင်များကို အကူအညီအပြည့်အဝပေးရန် အကူအညီတောင်းခံထားသည်။

ယူအေအီးနိုင်ငံမှာလည်း အာရပ်မဟာမိတ်တပ်ပေါင်းစုတွင်ပါဝင်ပြီး ယင်းစစ်ဆင်ရေးကို ရွှေရောင်အောင်မြင်မှုစစ်ဆင်ရေးဟု အမည်ပေးထားသည်။ ယင်းတိုက်ပွဲကို နံနက်ပိုင်းမှစတင်ကာ ဆင်နွှဲခဲ့ခြင်းဖြစ်သည်။



ယီမင်အစိုးရသည် ယူအေအီး အစိုးရအပါအဝင် အာရပ်မဟာမိတ်တပ်များ၏ ကူညီမှုဖြင့် စစ်ဆင်ရေးကို လျင်လျင်မြန်မြန်ပင်လုပ်ဆောင်လျက်ရှိသည်။ ဟိုဒေးဒါဒေသသည် ဟူသီသူပုန်များ ထိန်းချုပ်ထားရာ ဒေသများသို့ လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ အကူအညီများပေးအပ်နိုင်ရန် အရေးပါသော လမ်းကြောင်းတစ်ခုလည်းဖြစ်သည်။

**ဆင်ဟွာ**

နိုင်ငံတကာ သတင်းတိုထွာ

## ဂါဇာဒေသရှိ ပါလက်စတိုင်းများ လုံခြုံရေးအတွက် ကုလသမဂ္ဂတိုက်တွန်း

**ဂျီနီဗာ ဇွန် ၁၄**

ကုလသမဂ္ဂ အထွေထွေညီလာခံမှ ဂါဇာဒေသရှိပါလက်စတိုင်းများအတွက် လုံခြုံရေးအကာအကွယ်ပေးရန် တောင်းဆိုခဲ့ကြသည်။

မေလနှောင်းပိုင်းမှစတင်ကာဂါဇာဒေသ၌ ပါလက်စတိုင်းဆန္ဒပြသူများကို အစ္စရေးလုံခြုံရေး တပ်ဖွဲ့ဝင်များက ပစ်ခတ်မှုများပြုလုပ်ခဲ့ရာ လူပေါင်း ၁၂၇ ဦး သေဆုံးခဲ့ရသည်။

တူရကီနှင့် အယ်လ်ဂျာရီးယားတို့၏ တိုက်တွန်းမှုဖြင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ဗုဒ္ဓဟူးနေ့က ယင်းကိစ္စနှင့်ဆက်စပ်၍ ဆုံးဖြတ်ချက် မူကြမ်း ချမှတ်နိုင်ရေး မဲပေးဆုံးဖြတ်ခဲ့ကြသည်။ ကုလသမဂ္ဂဆိုင်ရာ အမေရိကန်သံအမတ်နစ်ကီဟာလေက ယင်းဆုံးဖြတ်ချက် မူကြမ်းမှာ တစ်ဖက်သတ်ဆန်ကြောင်း ဝေဖန်ခဲ့သည်။

ဗုဒ္ဓဟူးနေ့အစည်းအဝေးသို့ နိုင်ငံပေါင်း ၁၇၃ နိုင်ငံမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြပြီး အမေရိကန်နှင့် အစ္စရေးအပါအဝင် နိုင်ငံပေါင်းရှစ်နိုင်ငံမှ ဆန့်ကျင်မဲပေးခဲ့ကြသည်။ ၄၅ နိုင်ငံကမူ မဲပေးခြင်းမပြုဘဲ နေခဲ့ကြသည်။

**အင်န်အိတ်ချ်ကေ**

## ဒုက္ခသည်အရေးနှင့်ပတ်သက်၍ အီတလီနှင့် ပြင်သစ်တို့ကြား မကျေလည်မှုများရှိလာ

**ရောမ ဇွန် ၁၄**

အီတလီနိုင်ငံတွင် အစိုးရသစ်တက်လာပြီးချိန်မှစ၍ ဒုက္ခသည် လက်ခံရေးမူဝါဒနှင့်ပတ်သက်ကာ အပြောင်းအလဲများရှိလာသည်။

ဒုက္ခသည် ၆၂၀ ကို တင်ဆောင်လာသော သင်္ဘောကို အီတလီက ကမ်းကပ်ခွင့်မပေးသည့်ကိစ္စနှင့်ပတ်သက်၍ အီတလီနှင့်ပြင်သစ်နိုင်ငံတို့ကြားအချင်းများလျက်ရှိသည်။

ယင်းသင်္ဘောပေါ်တွင် အာဖရိကမှ ဒုက္ခသည်များကို တင်ဆောင်လာသည်။ အီတလီအစိုးရက ယင်းသင်္ဘောကမ်းကပ်ခွင့်တောင်းသည်ကို လက်မခံဘဲငြင်းဆန်ခဲ့သည်။

အခြားအီးယူအဖွဲ့ဝင်နိုင်ငံများသည်လည်း ဒုက္ခသည်အရေးခွဲဝေ လက်ခံသင့်သည်ဟု တောင်းဆိုကာကမ်းကပ်ခွင့်မပေးခဲ့ခြင်းဖြစ်သည်။

ယင်းကိစ္စ နှင့်ပတ်သက်၍ ပြင်သစ်သမ္မတ မက်ခရွန်က အီတလီအစိုးရ၏ အကြောင်းပြချက်မှာ ကျိုးကြောင်းဆီလျော်မှုမရှိဟုဆိုကာ ပြစ်တင်ဝေဖန်ခဲ့ခြင်းဖြစ်သည်။

အီတလီ နိုင်ငံဘက်မှလည်း နှစ်နိုင်ငံစီးပွားရေးဝန်ကြီးများ တွေ့ဆုံပွဲကို လတ်တလောတွင် ဖျက်သိမ်းထားသည်။

**အင်န်အိတ်ချ်ကေ**

# အမေရိကန်အတွက် အီရန်ပြည်သူများ၏ မေးခွန်းတစ်ခု

**ခြူးစန္ဒီနွေး**



“သမ္မတထရန့်မှာလည်း ဒီလိုပြုလုပ်ဖို့အတွက် အကြောင်းပြချက်တွေအများကြီးရှိနေမှာပါ၊ အီရန်ခေါင်းဆောင်တွေကလည်း မြောက်ကိုရီးယားလိုပဲလုပ်ဆောင်ပြီး ဆွေးနွေးပွဲပြုလုပ်ဖို့ တောင်းဆိုသင့်တယ်လို့လည်း အချို့က ပြောကြပါတယ်၊ တကယ်လို့များ အမေရိကန်ဟာ မြောက်ကိုရီးယားနဲ့တောင် ဆွေးနွေးနိုင်ရင် အီရန်နဲ့ရော ဘာကြောင့်မဖြစ်နိုင်ရမှာလဲ”

မကြာသေးခင်ကမှ မြောက်ကိုရီးယားခေါင်းဆောင်ကင်ဂျုံအန်းနဲ့ အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်တို့ဟာ သမိုင်းဝင်တွေ့ဆုံပွဲတစ်ခု ပြုလုပ်ခဲ့ပါတယ်။ တစ်ချိန်တုန်းက မျက်နှာချင်းဆိုင်လို့မရအောင် ရန်သူတွေဖြစ်ခဲ့ကြပေမယ့် သမိုင်းဝင်တွေ့ဆုံပွဲမှာ အချင်းချင်းလက်ဆွဲနှုတ်ဆက်ကြပြီး သဘောတူလက်မှတ်ရေးထိုးနိုင်ခဲ့ပါတယ်။ ဒီပုံရိပ်တွေကတော့ ဒီတစ်ပတ်အတွင်း ကမ္ဘာ့မီဒီယာတွေကြားမှာ ရေပန်းအစားဆုံးသတင်းနဲ့ပုံရိပ်တွေ ဖြစ်ခဲ့ပါတယ်။

### အီရန်နဲ့ ညှိနှိုင်းမှုတွေ မလုပ်နိုင်ကြဘူးလား

ဒီသတင်းတွေကိုကြည့်ရင်း အီရန်ကလည်း မေးစရာရှိလာပါတယ်။ အမေရိကန်သမ္မတထရန့်ဟာ မြောက်ကိုရီးယားနဲ့ တွေ့ဆုံညှိနှိုင်းနိုင်ပေမယ့် အီရန်နဲ့ကျတော့ ဘာကြောင့်ဒီလိုမလုပ်နိုင်ရတာလဲဆိုတာပဲ ဖြစ်ပါတယ်။ အီရန်ရောမြောက်ကိုရီးယားပါ နျူကလီးယားလက်နက် ခြိမ်းခြောက်မှုတွေရှိတဲ့နိုင်ငံတွေပါ။ နျူကလီးယားလက်နက်ကင်းစင်ရေး ဆောင်ရွက်ကြရာမှာ မြောက်ကိုရီးယားနဲ့ တွေ့ဆုံညှိနှိုင်းနိုင်ပြီး ဘာကြောင့် အီရန်နဲ့ကျမှ ညှိနှိုင်းမှုတွေမလုပ်နိုင်ရတာပါလဲ။

အီရန်လူမျိုးတွေဟာ သူတို့လည်း သမ္မတထရန့်နဲ့ တွေ့ဆုံညှိနှိုင်းမှု ပြုလုပ်ချင်တယ်လို့ ပြောကြပါတယ်။ အမေရိကန်သမ္မတထရန့်ဟာ မေလအတွင်းမှာ ကမ္ဘာ့အင်အားကြီးနိုင်ငံတွေနဲ့ အီရန်နိုင်ငံတို့အကြား ပြုလုပ်ထားတဲ့ အီရန်နျူကလီးယားသဘောတူညီမှုကနေ နုတ်ထွက်လိုက်တယ်။

### အီရန်မှာစီးပွားရေးမလုပ်ရဲတော့

ဒါ့အပြင် သူဟာ အီရန်အပေါ်မှာ စီးပွားရေးပိတ်ဆို့မှုတွေ ပြုလုပ်လိုက်တယ်။ ဒီစီးပွားရေး ပိတ်ဆို့မှုတွေကြောင့် ဥရောပနိုင်ငံတွေက စီးပွားရေးလုပ်ငန်းရှင်တွေဟာ အီရန်မှာ စီးပွားရေးမလုပ်ရဲတော့ဘူး။ သမ္မတထရန့်လည်း ဒီလိုပြုလုပ်ဖို့အတွက် အကြောင်းပြချက်တွေအများကြီးရှိနေမှာပါ။

အီရန်ခေါင်းဆောင်တွေကလည်း မြောက်ကိုရီးယားလိုပဲ လုပ်ဆောင်ပြီး ဆွေးနွေးပွဲပြုလုပ်ဖို့ တောင်းဆိုသင့်တယ်လို့လည်း အချို့က ပြောကြပါတယ်။ တကယ်လို့များ အမေရိကန်ဟာ မြောက်ကိုရီးယားနဲ့တောင် ဆွေးနွေးနိုင်ရင် အီရန်နဲ့ရောဘာကြောင့်မဖြစ်နိုင်ရမှာလဲလို့ ဝေဖန်ကြပါတယ်။

### တိုက်ရိုက်တွေ့ဆုံမှုပြုလုပ်ချင်

သမ္မတထရန့်ကလည်း အစောကြီးကတည်းက ပြောပြီးသားပါ။ အီရန်ခေါင်းဆောင်တွေနဲ့ တိုက်ရိုက်တွေ့ဆုံမှုတွေပြုလုပ်လိုတယ်လို့ပြောပြီးသားပါ။ အီရန်နျူကလီးယား သဘောတူညီမှုကို ပြန်လည်ဆွေးနွေးဖို့ တိုက်ရိုက်တွေ့ဆုံမှုတွေ ပြုလုပ်ချင်တယ်လို့ ပြောခဲ့ပြီးသားပါ။ “အီရန်နိုင်ငံမှာ ပါလီမန်ရွေးကောက်ပွဲ၊ သမ္မတရွေးကောက်ပွဲနဲ့ ပွင့်လင်းပြီးလွတ်လပ်တဲ့လူမှုအဖွဲ့အစည်းမှာ လူသန်းပေါင်း ၈၀ နေထိုင်ကြပါတယ်။ နိုင်ငံအတော်များများနဲ့လည်း နယ်နိမိတ်ချင်းထိစပ်လျက်ရှိပါတယ်” လို့ တီဟီရန်မြို့က စီးပွားရေးလုပ်ငန်းရှင်တွေအဖွဲ့က မတ်ဆော့ဒ်ဒန်နစ်မန့်က ပြောပါတယ်။ အီရန်ဟာ မြောက်ကိုရီးယားထက် ပိုပြီးပွင့်လင်းတဲ့ လူ့အဖွဲ့အစည်းရှိပါတယ်။ ဒါကြောင့် အမေရိကန်ဟာ အီရန်နဲ့ ဆွေးနွေးဖို့ ဘာကြောင့် မဖြစ်နိုင်ရမှာလဲ၊ တိုက်ရိုက်ဆွေးနွေးမှုတွေ ပြုလုပ်ချင်တယ်လို့ သူကဆက်ပြောပါတယ်။

### သံတမန် ဆက်ဆံရေးမရှိ

အီရန်ပြည်သူတွေက အမေရိကန်နဲ့ တွေ့ဆုံညှိနှိုင်းမှုတွေပြုလုပ်လိုပေမယ့် အတားအဆီးတွေလည်း ရှိနေသေးတယ်။ အဲဒါကတော့ အီရန်ခေါင်းဆောင်တွေဟာ နိုင်ငံရေးသဘောတရားအရ အမေရိကန်နဲ့ တွေ့ဆုံညှိနှိုင်းဖို့ အတားအဆီးသဖွယ်ဖြစ်နေတယ်။ အမေရိကန်နဲ့လည်း သံတမန်ဆက်ဆံရေးလုံးဝမရှိဘူး။ အီရန်သမ္မတ ကုလသမဂ္ဂကိုသွားရင်တောင် အမေရိကန်သမ္မတနဲ့ တွေ့ဆုံရမှာကို အမြဲရှောင်ရှားလေ့ရှိတယ်။

နောက်တစ်ချက်ကတော့ အမေရိကန်သမ္မတက ၂၀၁၅ ခုနှစ် အီရန်နျူကလီးယား သဘောတူညီမှုကနေ နုတ်ထွက်လိုက်တာဟာ အီရန်က သဘောထား တင်းမာသူတွေအပေါ် အမေရိကန်ရဲ့သဘောထားကိုပြသလိုက်တာပါပဲ။ သမ္မတ အိုဘားမား အစိုးရလက်ထက် နျူကလီးယားလက်နက် ညှိနှိုင်းရေးဆိုတဲ့ ထီးတစ်ချောင်းအောက်ကိုဝင်ပြီး ဆွေးနွေးပွဲပြုလုပ်ဖို့ လက်ခံခဲ့တာဟာဆိုရင် အီရန်အတွက် ဘာမှထူးမလာတဲ့အပြင် အရှုံးတွေချည်းပဲလို့ ပြောကြပါတယ်။ ဒါကြောင့် ဘယ်တော့မှာ ပြန်မညှိနှိုင်းဘူးလို့လည်း ပြောကြပါတယ်။

### ပိတ်ဆို့မှုတွေ ပြန်လည်အသက်ဝင်လာ

အခုဆိုရင် အီရန်မှာစီးပွားရေးဖွံ့ဖြိုးမှုနှုန်းကလည်းတန့်သွားပြီ၊ ဈေးနှုန်းတွေလည်းတက်လာပြီ၊ စီးပွားရေးအရ ယခင်ပိတ်ဆို့မှုတွေဟာ ပြန်လည်အသက်ဝင်လာပြီ။ ဒါကြောင့်လည်း အီရန်အများစုက ဝါရှင်တန်နဲ့ တိုက်ရိုက်ဆွေးနွေးပွဲမှတစ်ပါး အခုပဋိပက္ခကို ဖြေရှင်းနိုင်မယ့်နည်းလမ်းမရှိလို့ ယူဆကြတာပါ။

“အခုဆိုရင် စီးပွားရေးကလည်း ဆိုးလာပြီ၊ အီရန်ခေါင်းဆောင်တွေဟာ ရေနံတွေ ထုတ်ရောင်းဖို့လိုလာပြီ၊ ဒီလို စီးပွားရေးပိတ်ဆို့မှုအောက်မှာ ဘယ်လိုရှေ့ဆက်ကြမလဲ” လို့ အသက်၄၀ အရွယ် ခြံပိုင်ရှင်တစ်ဦးဖြစ်တဲ့ ဟေဒီမိုခ်ဟာတာရီရန်းက ပြောပါတယ်။ သူဟာလည်း အီရန်ကို အမေရိကန်နဲ့ဆွေးနွေးမှုတွေ ပြုလုပ်ဖို့ ဆန္ဒရှိတဲ့ပြည်သူထဲက တစ်ဦးပါ။ သူကတော့ သူတို့ပြည်သူတွေဟာ အီရန်အစိုးရကို တော်လှန်ပုန်ကန်ဖို့ အစီအစဉ်မရှိဘူး။ ဒါပေမယ့်လည်း အမေရိကန်နဲ့သာ ညှိနှိုင်းလိုက်ရင် ဒီ့ထက်ပိုပြီး အများကြီး အဆင်ပြေလာမှာပါလို့ ပြောပါတယ်။ ဒီအကျိုးကို ပြည်သူတွေလည်းရရှိခံစားနိုင်မှာပါ” လို့ ဆက်ပြောပါတယ်။

ပလတ်စတစ်နဲ့တစ်ခါသုံးပစ္စည်းတွေ အရောင်းဆိုင်ဖွင့်ထားတဲ့ တီဟီရန်မြို့ အနောက်ပိုင်းက အသက် ၃၃ နှစ်အရွယ် မိုဟာမက်ကတော့ “အရင်လိုစီးပွားရေး မကောင်းတော့တာတော့အမှန်ပဲ” လို့ ပြောပါတယ်။ သူက “အစိုးရဟာ ဘာကြောင့် ဒီနိုင်ငံခြားရေးမူဝါဒကို လက်ကိုင်ထားနေတာလဲ အခုအချိန်ဟာ ပြောင်းလဲ သင့်ပါပြီ” လို့ ပြောခဲ့ပါတယ်။ အီရန်ပြည်သူတွေ စီးပွားရေးပြန်လည်ဦးမော့လာနိုင်ဖို့ အီရန်ခေါင်းဆောင်တွေဟာ အမေရိကန်နဲ့ တွေ့ဆုံမှုပြုလုပ်သင့်တယ်၊ ထရန့်နဲ့ ဆွေးနွေးပြီးနှစ်နိုင်ငံကြားက မကျေလည်မှုတွေကို ညှိနှိုင်းသင့်တယ်လို့ ပြောပါတယ်။

### အတိတ်ကာလက မကျေလည်မှုများ

အီရန်နဲ့အမေရိကန်ဆိုတာကလည်း အတိတ်ကာလကတည်းက မကျေလည်တာတွေ အများကြီးရှိပါတယ်။ ၁၉၅၃ ခုနှစ်က အီရန်နိုင်ငံမှာ ဒီမိုကရေစီနည်းလမ်းအရ ရွေးကောက်ထားတဲ့ ဝန်ကြီးချုပ် မိုဟာမက်မော့ဆာဒက်ကို ထောက်လှမ်းရေးအေဂျင်စီ ဗဟိုဌာနက အာဏာသိမ်းဖို့ကြံစည်ခဲ့ပါတယ်။ အဲဒီအချိန်မှာ အမေရိကန်ကတော့ အာဏာရှင် မိုဟာမက်ရီဇာပါလဗီကို နှစ်ပေါင်းများစွာ ထောက်ခံပေးခဲ့ပါတယ်။

၁၉၇၉ ခုနှစ်မှာလည်း အီရန်တော်လှန်ရေးကျောင်းသားတွေက အမေရိကန်သံရုံးကိုသိမ်းပြီး အမေရိကန် ၅၂ ဦးကို ဓားစာခံအဖြစ် ဖမ်းဆီးခဲ့ပါတယ်။ ဒါ့အပြင် အီရန်-အီရတ် ရှစ်နှစ်ကြာ စစ်ပွဲမှာလည်းအမေရိကန်က အီရတ်ဘက်ကနေ အားပေးကူညီခဲ့ပါတယ်။ အဲဒီနောက်ပိုင်း အမေရိကန်က အီရန်အပေါ် စီးပွားရေးအရ ပိတ်ဆို့မှုတွေအများကြီး ပြုလုပ်ခဲ့ပါတယ်။

အီရန်နျူကလီးယား သဘောတူညီမှုကနေ နုတ်ထွက်ရတဲ့ အကြောင်းကိုတော့ အရှေ့အလယ်ပိုင်း ပြဿနာတွေမှာ အီရန်ရဲ့ ပါဝင်စွက်ဖက်မှုတွေကြောင့်လို့ အမေရိကန်ကအကြောင်းပြထားပါတယ်။

အီရန်အစိုးရနဲ့နီးစပ်တဲ့ စီးပွားရေးလုပ်ငန်းရှင်တစ်ဦးဖြစ်တဲ့ ဆာအိဒ်လေလက်ဇ်ကတော့ အမေရိကန်နဲ့တွေ့ဆုံညှိနှိုင်းဖို့ဆိုတာ လက်ရှိအခြေအနေနဲ့ မဖြစ်နိုင်ဘူးလို့ ပြောပါတယ်။ အမေရိကန်ဟာ အီရန်ကို အရာရာလက်လွှတ်အရှုံးပေးစေချင်တာလို့ ဆက်ပြောပါတယ်။ သမ္မတထရန့်ရဲ့အပြောင်းအလဲမြန်တဲ့ သဘောကိုလည်း အီရန်ခေါင်းဆောင်တွေက စိုးရိမ်ကြပါတယ်။

### ပြည်သူများရဲ့မျှော်လင့်ချက်

အီရန်ပြည်သူတွေ အထူးသဖြင့် စီးပွားရေးလုပ်ငန်းရှင်တွေကတော့ အီရန်ခေါင်းဆောင်တွေကို အမေရိကန်နဲ့ တိုက်ရိုက်ဆွေးနွေးမှုတွေ ပြုလုပ်စေချင်ပါတယ်။ လက်ရှိမှာတော့ အမေရိကန်ရဲ့ ပိတ်ဆို့မှုကြောင့် ဥရောပစီးပွားရေး လုပ်ငန်းရှင်တွေ အီရန်ကနေ ထွက်ခွာဖို့ ပြင်နေကြတာကလည်း အမှန်ပါပဲ။

မြောက်ကိုရီးယားနဲ့ အမေရိကန်နဲ့ တွေ့ဆုံ ဆွေးနွေးမှုရလဒ်တွေက ကောင်းနေတော့ အီရန်ပြည်သူတွေကလည်း သူတို့နိုင်ငံနဲ့လည်း အလားတူဖြစ်ရပ်မျိုးတွေ ပေါ်ပေါက်လာဖို့ မျှော်လင့်နေကြပါတယ်။

အမေရိကန်နဲ့ အီရန်တွေ့ဆုံဆွေးနွေးကြပြီး နျူကလီးယားကင်းစင်ရေးဦးတည်သွားနိုင်ရင် ကမ္ဘာ့နိုင်ငံအများအပြားက ဝမ်းမြောက်ဝမ်းသာကြိုဆိုကြမှာပါ။ ။

**ကိုးကား-နယူးယောက်တိုင်းမ်**

# အိမ်ခြံမြေဝန်ဆောင်မှု ဥပဒေကြမ်း

ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။

**အိမ်ခြံမြေဝန်ဆောင်မှုဥပဒေ**
**(၂၀၁၈ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်      ။)**
**၁၃၈၀ ပြည့်နှစ်၊   လ   ရက်**
**(၂၀၁၈ ခုနှစ်၊   လ   ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း(၁)**
**အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို **အိမ်ခြံမြေဝန်ဆောင်မှု ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေသည် နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်သည့် နေ့ရက်နှင့် နေရာဒေသတွင် စတင်အာဏာတည်ရမည်။

၃။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **အိမ်ခြံမြေ** ဆိုသည်မှာ လူနေထိုင်ရန် သို့မဟုတ် လုပ်ငန်းလုပ်ကိုင်ရန် ဆောက်လုပ်ထားသည့် အိမ်၊ အိမ်ခန်း၊ တိုက်၊ တိုက်ခန်း၊ ကွန်ဒို၊ စက်ရုံ၊ သိုလှောင်ရုံ၊ ပြခန်း၊ ဟိုတယ်ခန်း၊ တည်းခိုခန်း၊ ဆိုင်ခန်း စသည့် အဆောက်အအုံများနှင့် ယင်းတို့၏ အစိတ်အပိုင်းများ၊ ယင်းတို့၏ ဥပစာများ၊ အိမ်မြေ၊ ခြံမြေ၊ စက်မှုလုပ်ငန်းမြေ၊ စီးပွားရေးလုပ်ငန်းသုံးမြေ၊ ဥပဒေနှင့်အညီ လွှဲပြောင်းရောင်းချခွင့်ရှိသော မြေအမျိုးမျိုးကို ဆိုသည်။

(ခ) **ဝန်ဆောင်မှု** ဆိုသည်မှာ အိမ်ခြံမြေ တစ်ခုခုကို ရောင်းခြင်း၊ ဝယ်ခြင်း၊ ငှားရမ်းခြင်း၊ ပေးကမ်းခြင်း၊ လဲလှယ်ခြင်း၊ တစ်နည်းနည်းဖြင့်လွှဲပြောင်းခြင်း၊ ဘဏ်ချေးငွေရရှိရန် ဆောင်ရွက်ခြင်း၊ အတိုင်ပင်ခံခြင်း၊ တန်ဖိုးသတ်မှတ်ခြင်းနှင့် ဝန်ဆောင်မှုလုပ်ငန်းအပ်နှံသူကိုယ်စား ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်ခြင်း အစရှိသော လုပ်ငန်းစဉ်တစ်ရပ်ရပ်တွင် ဝန်ဆောင်ခရယူ၍ ပါဝင်ဆောင်ရွက်ခြင်းကို ဆိုသည်။

(ဂ) **ဝန်ဆောင်မှုပေးသူ** ဆိုသည်မှာ အိမ်ခြံမြေဝန်ဆောင်မှု တစ်ခုခုကို ဆောင်ရွက်ပေးသော ပုဂ္ဂိုလ်တစ်ဦး၊ အဖွဲ့အစည်း သို့မဟုတ် ကုမ္ပဏီ တစ်ခုခုကို ဆိုသည်။ ယင်းစကားရပ်တွင် လိုင်စင်ရရှိသူနှင့် လိုင်စင်ရရှိသူက သဘောတူစာချုပ်တစ်ရပ်ရပ်ဖြင့် စည်းကမ်းများ သတ်မှတ်၍ အိမ်ခြံမြေ အကျိုးဆောင်လုပ်ပိုင်ခွင့်ပေးအပ်ခြင်းခံရသော အကျိုးဆောင်ကိုယ်စားလှယ်လည်း ပါဝင်သည်။

(ဃ) **ဝန်ဆောင်ခ** ဆိုသည်မှာ အိမ်ခြံမြေဝန်ဆောင်မှုလုပ်ငန်းအတွက် ဝန်ဆောင်မှုပေးသူနှင့် ဝန်ဆောင်မှုရယူသူ နှစ်ဦးသဘောတူညီနိုင်း သတ်မှတ်ချက်အရ ဝန်ဆောင်မှုပေးသူက ရပိုင်ခွင့်ရှိသော အဖိုးအခကို ဆိုသည်။

(င) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရအဖွဲ့၊ ဆောက်လုပ်ရေးဝန်ကြီးဌာနကို ဆိုသည်။

(စ) **ဦးစီးဌာန** ဆိုသည်မှာ ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနကို ဆိုသည်။

(ဆ) **ဗဟိုကော်မတီ** ဆိုသည်မှာ ဤဥပဒေအရဖွဲ့စည်းသည့် အိမ်ခြံမြေဝန်ဆောင်မှု လုပ်ငန်းကြီးကြပ်ရေးဗဟိုကော်မတီကို ဆိုသည်။

(ဇ) **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကြီးကြပ်ရေးကော်မတီ** ဆိုသည်မှာ ဤဥပဒေအရ ဗဟိုကော်မတီက ဖွဲ့စည်းသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အိမ်ခြံမြေ ဝန်ဆောင်မှုကြီးကြပ်ရေးကော်မတီကို ဆိုသည်။ ယင်းစကားရပ်တွင် နေပြည်တော်ကောင်စီနယ်မြေ ကြီးကြပ်ရေးကော်မတီလည်း ပါဝင်သည်။

(ဈ) **လိုင်စင်** ဆိုသည်မှာ အိမ်ခြံမြေဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်ရန် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကြီးကြပ်ရေးကော်မတီက ဥပဒေနှင့်အညီ ထုတ်ပေးသော ခွင့်ပြုလက်မှတ်ကို ဆိုသည်။

(ည) **ယာယီလိုင်စင်** ဆိုသည်မှာ အိမ်ခြံမြေ ဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်ရန် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကြီးကြပ်မှု ကော်မတီက ဥပဒေနှင့်အညီ ထုတ်ပေးသည့် ယာယီခွင့်ပြုလက်မှတ်ကို ဆိုသည်။

(ဋ) **ဝန်ဆောင်မှုရယူသူ** ဆိုသည်မှာ ဝန်ဆောင်မှုလုပ်ငန်းတစ်ရပ်ရပ် အတွက် ဝန်ဆောင်မှု ပေးသူအား အဖိုးစားနားပေး၍ လုပ်ငန်းအပ်နှံသူကို ဆိုသည်။

**အခန်း(၂)**
**ရည်ရွယ်ချက်များ**

၄။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) စည်းမျဉ်းစည်းကမ်းများနှင့်အညီ စနစ်တကျဆောင်ရွက်သည့် အိမ်ခြံမြေဝန်ဆောင်မှုပေးသူများ ပေါ်ထွန်းလာစေရန်၊

(ခ) အိမ်ခြံမြေ ဈေးကွက်တည်ငြိမ်စွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနိုင်ရန်၊

(ဂ) ဝန်ဆောင်မှုပေးသူနှင့် ဝန်ဆောင်မှုရယူသူ နှစ်ဦးနှစ်ဖက် ဥပဒေနှင့်အညီ အကျိုးခံစားခွင့်များ ရရှိကြစေရန်၊

(ဃ) ဝန်ဆောင်မှုလုပ်ငန်းများတွင် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်း၊ ဒေသဆိုင်ရာအဖွဲ့အစည်း၊ ပြည်တွင်း ပြည်ပအဖွဲ့အစည်းနှင့် ပုဂ္ဂလိကများအကြား ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ဆောင်ရွက်နိုင်ရန်။

**အခန်း(၃)**
**ဗဟိုကော်မတီ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ**

၅။ ပြည်ထောင်စုအစိုးရအဖွဲ့သည်-

(က) ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်တစ်ဦးကို ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ သက်ဆိုင်ရာ အစိုးရဌာနနှင့် စည်ပင်သာယာရေးကော်မတီများမှ သင့်လျော်သော ပုဂ္ဂိုလ်များနှင့် အိမ်ခြံမြေဝန်ဆောင်မှုလုပ်ငန်းဆိုင်ရာ အသင်းအဖွဲ့များမှ ရွေးချယ်ပေးသည့် ကိုယ်စားလှယ်များက အဖွဲ့ဝင်များအဖြစ်လည်းကောင်း ပါဝင်သည့် အိမ်ခြံမြေဝန်ဆောင်မှုလုပ်ငန်း ကြီးကြပ်ရေးဗဟိုကော်မတီကို ဖွဲ့စည်းရမည်။

(ခ) ပုဒ်မခွဲ(က)အရ ဖွဲ့စည်းသည့်ဗဟိုကော်မတီကို လိုအပ်ပါကပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၆။ ဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အိမ်ခြံမြေဝန်ဆောင်မှု လုပ်ငန်းဆိုင်ရာ မူဝါဒများချမှတ်ခြင်း၊

(ခ) အိမ်ခြံမြေဝန်ဆောင်မှုအသင်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် ကြီးကြပ်ခြင်း၊

(ဂ) အိမ်ခြံမြေ ဝန်ဆောင်မှုလုပ်ငန်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ဝန်ကြီးဌာန၊ အစိုးရ အဖွဲ့အစည်းများ၊ အသင်းအဖွဲ့များနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ခြင်း၊

(ဃ) အိမ်ခြံမြေဝန်ဆောင်မှုလုပ်ငန်းဆိုင်ရာ သင်တန်းများနှင့်စပ်လျဉ်း၍ ပြဋ္ဌာန်းသင့်သည့် ဘာသာရပ်၊ သင်ရိုးညွှန်းတမ်း၊ သင်တန်းကာလနှင့် သင်တန်းအမျိုးအစား၊ သင်တန်းအောင်မြင်မှုအဆင့်အတန်း စသည်တို့ကို သတ်မှတ်ပေးခြင်း၊

(င) အိမ်ခြံမြေ ဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်သူများက လိုက်နာစောင့်ထိန်းရမည့် စည်းကမ်းများကို သတ်မှတ်ပေးခြင်း၊

(စ) ပြည်တွင်း ပြည်ပ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်ပေးခြင်း၊

(ဆ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကြီးကြပ်ရေးကော်မတီများ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း၊

(ဇ) လိုင်စင်အမျိုးအစား၊ လိုင်စင်ကြေးနှင့် လိုင်စင်စည်းကမ်းများ သတ်မှတ်ပေးခြင်း၊

(ဈ) မိမိ၏အဖွဲ့ဝင်များဖြင့်ဖြစ်စေ၊ အခြားသင့်လျော်သည့် နိုင်ငံသားဖြင့်ဖြစ်စေ လိုအပ်သည့် လုပ်ငန်းအဖွဲ့များကိုဖွဲ့စည်း၍ ယင်းတို့၏လုပ်ငန်းတာဝန်နှင့် လုပ်ပိုင်ခွင့်များကို သတ်မှတ်ပေးခြင်း၊

(ည) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကြီးကြပ်ရေးကော်မတီ၏ လုပ်ငန်းများအား ကြီးကြပ်ခြင်းနှင့် လိုအပ်ပါကစစ်ဆေးခြင်း။

**အခန်း(၄)**
**တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကြီးကြပ်ရေးကော်မတီဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ**

၇။ ဗဟိုကော်မတီသည်-

(က) ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကြီးကြပ်ရေးကော်မတီများကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်-

(၁) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီး သို့မဟုတ် နေပြည်တော်ကောင်စီဝင် — ဥက္ကဋ္ဌ

(၂) ညွှန်ကြားရေးမှူး၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန — အဖွဲ့ဝင်

(၃) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဦးစီးဌာနမှူး လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန — အဖွဲ့ဝင်

(၄) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အခွန်ဦးစီးဌာနမှူး ပြည်တွင်းအခွန်များဦးစီးဌာန — အဖွဲ့ဝင်

(၅) ဌာနမှူး၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ — အဖွဲ့ဝင်

(၆) ဌာနမှူး၊ မြို့တော်စည်ပင်သာယာရေး ကော်မတီ သို့မဟုတ် ညွှန်ကြားရေးမှူး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ — အဖွဲ့ဝင်

(၇) အိမ်ခြံမြေဝန်ဆောင်မှု လုပ်ငန်းဆိုင်ရာအသင်း အဖွဲ့များမှ အဖွဲ့ဝင်ရွေးချယ်တာဝန်ပေးသည့် ကိုယ်စားလှယ်နှစ်ဦး — အဖွဲ့ဝင်

(၈) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ညွှန်ကြားရေးမှူး၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန — အတွင်းရေးမှူး

(ခ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကြီးကြပ်ရေး ကော်မတီကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၈။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကြီးကြပ်ရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဗဟိုကော်မတီက ချမှတ်သော မူဝါဒများနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ခ) အိမ်ခြံမြေဝန်ဆောင်မှုအသင်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် ကြီးကြပ်ဆောင်ရွက်ခြင်း၊

(ဂ) အိမ်ခြံမြေ ဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်နေသည့် ပုဂ္ဂိုလ် သို့မဟုတ် ကုမ္ပဏီများအား ကြီးကြပ်ခြင်း၊

(ဃ) အိမ်ခြံမြေ ဝန်ဆောင်မှု လုပ်ငန်းဆိုင်ရာ သတင်းအချက်အလက်နှင့် အခက်အခဲများကို ဗဟိုကော်မတီသို့ တင်ပြခြင်း၊

(င) ယာယီလိုင်စင်လျှောက်ထားချက်များကို စိစစ်ခြင်း၊ မှတ်ပုံတင်ခြင်း၊ ယာယီလိုင်စင် ထုတ်ပေးခြင်း သို့မဟုတ် ထုတ်ပေးရန် ငြင်းဆိုခြင်း၊

(စ) လိုင်စင်ဆိုင်ရာ သင်တန်းများ ဖွင့်လှစ်ခြင်း၊

(ဆ) လိုင်စင်လျှောက်ထားချက်များကို စိစစ်ခြင်း၊ မှတ်ပုံတင်ခြင်း၊ လိုင်စင် ထုတ်ပေးခြင်း သို့မဟုတ် ထုတ်ပေးရန် ငြင်းဆိုခြင်း၊

(ဇ) ဝန်ဆောင်မှုပေးသူအား တိုင်ကြားလာပါက မှန်ကန်မှု ရှိ မရှိ စိစစ်ဆုံးဖြတ်ခြင်းနှင့် လိုအပ်သောအရေးယူမှုများ ဆောင်ရွက်ခြင်း၊

(ဈ) လိုင်စင် စည်းကမ်းဖောက်ဖျက်ကြောင်း စိစစ်တွေ့ရှိလျှင် လိုင်စင်ကို ကန့်သတ်ထားသည့် ကာလအတွင်း ယာယီရပ်ဆိုင်းခြင်း သို့မဟုတ် လိုင်စင်ရုပ်သိမ်းခြင်း၊

**အခန်း(၅)**
**ဝန်ဆောင်မှုပေးသူ၏ အရည်အချင်းသတ်မှတ်ချက်များ**

၉။ အိမ်ခြံမြေ ဝန်ဆောင်မှုပေးသူသည် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်-

(က) အသက် ၁၈ နှစ်ပြည့်ပြီးသူ မြန်မာနိုင်ငံသား ဖြစ်ရမည်။

(ခ) ဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်ရန် ယာယီလိုင်စင် သို့မဟုတ် လိုင်စင် ရရှိထားသူ ဖြစ်ရမည်။

(ဂ) ဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်သည့် ကုမ္ပဏီသည် နိုင်ငံခြားသားနှင့် ဖက်စပ်လုပ်ကိုင်သည့် ကုမ္ပဏီဖြစ်ပါက မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ ခွင့်ပြုမိန့်ရရှိပြီး ဖြစ်ရမည်။

၁၀။ အောက်ပါပုဂ္ဂိုလ်များသည် ဝန်ဆောင်မှု လုပ်ငန်းများတွင် လုပ်ကိုင်ခွင့်မရှိစေရ-

(က) စိတ်ပေါ့သွပ်သူ၊

(ခ) လူမွဲအဖြစ် တရားရုံးတစ်ခုခုက ကြေညာခြင်းခံရသူ၊

(ဂ) သာသနာ့ဘောင်သို့ အမြဲတမ်းကူးပြောင်းသွားသူ၊

(ဃ) အကျင့်သိက္ခာ ပျက်ပြားသူ၊

(င) ယာယီလိုင်စင် သို့မဟုတ် လိုင်စင် မရှိသူ။

**အခန်း(၆)**
**ဝန်ဆောင်မှုပေးသူက လိုက်နာရမည့် စည်းကမ်းများ**

၁၁။ ဝန်ဆောင်မှုပေးသူသည်-

(က) ယာယီလိုင်စင် သို့မဟုတ် လိုင်စင်ပါ စည်းကမ်းများကို လိုက်နာရမည်။

(ခ) ဝန်ဆောင်မှုလုပ်ငန်းနှင့်စပ်လျဉ်း၍ ဤဥပဒေနှင့် အခြားတည်ဆဲ ဥပဒေများကို လိုက်နာရမည်။

(ဂ) ဝန်ဆောင်မှုရယူသူက အမှန်တကယ် ရောင်းချခွင့်ပြုသည့် ဈေးနှုန်းထက်ပို၍ ရောင်းချခြင်းမပြုရ။

**အခန်း(၇)**
**ဝန်ဆောင်မှုပေးသူ၏ အခွင့်အရေးနှင့် တာဝန်များ**

၁၂။ ဝန်ဆောင်မှုပေးသူ၏ အခွင့်အရေးများမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) ဝန်ဆောင်မှုလုပ်ငန်းကို စီးပွားရေးလုပ်ငန်းအဖြစ် လုပ်ကိုင်ခွင့်ရှိသည်။

(ခ) ဝန်ဆောင်မှုလုပ်ငန်းတစ်ရပ်ရပ်အတွက် လိုအပ်ချက်များကို သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်း၊ အသင်းအဖွဲ့များသို့ သတ်မှတ်ချက်များနှင့်အညီ မေးမြန်းစုံစမ်းနိုင်ခွင့်ရှိသည်။

(ဂ) ဝန်ဆောင်မှုဆိုင်ရာ သင်တန်းများ တက်ရောက်ခွင့်ရှိသည်။

(ဃ) ဝန်ဆောင်မှုလုပ်ငန်းနှင့် စပ်လျဉ်း၍ ဝန်ဆောင်မှုရယူသူ၏ သဘောတူညီချက်ဖြင့် သတင်းစာ၊ ဂျာနယ်၊ စာစောင်နှင့် သင်ပုန်းတစ်ခုခုတွင် ဖြစ်စေ၊ မီဒီယာတစ်ခုခုတွင် ဖြစ်စေ၊ ဝန်ဆောင်မှုရယူသူ ကိုယ်စား ကြေညာခွင့်ရှိသည်။

(င) အိမ်ခြံမြေကို ဥပဒေနှင့်အညီ နိုင်ငံပိုင် သို့မဟုတ် ပုဂ္ဂလိကပိုင် ဘဏ်တစ်ခုခုတွင် ချေးငွေရယူရန်အတွက် ဝန်ဆောင်မှုရယူသူက တာဝန်ပေးလွှဲအပ်ပါက ၎င်း၏ကိုယ်စား ဆောင်ရွက်နိုင်ခွင့်ရှိသည်။

(စ) အိမ်ခြံမြေကို နှစ်ချုပ်စနစ်ဖြင့်ငှားရမ်းခြင်း ဝန်ဆောင်မှုအတွက် လုပ်ငန်းအပ်နှံခြင်းစာချုပ်တွင် သဘောတူညီထားသည့်အတိုင်း ဝန်ဆောင်ခ ရယူခွင့်ရှိသည်။

၁၃။ ဝန်ဆောင်မှုပေးသူ၏ တာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) လိုင်စင် သို့မဟုတ် ယာယီလိုင်စင်ရရှိရန် သတ်မှတ်ချက်နှင့်အညီ လျှောက်ထားရမည်။

(ခ) အိမ်ခြံမြေ ရောင်းဝယ်ငှားရမ်းမှုတွင် သဘောတူညီထားသော ဈေးနှုန်းထက်ပို၍ ရောင်းချငှားရမ်းခြင်း မပြုကြောင်း တာဝန်ခံရမည်။

(ဂ) ဝန်ဆောင်မှုနှင့် စပ်လျဉ်းသည့် ပိုင်ဆိုင်မှု အထောက်အထား စာရွက်စာတမ်းများ မှန်ကန်မှု ရှိ မရှိကို သက်ဆိုင်ရာဌာနသို့ သွားရောက်စုံစမ်းပေးရမည်။

*(ဆက်လက်ဖော်ပြပါမည်)*

# အများသူငါ ကူညီကာ သွေးလှူခြင်းဖြင့်အသက်ကယ်ပါ

**ဒေါက်တာ သီတာအောင်**

ဇွန်လ ၁၄ ရက်နေ့သည်ကမ္ဘာတစ်ဝန်းလုံးရှိ စေတနာသွေးလှူရှင်များကို လေးစားဂုဏ်ပြုအမှတ်ရစေသော နေ့တစ်နေ့ဖြစ်ပေသည်။ ယခု ၂၀၁၈ ခုနှစ်တွင် ကျင်းပ သည့် ကမ္ဘာ့သွေးလှူရှင်များနေ့ကို ဂရိနိုင်ငံ အေသင်မြို့၌ ကမ္ဘာ့အခမ်းအနားအဖြစ် ကျင်းပသည်။

**ကမ္ဘာ့သွေးလှူရှင်များနေ့**

နှစ်စဉ်ကမ္ဘာ့သွေးလှူရှင်များနေ့ကို ကျင်းပြုသော ရည်ရွယ်ချက်များ ချမှတ်ကာ ကျင်းပခဲ့ကြပေသည်။ ယခုနှစ် ကျင်းပမည့် ကမ္ဘာ့သွေးလှူရှင်များနေ့၏ ရည်ရွယ်ချက်များ အနက် ထူးခြားစွာချမှတ်ခဲ့သောရည်ရွယ်ချက်များသည် ပြည်သူအများ၏ ကျန်းမာရေးဝန်ဆောင်မှုကဏ္ဍတွင် သွေးလှူဒါန်းခြင်းဖြင့် ပါဝင်ကူညီခြင်းကို အလေးထားဖော်ပြခဲ့ပါသည်။ ပြည်သူအများပါဝင်ပေးမှသာသွေးလိုအပ်သော လူနာများအတွက် လုံခြုံစိတ်ချရသော ကုသပစ္စည်းများကို အရည်အသွေးမီစွာ ထောက်ပံ့နိုင်မည်ဖြစ်သည်။ သွေးလှူဒါန်းခြင်းဖြင့် ကျန်းမာရေးဝန်ဆောင်မှုကို ထောက်ပံ့ပေးနေကြသော စေတနာသွေးလှူရှင်များသည် ရောဂါဝေဒနာရှင်များ အချိန်မီရရှိရေးကိုသာ တူညီစွာဦးတည်ကြပါသော်လည်း ၎င်းတို့၏နောက်ခံအကြောင်းတရားများမှာ ကွဲပြားကြ ပါသည်။ ထို့ကြောင့် ၂၀၁၈ ခုနှစ် ကမ္ဘာ့သွေးလှူရှင်များနေ့၏ ရည်ရွယ်ချက်တစ်ခုအနေဖြင့်

-To Promote the Community valuses of blood donation in enhancing community solidarity and social cohesion and in encouraging people to care for one another and build a caring Community

သွေးလှူဒါန်းခြင်းအားဖြင့် ပြည်သူလူထုအတွင်း အချင်းချင်းစည်းလုံးမှုရရှိပြီး တစ်ဦးကိုတစ်ဦး အလေးထားကူညီတတ်သော ပတ်ဝန်းကျင်အသိုင်းအဝိုင်းဖြစ်ပေါ်နိုင်ကြောင်း အလေးထားဖော်ပြခဲ့သည်။

အမျိုးသားသွေးဌာနတွင် လာရောက်လှူဒါန်းသူများတွင် တစ်ဦးချင်းလှူဒါန်းသူများရှိသကဲ့သို့ အဖွဲ့အစည်းဖြင့် လှူဒါန်းသူများစွာရှိပါသည်။ ၎င်းအဖွဲ့အစည်း များကို တွက်ချက်ကြည့်ရာ ၂၀၁၇ ခုနှစ်အတွင်း အဖွဲ့လိုက်လာရောက်လှူဒါန်း မှုမှာအဖွဲ့ ၄၀၀ အထိရှိကြောင်း တွေ့ရှိရပါသည်။

ယင်းအဖွဲ့အစည်းများတွင် ဘာသာရေးအသင်းအဖွဲ့၊ စီးပွားရေးလုပ်ငန်းရှင်များ၊ တက္ကသိုလ်ကျောင်းများ၊ ဘဏ်လုပ်ငန်းများ၊ နိုင်ငံရေးပါတီများ၊ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ အနုပညာရှင်များ၊ ဟိုတယ်ဝန်ထမ်းများ၊ သံတမန် အသိုင်းအဝိုင်းများ၊ UN အဖွဲ့အစည်းမှ ဝန်ထမ်းများ၊ လူငယ်ပရဟိတအဖွဲ့များ၊ သင်တန်းကျောင်းများ၊ သင်္ဘောသားအဖွဲ့အစည်းများစသည်တို့ ပါဝင်ကြောင်း တွေ့ရှိရပါသည်။


**“လူနာရှင်များ သွေးလှူရှင်ရှာဖွေရမှုမရှိရန် အမျိုးသားသွေးဌာနမှ ယင်းလိုအပ်မည့် အရေအတွက်ကို တာဝန်ယူ၍ ရှာဖွေပေးခဲ့ပါသည်၊ အထူးသဖြင့် မတ်လနှင့် ဧပြီလတို့တွင် နှစ်စဉ်ထောက်ပံ့နိုင်မည့် သွေးလှူရှင်အရေအတွက်မှာ လိုအပ်ချက်၏ သုံးပုံတစ်ပုံခန့်သာ ရရှိနိုင်မည်ဖြစ်၍ ၂၀၁၇ ခုနှစ် ရလဒ်များအရ ယခု ၂၀၁၈ ခုနှစ်တွင် လွန်ခဲ့သည့်နှစ်များအတွက် လှူဒါန်းမှုမပြုနိုင်ခဲ့သော အဖွဲ့ငယ်များကို ပြန်လည်ဆက်သွယ်၍ အကူအညီတောင်းခံခဲ့”**


**သွေးလှူဒါန်းခြင်း**

ထို့ကြောင့် သွေးလှူဒါန်းခြင်းအားဖြင့် အသွင်မတူသူ များ၏ ပေါင်းစည်းမှုသည် မိမိတို့ပတ်ဝန်းကျင်ကို ဂရုပြုအလေးထားကူညီတတ်သောသူများအဖြစ် ပေါ်ထွက်လာစေသည်မှာ မှန်ကန်ကြောင်း တွေ့ရှိရပေသည်။

မိမိတို့ပြည်တွင်းနေထိုင်သူများသည် အများအတွက် ကူညီတတ်သည့် အခြေခံကောင်းများရှိပြီးဖြစ်ကြ၍ သွေးလိုအပ်သည်ဟု ကြားသိရပါက လှူဒါန်းပေးမည့်သူများ အလွယ်တကူရှာဖွေနိုင်ပါ၍ အခြားတိုင်းပြည်များကဲ့သို့ သွေးလိုအပ်ရာတွင် သွေးလှူရှင်ရှာဖွေမရ၍ အသက်အန္တရာယ်ထိခိုက်နိုင်သော အခြေအနေလုံးဝမရှိခဲ့ပါ။ သို့ရာတွင် ယခုခေတ်အခြေအနေ၏ တိုးတက်လာသော စမ်းသပ်စစ်ဆေးသည့် နည်းပညာများ ရရှိအသုံးပြုလာသည့်အချိန်တွင် လိုအပ်မှုလာရောက်လှူဒါန်းမှုများအတွက် နည်းစနစ်များက ထောက်ပံ့ပေးနိုင်မှုမရှိပါ။ ထို့ကြောင့် လိုအပ်မှု၏ တိုက်တွန်းမှုကြောင့်မဟုတ်ဘဲ ပြည့်စုံမှုအတွက် ထောက်ပံ့ပေးမှုများ သည်သာ တိုးတက်လာသော နည်းစနစ်များ၏ အကျိုးကျေးဇူးကိုလူနာများကို ခံစားခွင့်ရမည် ဖြစ်သည်။

ယခု အမျိုးသားသွေးဌာနအနေဖြင့် ၂၀၀၄ ခုနှစ်မှ စတင်အသုံးပြုခဲ့သော သွေးလှူဒါန်းမှုများ၊ သွေးစစ်ဆေးမှုများ၊ သွေးထောက်ပံ့မှုများနှင့် သက်ဆိုင်သော




အချက်အလက်များကို မှတ်သားဆန်းစစ်နိုင်သည့် Software များကို ၁၄ နှစ်တာကာလအတွင်း အသုံးပြုခဲ့မှုကြောင့် ယခုနှစ်တွင် လူနာများအတွက် လိုအပ်နိုင်မည့် အရေအတွက်နှင့် ရရှိနိုင်မည့်အရေအတွက်တို့ကို မှန်ကန်စွာတွက်ဆနိုင်နေပြီ ဖြစ်ပါသည်။

**သွေးအလှူခံခဲ့**

ယင်းတွက်ဆမှုမှ လုံလောက်မှုမရှိနိုင်သည့် အခြေအနေကို ကြိုတင်သိရှိပြီးဖြစ်၍ လူနာရှင်များ သွေးလှူရှင်ရှာဖွေရမှုမရှိရန် အမျိုးသားသွေးဌာနမှ ယင်းလိုအပ်မည့် အရေအတွက်ကို တာဝန်ယူ၍ ရှာဖွေပေးခဲ့ပါသည်။ အထူးသဖြင့် မတ်လနှင့် ဧပြီလတို့တွင် နှစ်စဉ်ထောက်ပံ့နိုင်မည့် သွေးလှူရှင်အရေအတွက်မှာ လိုအပ်ချက်၏ သုံးပုံတစ်ပုံခန့်သာ ရရှိနိုင်မည်ဖြစ်၍ ၂၀၁၇ ခုနှစ် ရလဒ်များအရ ယခု ၂၀၁၈ ခုနှစ်တွင် လွန်ခဲ့သည့်နှစ်များအတွက် လှူဒါန်းမှုမပြုနိုင်ခဲ့သော အဖွဲ့ငယ်များကို ပြန်လည် ဆက်သွယ်၍ အကူအညီတောင်းခံခဲ့သည်။

လေးလပြည့်ပြီး တစ်ဦးချင်းသွေးလှူရှင်များအား ဝန်ထမ်းများက နေ့စဉ်ဦးရေ ၉၀ အထိ ပြန်လည်ဆက်သွယ်အကူအညီတောင်းခြင်း (Individual Call)၊ သွေးလှူရှင်များ၏ မွေးနေ့တွင် သွေးလှူဒါန်းခြင်းဖြင့် ကုသိုလ်ယူနိုင်ရန် မွေးနေ့မတိုင်မီ တစ်ပတ်အလိုတွင် မွေးနေ့ရှင်အား အသိပေးခြင်း (Birthday Call) စသည့်နည်းလမ်းများကို ဇန်နဝါရီလမှ စတင်ကျင့်သုံးခဲ့ပါသည်။ ယင်းစနစ်များကြောင့် ပြန်လည်လှူဒါန်းမှုကို စိစစ်ရာအစုအဖွဲ့ငယ်များနှင့် ၎င်းတို့နှင့်ဆက်သွယ်သော အစု အဖွဲ့များ၏ ပြန်လည် လှူဒါန်းမှုမှာ ထိရောက်သော ရလဒ်အဖြစ်တွေ့ရှိခဲ့ရပြီး Birthday Call နှင့် Individual Call မှာ ၂၀ ရာခိုင်နှုန်းအထိသာ ထိရောက်မှုရှိကြောင်း တွေ့ရှိရပါသည်။ ထိုသို့ လုပ်ဆောင်မှုများ၏ ရလဒ်မှာ လုံလောက်သော သွေးလှူရှင် အရေအတွက်ကို မရနိုင်သေးပါ၍ မတ်လ ၁၀ ရက်နေ့တွင် ရွှေတိဂုံစေတီတော်ကြီး၏ ဂေါပကအဖွဲ့အား အကူအညီတောင်းခံပြီး စေတီတော်ကြီး၏ အနောက်ဘက်စောင်း တန်းထိပ်ယာယီသွေးအလှူခံနိုင်သည့်နေရာတွင် နေ့စဉ်ညနေ ၄ နာရီမှည ၇ နာရီ အထိ ဘုရားဖူးပြည်သူ များထံမှ သွေးအလှူခံခဲ့ပါသည်။

ယခုထိ သွေးလှူရှင်ပေါင်း ၆၆၇၅ က လှူဒါန်းပေးခဲ့ပြီး သွေးပစ္စည်းစုစုပေါင်း ၁၃၃၅၀ ပြင်ဆင်၍ လူနာများအား ထောက်ပံ့နိုင်ခဲ့ပါသည်။ ထိုကဲ့သို့ ထောက်ပံ့နိုင်မှုအတွက် ခွင့်ပြု၍ ဝိုင်းဝန်းကူညီပေးကြပါသော စေတီတော်ကြီး၏ ဂေါပက အဖွဲ့ဝင်များနှင့် သက်ဆိုင်ရာဝန်ထမ်းများ အထူးလေးစားကျေးဇူးတင်မိပါသည်။

**လူနာများခံစားနိုင်ခဲ့**

လှူဒါန်းမှုများကြောင့် လူနာများအတွက် ၉၉ ရာခိုင်နှုန်းခန့် အပူအပင်မရှိ ကုသမှုခံယူနိုင်ခဲ့ပါသည်။ စေတနာသွေးလှူရှင်များ၏ ယခုကဲ့သို့ တိုးတက်လာသော လှူဒါန်းမှုများသည် သွေးလိုအပ်သောလူနာများအတွက် လုံလောက်မှုကို တိုက်ရိုက်အထောက်အကူပြုသည့်အပြင် နည်းပညာတိုးတက်မှု၏ ထောက်ပံ့မှုကို လူနာများခံစားနိုင်ခဲ့သည်။ အရည်အသွေးဆိုင်ရာ ရလဒ်ကိုလည်း ခံစားနိုင်ခဲ့ပါသည်။

ယခုအခါ တိုးတက်ပြီး တိုင်းပြည်များတွင် သွေးလှူဒါန်းမှု ပြုသည့် အသက်အပိုင်းအခြားများကို ဆန်းစစ်ကြရာ လူငယ်များအသက် (၁၈-၂၅) ၏ ထောက်ပံ့မှု သိသာစွာကျဆင်းလာ၍ နောင်အနာဂတ်အတွက် ကြိုတင်ပူပန်နေရပြီး စာသင်ကျောင်းများတွင် သွေးလှူဒါန်းမှုနှင့် ပတ်သက်သည့်ဗဟုသုတများကို စနစ်တကျထည့်သွင်းနေကြပါသည်။ သို့ရာတွင် အမျိုးသားသွေးဌာနတွင် လှူဒါန်းမှုပြုသော စေတနာသွေးလှူရှင်များကို ဆန်းစစ်ရာ ၎င်းအသက်အပိုင်းအခြားမှာ လှူဒါန်းမှုအများဆုံးဖြစ်ကြောင်း တွေ့ရှိ၍ မိမိတို့တိုင်းပြည်ရှိ လူငယ်များ၏ ပတ်ဝန်းကျင်အပေါ်အလေးထား ထောက်ပံ့နေသည်ကို လေးစားမိပါသည်။

လူငယ်များ၏ သွေးလှူဒါန်းမှုကို အလေးထားနေမှုသည် ၎င်းတို့၏ ကူညီလို သော စိတ်ဓာတ်၊ သွေးလှူဒါန်းနိုင်ရန် ကျန်းမာအောင်နေထိုင်ရမည်ဟူသော အသိဉာဏ်၊ အန္တရာယ်ရှိသော လူနေမှုစနစ်များကို သတိထားရှောင်ရှားရမည်ဟူသော ကိုယ်ကျင့်တရားများပါ ပြည့်စုံလာ ကြောင်း ညွှန်ပြနေပါသည်။ ယခုကဲ့သို့မိမိ၏ ပတ်ဝန်းကျင်ကို ထောက်ထားစာနာ တတ်ပြီး အသိတရားရှိစွာ ထောက်ပံ့ပေးနေသောစေတနာသွေးလှူရှင်များအားလုံးကို လူနာများကိုယ်စားလေးစားကျေးဇူးတင်ပါကြောင်း။ ။

## ယနေ့ ဈေးကွက်ပေါက်ဈေးများ

၁၄-၆-၂၀၁၈

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၃၈၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၃၈၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၃၈၅၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၄၀၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး |
|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၉၀/၉၁၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၉၀၅/၉၂၅ ကျပ် |
| အောက်တိန်း ၉၂ | ၈၅၅/၈၈၀ ကျပ် |
| အောက်တိန်း ၉၅ | ၉၁၀/၉၃၀ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၃၅၈ ・၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၆၀၁ ・၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၀၁၆ ・၈ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၈၁၆ ・၄ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၂၃၁ ・၁ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၂၇ ・၄ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၁၂ ・၂၄ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၀ ・၀၇ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၂၅ ・၄၉ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၃၉ ・၉၂ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၂ ・၂၆ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

## ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

**နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်- ၀၆၇-၄၀၄၂၂၂၊ ၀၆၇-၄၀၄၉၉၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန

မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်းမှူး | - | မြင့်ဆွေ (သတင်းထောက်ချုပ်) |
| စာတည်းများ | - | မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ) |
| အငယ်တန်းသတင်းထောက်များ | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

Gmail mmalin.npt @ gmail.com,
Facebook www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR DigitalNews Presented by NPE www.mdn.gov.mm

# ဘရာဇီး၊ ဘယ်လ်ဂျီယံတို့နိုင်ပွဲယူမယ့် ကမ္ဘာ့ဖလားအုပ်စုပွဲစဉ်များ

ဝေ မိုး ဆက်



၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲကို ဇွန်လ ၁၄ ရက်နေ့က တည်းက ကျင်းပနေပြီဖြစ်ပြီး အခုဇွန်လ ၁၅ ရက်နေ့ ကနေ ဇွန်လ ၁၉ ရက်နေ့အတွင်းမှာဆိုရင်လည်း အုပ်စု အဖွင့်ပွဲစဉ်တွေအားလုံးကိုဆက်လက်ကျင်းပသွားမှာ ဖြစ်ပါတယ်။ ဒါကြောင့်လည်း အဆိုပါကာလအတွင်း ကစားမယ့် အုပ်စုပွဲစဉ်တွေရဲ့ဖြစ်နိုင်ဖွယ်ရာ အခြေ အနေတွေကို ပရိသတ်ကြိုတင်လေ့လာနိုင်ဖို့ တင်ပြ လိုက်ရပါတယ်။



### အီဂျစ် Vs ဥရုဂွေး

နောက်ဆုံးရလဒ် အီဂျစ် ၀ ၂ ဥရုဂွေး

အီဂျစ်ဟာ အသင်းလိုက်ခြေစွမ်းပိုင်းအရ ကောင်းမွန်မှုရှိတာမှန်သလို ကစားသမား ကောင်းအချို့ရှိနေပေမယ့်လည်း ဆာလတ်ပါဝင်နိုင်ဖို့ မသေချာတာကြောင့် အားလျော့ လာနိုင်တယ်။ ဥရုဂွေးကတော့ ကစားသမားအင်အားပိုင်းမှာလည်း အီဂျစ်ထက် ပိုမိုအားသာနေသလို အုပ်စုပထမနေရာရယူနိုင်ဖို့အတွက်လည်း အားစိုက်လာမှာ ဖြစ်လို့ ဥရုဂွေးပဲ အနိုင်ရမယ်။

### အာဂျင်တီးနား Vs အိုက်စလန်

နောက်ဆုံးရလဒ် - - - -

ဥရောပအသင်းတစ်သင်းဖြစ်တဲ့ အိုက်စလန်က အသင်းကောင်းတစ်သင်းပါ။ အသင်း လိုက်ခြေစွမ်းကောင်းမွန်သလို ဖင်ဘိုဂါဆန်၊ ဆီဂတ်ဆန်တို့လိုကစားသမားကောင်း တွေပါ ရှိနေပါတယ်။ ဒါပေမယ့်လည်း အာဂျင်တီးနားကလည်း ခြေစွမ်းပိုင်းကောင်း မွန်နေကာတိုက်စစ်မှူးကောင်းတွေ အများအပြားရှိနေပါတယ်။ အာဂျင်တီးနားပဲ အနိုင်ရမယ်။

### သြစတြေးလျ Vs ပြင်သစ်

နောက်ဆုံးရလဒ် ပြင်သစ် ၆ ၀ သြစတြေးလျ

သြစတြေးလျအနေနဲ့ခြေစမ်းပွဲတွေမှာခြေစွမ်းပြသပြီး ရလဒ်ကောင်းတွေရယူနိုင်ခဲ့တာ မှန်ပေမယ့်လည်း ပြင်သစ်ကိုတော့ ယှဉ်ကစားနိုင်ဖို့ခက်ပါတယ်။ ပြင်သစ်ဟာ ကစားသမား အင်အားပိုင်းမှာလည်း ပိုမိုပြည့်စုံသလို အမ်ဘတ်ပေ၊ ဂျရူး၊ ဂရစ်ဇ်မန်း တို့လိုတိုက်စစ်မှူးကောင်းတွေလည်းရှိနေပါတယ်။ ပြင်သစ်ကသာ အဖွင့်ပွဲမှာနိုင်ပွဲရ သွားမှာပါ။

### မော်ရိုကို Vs အီရန်

နောက်ဆုံးရလဒ် - - - -

အာဖရိကအသင်းဖြစ်တဲ့ မော်ရိုကိုဟာ ကစားသမားကောင်းရှားပါးပေမယ့်လည်း အသင်းလိုက်စွမ်းဆောင်ရည်ကျစ်လျစ်တဲ့အသင်း ဖြစ်ပါတယ်။ အီရန်ကတော့ ထူးချွန်ထက်မြက်တဲ့ကစားသမားကောင်းတွေ ရှားပါးနေသလို အသင်းလိုက် စွမ်းဆောင်ရည်လည်း သာမန်သာရှိပါတယ်။ ခြေစမ်းပွဲမှာဆလိုဗက်ကီးယားကို တောင်အနိုင်ရခဲ့တဲ့ မော်ရိုကိုပဲအနိုင်ရမယ်။

### ပီရူး Vs ဒိန်းမတ်

နောက်ဆုံးရလဒ် - - - -

ဒီနှစ်သင်းအနေနဲ့ လက်ရှိအချိန်မှာခြေစွမ်းပိုင်းအရရော ကစားသမားအင်အားပိုင်း အရပါကွာဟမှုမရှိပါဘူး။ ဒါပေမယ့် အသင်းလိုက် ကစားပုံမှာတော့ တောင်အမေရိက အသင်းဖြစ်တဲ့ပီရူးဟာ ဒိန်းမတ်ထက်စွမ်းဆောင်ရည်ပိုမို မြင့်မားပါတယ်။ ဒိန်းမတ်မှာ ဘန်တနာလည်း ပါဝင်မလာတာကြောင့် ပီရူးကသာနိုင်ပွဲကပ်ရသွားဖို့ရှိပါတယ်။

### ကော်စတာရီကာ Vs ဆားဘီးယား

နောက်ဆုံးရလဒ် - - - -

ကော်စတာရီကာက အသင်းလိုက်ခြေစွမ်းပိုင်းကောင်းမွန်တဲ့အသင်း ဖြစ်ပါတယ်။ ဒါပေမယ့် တစ်ဦးချင်းစွမ်းဆောင်ရည်မှာတော့ သာမန်သာရှိပါတယ်။ ဆားဘီးယား ကတော့ စုဖွဲ့မှုတောင့်တင်းတဲ့အသင်းဖြစ်ပြီး ကိုလာရော့ဗ်၊ အိုင်ဗန်နိုဗစ်တို့လိုဝါရင့် ကစားသမားတွေလည်း ပါဝင်နေပါတယ်။ ဒါကြောင့်လည်း ဆားဘီးယားကသာ နိုင်ပွဲရသွားမှာပါ။

### ဂျာမနီ Vs မက္ကဆီကို

နောက်ဆုံးရလဒ် ဂျာမနီ ၄ ၁ မက္ကဆီကို

မက္ကဆီကိုက ကစားပုံလျင်မြန်ပြီး တိုက်စစ်ပိုင်းကစားပုံလည်း ကောင်းမွန်တဲ့အသင်း ဖြစ်ပါတယ်။ ဒါပေမယ့် ဂျာမနီကိုတော့ယှဉ်ကစားနိုင်ဖို့မလွယ်ပါဘူး။ ဂျာမနီဟာ ဆာနေး ပါဝင်လာခြင်းမရှိပေမယ့်လည်း မူလာ၊ တိုနီခရူးစ်တို့လို ကစားသမားကောင်း တွေနဲ့နေရာစုံ တောင့်တင်းမှုရှိတဲ့အသင်း ဖြစ်ပါတယ်။ ဂျာမနီကသာ အဖွင့်ပွဲမှာ အနိုင်ယူသွားနိုင်ပါတယ်။

### ခရိုအေးရှား Vs နိုင်ဂျီးရီးယား

နောက်ဆုံးရလဒ် - - - -

မန်ဇူကစ်၊ မိုဒရစ်၊ ရာကီတစ်တို့ပါဝင်လာမယ့် ခရိုအေးရှားက အသင်းကောင်းတစ်သင်း ဖြစ်ပါတယ်။ ဒါပေမယ့်လည်း နိုင်ဂျီးရီးယားက အာဖရိကအသင်းတစ်သင်းဖြစ်သလို မာကျောမှုရှိနေကာ မော့ဆက်၊ အီနာချိုတို့လို ကစားသမားကောင်းတွေလည်း ရှိနေပါတယ်။ ဒါကြောင့် ခရိုအေးရှားတို့မထင်မှတ်ဘဲအခက်တွေ့နိုင်ကာ ကပ်ပြီးသာ နိုင်ခြေရှိတယ်။

### ဘယ်လ်ဂျီယံ Vs ပနားမား

နောက်ဆုံးရလဒ် - - - -

ဟာဇက်၊ လူကာကူ၊ ဒီဘရူနီစတဲ့ကစား သမားကောင်းတွေနေရာစုံမှာရှိနေတဲ့ ဘယ်လ်ဂျီယံကအသင်းကောင်းတစ်သင်း ဖြစ်ပါတယ်။ ဒီအုပ်စုတွင်းမှာ အင်္ဂလန်လို အသင်းလည်းပါဝင်နေတာကြောင့် ဘယ်လ်ဂျီယံတို့ အဖွင့်ပွဲမှာတင် ဂိုးပြတ်အနိုင်ရဖို့ တိုက်စစ်ဖွင့်ကစားမှာပါ။ ပနားမားကတော့ အသင်းငယ်တစ်သင်းသာ ဖြစ်ပါတယ်။ ဘယ်လ်ဂျီယံပဲအနိုင်ရမယ်။

### ပေါ်တူဂီ Vs စပိန်

နောက်ဆုံးရလဒ် ပေါ်တူဂီ ၀ ၀ စပိန်

စပိန်ဟာ အသင်းလိုက်စုဖွဲ့မှုအရပေါ်တူဂီထက် ပိုမိုပြည့်စုံပေမယ့် စပိန်တိုက်စစ်မှူး တွေဟာ နိုင်ငံအသင်းမှာဂိုးသွင်းယူနိုင်ဖို့ ရှန်းကန်ရလေ့ရှိပါတယ်။ ဒါကြောင့်လည်း ခြေစမ်းပွဲတွေမှာတောင် စပိန်တို့ဂိုးများများမသွင်းနိုင်ခဲ့သလိုပေါ်တူဂီကလည်း တန်ပြန် တိုက်စစ်ကစားပုံကောင်းမွန်ပါတယ်။ သရေကျသွားဖို့များတဲ့ ပွဲလို့ယူဆမိပါတယ်။

### ဘရာဇီး Vs ဆွစ်ဇာလန်

နောက်ဆုံးရလဒ် ဆွစ်ဇာလန် ၁ ၀ ဘရာဇီး

ဆွစ်ဇာလန်ကအသင်းကောင်းတစ်သင်းဖြစ်ပြီး နိုင်ငံတကာပွဲတွေအတွင်းမှာ ရှုံးပွဲ နဲ့ဝေးနေခဲ့တာ ရှစ်လလောက်ရှိပြီဖြစ်ပါတယ်။ ဒါပေမယ့် ဘရာဇီးကိုတော့ ဆွစ်ဇာလန် တို့ ယှဉ်ကစားနိုင်ဖို့ခက်ပါတယ်။ ဘရာဇီးဟာတိုက်စစ်ပိုင်းမှာလည်း ဂိုးသွင်းယူနိုင်တဲ့ ကစားသမားတွေများစွာပါဝင်နေပါတယ်။ ဘရာဇီးပဲအနိုင်ရဖို့ရှိပါတယ်။

### တူနီးရှား Vs အင်္ဂလန်

နောက်ဆုံးရလဒ် အင်္ဂလန် ၂ ၁ တူနီးရှား

အင်္ဂလန်ဟာ အသင်းကောင်းတစ်သင်းဖြစ်သလို လူငယ်အများစုနဲ့ တည်ဆောက်ခဲ့ တာကြောင့် ကစားအားကောင်းမွန်ကာခြေစမ်းပွဲတွေမှာလည်း ခြေစွမ်းပြသနိုင်ခဲ့ပြီး ဘရာဇီးနဲ့ အီတလီကိုသရေကစားကာ ဟော်လန်ကိုအနိုင်ရယူနိုင်ခဲ့ပါတယ်။ ဒါပေမယ့် တူနီးရှားကလည်းအသင်းလိုက်ခြေစွမ်းကောင်းမွန်လို့ အင်္ဂလန်ကပ်ပြီးသာနိုင်မယ်။

### ဆွီဒင် Vs တ/ကိုရီးယား

နောက်ဆုံးရလဒ် တ/ကိုရီးယား ၂ ၂ ဆွီဒင်

တောင်ကိုရီးယားက အာရှအသင်းတစ်သင်းဖြစ်ပေမယ့်ဥရောပအခြေစိုက်ကစားသမား တွေနဲ့တည်ဆောက်ထားတဲ့အသင်း ဖြစ်ပါတယ်။ ဒါပေမယ့် ဆွီဒင်ကလည်း အသင်း လိုက်စွမ်းဆောင်ရည်အထူးကောင်းမွန်ပြီး အီတလီကိုတောင် ကျော်ဖြတ်ကာ ခြေစစ်ပွဲ အောင်မြင်လာခဲ့တာ ဖြစ်ပါတယ်။ ဒါကြောင့်လည်း ဒီပွဲစဉ်မှာ ဆွီဒင်ကသာနိုင်ပွဲရ သွားနိုင်ပါတယ်။

### ပိုလန် Vs ဆီနီဂေါ

နောက်ဆုံးရလဒ် - - - -


ဆီနီဂေါက မာနေးလိုကစားသမားမျိုးရှိနေပေမယ့်လည်းနေရာစုံမှာတော့ ခြေစွမ်း ထက်မြက်တဲ့ကစားသမား မရှိပါဘူး။ ဆီနီဂေါအနေနဲ့အသင်းလိုက် ခြေစွမ်းပိုင်း မာကျောပေမယ့်လည်း ပိုလန်က ပစ်ဇက်၊ လီဝမ်ဒေါ်စကီးတို့လို ကစားသမားကောင်း တွေကိုအများအပြားပိုင်ဆိုင်ထားတဲ့အသင်း ဖြစ်ပါတယ်။ ပိုလန်ကသာ အဖွင့်ပွဲမှာ နိုင်ပွဲရယူသွားမှာပါ။

### ကိုလံဘီယာ Vs ဂျပန်

နောက်ဆုံးရလဒ် ဂျပန် ၁ ၄ ကိုလံဘီယာ

ကာဂါဝါ၊ အိုကာဇာကီတို့လို ဥရောပအခြေစိုက်ကစားသမားကောင်းတွေပါဝင်လာ မယ့် ဂျပန်က အသင်းကောင်းတစ်သင်း ဖြစ်ပါတယ်။ ဒါပေမယ့် ဂျပန်ရဲ့စုဖွဲ့မှုကတော့ ဂျိမ်းစ်ရိုဒရီဂွက်ဇ်၊ ဖယ်လ်ကာအိုတို့လိုကစားသမားတွေရှိနေတဲ့ ကိုလံဘီယာ ကိုမမီပါဘူး။ အသင်းလိုက်စွမ်းဆောင်ရည်မှာလည်း ကိုလံဘီယာကအားသာနေလို့ ကိုလံဘီယာပဲအနိုင်ရမယ်။

## စုစည်းမှုရှိရန် စပိန်အသင်းဖော်များကို အသင်းခေါင်းဆောင် ရာမို့စ် တိုက်တွန်း



၂၀၁၈ ခုနှစ် ဖီဖာကမ္ဘာ့ဖလားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် စပိန်အသင်းသည် အံ့အားသင့်ဖွယ်နည်းပြ အပြောင်းအလဲပြုလုပ်ခဲ့ပြီးနောက် စပိန်အသင်းခေါင်းဆောင် ဆာဂျီယိုရာမို့စ်က စပိန်အသင်းကစားသမားများအား စုစည်းမှုရှိကြရန် တိုက်တွန်းပြောဆိုလိုက်သည်။

ရီးရဲမက်ဒရစ်အသင်းနည်းပြသစ်အဖြစ် စပိန်လက်ရွေးစင်အသင်းနည်းပြ လိုပီတီဂူအား ခန့်အပ်မည်ဟု ရီးရဲအသင်းမှ ကြေညာခဲ့ပြီး မကြာမီ စပိန် ဘောလုံးအဖွဲ့ချုပ်သည် နည်းပြ လိုပီတီဂူအား ရာထူးမှ ထုတ်ပယ်ခဲ့ကာ စပိန်ကွင်းလယ်ကစားသမားဟောင်းတစ်ဦးဖြစ်သူ ဟီယာရိုအား စပိန်အသင်း နည်းပြသစ်အဖြစ် ခန့်အပ်ခဲ့ခြင်း ဖြစ်သည်။ ဟီယာရိုသည် စပိန်လက်ရွေးစင်အသင်းတွင် နည်းစနစ်ဒါရိုက်တာအဖြစ် တာဝန်ထမ်းဆောင်နေခဲ့သူဖြစ်သည်။

ရီးရဲမက်ဒရစ်အသင်းကစားသမား ရာမို့စ်က “ကျွန်တော်တို့ဟာ နိုင်ငံအသင်းအတွက် ရွေးချယ်ခံထားရသူ တွေဖြစ်တယ်။ ဒါကြောင့် နိုင်ငံ အသင်းအတွက် တစ်စိတ် တစ်ဝမ်းတည်း ရှိနေရမှာပါ၊ ကျွန်တော်တို့မှာ တာဝန်ယူမှုနဲ့ အာရုံစူးစိုက်ထားမှုရှိရမှာ ဖြစ်ပါတယ်”ဟု ပြောခဲ့သည်။

စပိန်အသင်းသည် နည်းပြ လိုပီတီဂူ၏ လက်အောက်တွင် စုစုပေါင်း ပွဲ ၂၀ ကစားခဲ့ရာတွင် ရှုံးပွဲမရှိခဲ့ဘဲ ၁၄ ပွဲ အနိုင်ရရှိခဲ့ကာ ခြောက်ပွဲသရေကျခဲ့သည်။ နည်းပြ လိုပီတီဂူသည် ရီးရဲမက်ဒရစ်အသင်းက မိမိအား နည်းပြသစ်အဖြစ် ခန့်အပ်ကြောင်း ရီးရဲအသင်းမှ သတင်းမထုတ်ပြန်မီ အချိန်ငါးမိနစ်စောပြီး စပိန်ဘောလုံးအဖွဲ့ချုပ် တာဝန် ရှိသူများကို အသိပေးခဲ့ကြောင်း သတင်းများတွင် ဆက်လက်ရေးသားထားသည်။

စပိန်လက်ရွေးစင်အသင်း၏ နည်းပြသစ်အဖြစ် ခန့်အပ်ခံခဲ့ရသူ ဟီယာရိုသည် ရီးရဲမက်ဒရစ်အသင်း၏ လက်ထောက်နည်းပြအဖြစ်လည်းကောင်း၊ စပိန်ကလပ် ရီးရဲ အိုဗီဒိုအသင်းနည်းပြအဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့ဖူးသူဖြစ်သည်။ စပိန်ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ရူဘိုင်လက်စ်က နည်းပြ လိုပီတီဂူအား ထုတ်ပယ်ခဲ့ရခြင်းမှာ မလွှဲမရှောင်သာသောကြောင့်ဖြစ်ကြောင်း၊ စပိန်အသင်းအတွက် နည်းပြ လိုပီတီဂူ စွမ်းဆောင်ပေးခဲ့ခြင်းများအတွက် ကျေးဇူးတင်ရှိကြောင်း ပြောဆိုခဲ့သည်။ **ထက်အောင်**

# ရုရှားမြေမှာ ဘရာဇီးအသင်းနဲ့တူ စောင့်ကြည့်ရမယ့် ဂျီးဇက်စ်

**အောင်က**

**ကမ္ဘာ့ဖလားပြိုင်ပွဲဆိုတာ ကမ္ဘာ့အကြီးကျယ်ဆုံးပြိုင်ပွဲတစ်ခုဖြစ်တာကြောင့် ကစားသမားတိုင်းကပါဝင်ကစားချင်ကြတာလည်း ဖြစ်ပါတယ်။ ဒါ့အပြင် ကမ္ဘာ့ဖလားပြိုင်ပွဲတိုင်းမှာတော့ အကောင်းဆုံးကစားသမားတွေပေါ်ထွက်လေ့ရှိသလို လူငယ်ကစားသမားကောင်းတွေလည်း ထွက်ပေါ်လေ့ရှိတယ်လို့ပြောရမှာပါ။ ဒီနှစ်ကမ္ဘာ့ဖလားမှာတော့ လူငယ်ကစားသမားကောင်းတွေရှိတဲ့ကြားက စောင့်ကြည့်ရမယ့် ကစားသမားကတော့ ဘရာဇီး လူငယ်ကစားသမား ဂါဘရီရယ်ဂျီးဇက်စ် ဖြစ်ပါတယ်။**



ဂါဘရီရယ်ဂျီးဇက်စ်ဟာ ထူးချွန်တဲ့ကစားသမားတစ်ဦးဖြစ်တယ်ဆိုတာကတော့ ငြင်းပယ်လို့မရတဲ့အမှန်တရားတစ်ခု ဖြစ်ပါတယ်။ သူဟာ ဘရာဇီးစီးရီးကလပ် ပါမီးယက်စ်အသင်းက ထွက်ပေါ်လာခဲ့တဲ့ ကစားသမားတစ်ဦးလည်းဖြစ်ပါတယ်။ သူယခင်ကတော့ တောင်ပံကစားသမား တစ်ဦးအဖြစ် ကစားနေခဲ့တာဖြစ်တယ်။ သူဟာ ပါမီးယက်စ် အသင်းကို ၂၀၁၅ ခုနှစ်မှာ ပြည်တွင်းဆုဖလားတစ်လုံးဖြစ်တဲ့ ကိုပါဒို ဘရာဇီးဆုဖလားကို ရယူပေးခဲ့ပါတယ်။ နောက်ပိုင်းမှာတော့ သူဟာ တိုက်စစ်မှူးအဖြစ် ပြောင်းကစားခဲ့ပြီး သူ့ရဲ့ အကွက်မြင်မှု၊ လျင်မြန်မှုနဲ့ နည်းစနစ်ပိုင်း ကောင်းမွန်မှုတို့ကြောင့် အသင်းမှာ ပိုမိုနေရာရလာခဲ့ပါတယ်။ သူဟာ ပါမီးယက်စ်နဲ့ ဒုတိယရာသီမှာတော့ ၁၂ ဂိုးအထိ သွင်းယူပေးပြီး အသင်းအတွက် ၂၂ နှစ်ကြာဝေးကွာနေတဲ့ ဘရာဇီးစီးရီး ဆုဖလားကို ရယူနိုင်အောင် စွမ်းဆောင်ပေးခဲ့ပါတယ်။

**အသားကျအောင် ကစားနိုင်ခဲ့**

၂၀၁၇အစပိုင်းမှာသူဟာ မန်စီးတီးအသင်းကို စတင်ပြောင်းရွှေ့လာခဲ့ပါတယ်။ သူဟာအသင်းကို ရောက်ရှိခဲ့ပြီး မကြာခင်မှာပဲ အသားကျအောင် ကစားနိုင်ခဲ့တယ်။ ဒါပေမယ့် ဒဏ်ရာပြဿနာနဲ့ ရုန်းကန်နေရတာကြောင့် တစ်ရာသီလုံးကောင်းကောင်းကစားနိုင်ခြင်းတော့ မရှိခဲ့ဘူး။ သူဟာ မန်စီးတီးအသင်းမှာကစားခဲ့တဲ့ ဒုတိယရာသီမှာတော့ ပိုမိုခြေစွမ်းပြကစားလာနိုင်ခဲ့တာကိုတွေ့ရပါတယ်။ ပြီးခဲ့တဲ့ရာသီက မန်စီးတီးအသင်းရဲ့ ပရီမီယာလိဂ်ဆုဖလား ရယူနိုင်ခဲ့ခြင်းမှာ ဂါဘရီရယ်ဂျီးဇက်စ်ရဲ့အခန်းကဏ္ဍက အရေးပါခဲ့ပါတယ်။ သူဟာ ပြီးခဲ့တဲ့ရာသီက ဒဏ်ရာရရှိခဲ့ပေမယ့် အချိန်သိပ်မကြာဘဲ ပြန်ကောင်းခဲ့တာကြောင့်လည်း အကောင်းဆုံးကစားနိုင်ခဲ့တာ ဖြစ်ပါတယ်။

**ဂိုး ၂၀ သွင်းယူပေးထား**

ပြီးခဲ့တဲ့ရာသီကသူဟာ မန်စီးတီးအသင်းအတွက် ဂိုး ၂၀ သွင်းယူပေးထားပြီး ဂိုးပေါက် ကန်သွင်းမှုအကြိမ် ၄၀ ရှိခဲ့ပါတယ်။ အဓိကပေးပို့မှုပေါင်း ၂၁ ကြိမ်ရှိခဲ့ပြီး အောင်မြင်စွာဘောလုံးလုယူနိုင်မှုကတော့ အကြိမ် ၂၀ ရှိခဲ့ပါတယ်။ ဒါကြောင့်လည်း သူဟာ လက်ရှိပရီမီယာလိဂ်ရဲ့ ၂၁ နှစ်အောက်က ကစားသမားတွေထဲမှာတော့ အကောင်းဆုံးကစားသမားတစ်ဦးအဖြစ် သတ်မှတ်ထားခြင်းခံရတာလည်း ဖြစ်ပါတယ်။

ဒါကြောင့်လည်း အခုလို ခြေစွမ်းတွေဟာ ဘရာဇီးအသင်းအတွက်တော့ ကောင်းကျိုးတွေ ဖြစ်စရာရှိလာတယ်လို့ ပြောရမှာလည်း ဖြစ်ပါတယ်။ ၂၀၁၆ အိုလံပစ်မှာတော့ ဂျီးဇက်စ်ဟာ အသင်းရဲ့ တိုက်စစ်မှာနေမာနဲ့အကောင်းဆုံး တွဲဖက်ကစားပြီး ဘရာဇီးသမိုင်းမှာတစ်ကြိမ်မှ မရဖူးသေးတဲ့ အိုလံပစ်ဆုဖလားကို ရယူပေးနိုင်ခဲ့ပါတယ်။

**အခုလို ခြေစွမ်းတွေဟာ ဘရာဇီးအသင်းအတွက်တော့ ကောင်းကျိုးတွေ ဖြစ်စရာရှိလာတယ်လို့ ပြောရမှာလည်း ဖြစ်ပါတယ်။ ၂၀၁၆ အိုလံပစ်မှာတော့ ဂျီးဇက်စ်ဟာအသင်းရဲ့တိုက်စစ်မှာ နေမာနဲ့ အကောင်းဆုံး တွဲဖက်ကစားပြီး ဘရာဇီးသမိုင်းမှာ တစ်ကြိမ်မှ မရဖူးသေးတဲ့ အိုလံပစ်ဆုဖလားကို ရယူပေးနိုင်ခဲ့ပါတယ်။**

ဒါကြောင့်လည်း ဘရာဇီးအသင်း နည်းပြတိုင်တီဟာ ရုရှားကမ္ဘာ့ဖလားမှာ ပါဝင်ကစားမယ့် ဘရာဇီးအသင်းမှာတော့ သူ့ကို နံပါတ် ၉ ဂျာစီကို ဝတ်ဆင်စေခဲ့တာလည်း ဖြစ်ပါတယ်။ သူ့ရဲ့လက်ရှိအသက်ဟာ ၂၁ နှစ်သာ ရှိနေသေးပေမယ့် အကွက်မြင်မှု၊ အခွင့်အရေး ဖန်တီးနိုင်မှုတွေကြောင့်လည်း နည်းပြ တိုင်တီရဲ့ ယုံကြည်မှုကို ခံနေရတာလည်း ဖြစ်ပါတယ်။ သူ့ရဲ့လက်ရှိခြေစွမ်းတွေ၊ ထိပ်တန်းကစားသမားတွေရဲ့ကူညီပံ့ပိုးမှုတွေကြောင့် ရုရှားကမ္ဘာ့ဖလားမှာတော့ ဂျီးဇက်စ်ဟာ မဖြစ်မနေကို စောင့်ကြည့်ရမယ့်ကစားသမားလို့ ဆိုရမှာ ဖြစ်ပါတယ်။ ။

## ဆာလက်ချ်သည် Ballon d'Or ဆုအတွက် ယှဉ်ပြိုင်နိုင်သူဖြစ်သည်ဟု ရော်နယ်ဒိုပြောဆို

**ထက်အောင်**



လီဗာပူးအသင်းတိုက်စစ်မှူး မိုဟာမက်ဆာလက်ချ်သည် Ballon d'Or ဆု ရယူနိုင်ရန် အလားအလာရှိသည့် ကစားသမားဖြစ်ကြောင်း ရီးရဲမက်ဒရစ်နှင့် ပေါ်တူဂီကစားသမား ခရစ္စတီယာနိုရော်နယ်ဒိုက ထုတ်ဖော်ပြောဆိုလိုက်သည်။

၂၀၀၈ ခုနှစ်မှ ၂၀၁၇ ခုနှစ်အထိ Ballon d'Or ဆုအား ရော်နယ်ဒိုနှင့် ဘာစီလိုနာတိုက်စစ်ကစားသမား လီယွန်နယ်မက်ဆီတို့နှစ်ဦးအနက်မှ တစ်ဦးကသာ ရယူနိုင်ခဲ့သည်။ ရော်နယ်ဒိုက "ပြီးခဲ့တဲ့ ဘောလုံးရာသီမှာ ဆာလက်ချ်က အကောင်းဆုံး ခြေစွမ်းပြနိုင်ခဲ့တဲ့ ကစားသမားတွေ အနက်က တစ်ဦးပါ၊ ချန်ပီယံလိဂ်ဗိုလ်လုပွဲမှာ ဆာလက်ချ် ရရှိခဲ့တဲ့ ပခုံးဒဏ်ရာက သူ့ကို ဟန့်တားနိုင်လိမ့်မယ်လို့ ကျွန်တော် မထင်ပါဘူး၊ Ballon d'Or ဆုနဲ့ ပတ်သက်ပြီး လူအများအပြားက ကျွန်တော်နဲ့ မက်ဆီတို့ကြားက ယှဉ်ပြိုင်မှုအကြောင်းကိုသာ ပြောလေ့ရှိတယ်၊ ဒါပေမယ့် ဒီဆုအတွက် ယှဉ်ပြိုင်လာနိုင်တဲ့ အခြားကစားသမားတွေ ရှိနေပါတယ်၊ အဲဒီကစားသမားတွေထဲက သေချာသူတစ်ဦးကတော့ ဆာလက်ချ်ပါ"ဟု သတင်းထောက်များနှင့် တွေ့ဆုံချိန်၌ ပြောဆိုခဲ့သည်။

ဘေဆယ်၊ ချယ်လ်ဆီး၊ ဖီအိုရင်တီးနား၊ ရိုးမားအသင်းတို့တွင် ပါဝင်ကစားခဲ့ဖူးသူ တိုက်စစ်မှူး ဆာလက်ချ် (၂၅နှစ်) သည် သူ၏ လီဗာပူးကစားသမားဘဝ ပထမဆုံးရာသီဖြစ်သည့် ၂၀၁၇-၁၈ ခုနှစ်ဘောလုံးရာသီတွင် လီဗာပူးနှင့်အတူ စုစုပေါင်း ၅၂ ပွဲ ပါဝင်ကစားခဲ့ကာ ၄၄ ဂိုး သွင်းယူပေးနိုင်ခဲ့သူဖြစ်သည်။

မက်ဆီနှင့် ရော်နယ်ဒိုတို့သည် Ballon d'Or ဆုအား ငါးကြိမ်စီ ရရှိထားကာ Ballon d'Or ဆုသမိုင်းကြောင်း တစ်လျှောက်ဆုရရှိမှု အများဆုံးကစားသမားများအဖြစ် ပူးတွဲရပ်တည်နေကြသူများဖြစ်သည်။

တိုက်စစ်မှူး ဆာလက်ချ်ကမူ မိမိအနေဖြင့် မျက်မှောက်ခေတ်ဘောလုံးလောက၏ အကောင်းဆုံး ကစားသမားများဟု သတ်မှတ်ခံထားရသော မက်ဆီ၊ ရော်နယ်ဒိုတို့နှင့် ယှဉ်ပြိုင်နိုင်ရန်အတွက် လက်ရှိခြေစွမ်းအား နှစ်အတန်ကြာ ဆက်လက်ထိန်းသိမ်းထားနိုင်ရန် လိုအပ်ကြောင်း ဝန်ခံပြောဆိုထားသည်။

၂၀၁၈ ခုနှစ် ဖီဖာကမ္ဘာ့ဖလားပြိုင်ပွဲ၏ ပွဲစဉ်ရေးဆွဲထားမှုအရ ရော်နယ်ဒို ဦးဆောင်လာမည့် ပေါ်တူဂီလက်ရွေးစင်အသင်းသည် ဆာလက်ချ်ပါဝင်သည့် အီဂျစ်အသင်းနှင့် ၁၆ သင်း ရှုံးထွက်အဆင့်တွင် ရင်ဆိုင်ရနိုင်သည့် အလားအလာရှိနေသည်။

## အင်္ဂလန်အသင်း ကွာတားဖိုင်နယ် အဆင့်မှ ထွက်ရမည်ဟု မန်ယူမန်နေဂျာ မော်ရင်ညိုဟောကိန်းထုတ်

**ထက်အောင်**



၂၀၁၈ ခုနှစ် ဖီဖာကမ္ဘာ့ဖလားပြိုင်ပွဲတွင် အင်္ဂလန်လက်ရွေးစင်အသင်းသည် ကွာတားဖိုင်နယ်အဆင့်၌ ဘရာဇီးအသင်းနှင့် ဆုံတွေ့ကာ ရှုံးပွဲကြုံပြီးပြိုင်ပွဲမှ ထွက်ရလိမ့်မည်ဟု မန်ယူမန်နေဂျာ မော်ရင်ညိုက ဟောကိန်းထုတ်ပြောဆိုလိုက်သည်။

ကမ္ဘာ့ဖလားပွဲစဉ်များ ယှဉ်ပြိုင်ကစားရန် စီစဉ်ထားမှုအရ အုပ်စု (E) တွင် ပါဝင်နေသည့် ဘရာဇီးအသင်းနှင့် အုပ်စု (G)တွင် ပါဝင်နေသည့် အင်္ဂလန်အသင်းတို့သည် ကွာတားဖိုင်နယ်အဆင့်တွင် ဆုံတွေ့ရရန် အလားအလာရှိနေသည့် အသင်းများဖြစ်သည်။ မန်နေဂျာ မော်ရင်ညိုက အင်္ဂလန်အသင်းသည် ၁၆ သင်း ရှုံးထွက်အဆင့်၌ အုပ်စု (H) တွင် ပါဝင်သည့် ပိုလန်အသင်းနှင့် ရင်ဆိုင်ရနိုင်ပြီး ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်မည်ဖြစ်သော်လည်း ကွာတားအဆင့်တွင်မူ ဘရာဇီးအသင်းကြောင့် ပြိုင်ပွဲမှ ထွက်ခွာရလိမ့်မည်ဟု ဟောကိန်းထုတ်ခဲ့ခြင်း ဖြစ်သည်။

မန်နေဂျာ မော်ရင်ညိုက "ကွာတားဖိုင်နယ်အဆင့်မှာ ဘရာဇီးနဲ့ အင်္ဂလန်အသင်းတို့ ဆုံတွေ့နိုင်ပြီး ဒီပွဲက တကယ့်ကို ပွဲကြီးပွဲကောင်းတစ်ပွဲ ဖြစ်လာမှာပါ၊ ဒီဆုံတွေ့မှုက ကျွန်တော့်အတွက်လည်း မဆိုးဘူးလို့ ဆိုရမယ်၊ ဘာကြောင့်လဲဆိုတော့ ကျွန်တော့် အင်္ဂလန်အသင်းမှာ ပါဝင်တဲ့ ကျွန်တော့်ကစားသမားတွေ အားလပ်ရက် စောစောရတာကြောင့်ပါ"ဟု ပြောဆိုခဲ့သည်။

၂၀၁၈ ခုနှစ် ဖီဖာကမ္ဘာ့ဖလားပြိုင်ပွဲဝင် အင်္ဂလန်အသင်းတွင် မန်ယူအသင်းမှ ကစားသမားများအဖြစ် ဖီးလ်ဂျုံးစ်၊ အက်ရှ်လေယန်း၊ ဂျေစီလင်ဂတ်၊ မားကပ်စ်ရက်ချ်ဖို့ဒ်တို့ ပါဝင်နေသည်။

အင်္ဂလန်အသင်းနှင့် ဘရာဇီးအသင်းတို့ နောက်ဆုံး ဆုံတွေ့ခဲ့သည့်ပွဲမှာ ၂၀၁၇ ခုနှစ် နိုဝင်ဘာလ ၁၅ ရက်တွင် ယှဉ်ပြိုင်ကစားခဲ့သော ခြေစမ်းပွဲဖြစ်ပြီး အဆိုပါပွဲတွင် ဂိုးမရှိ သရေရလဒ်ထွက်ပေါ်ခဲ့သည်။ အင်္ဂလန်နှင့် ဘရာဇီးအသင်းတို့ နောက်ဆုံး ငါးကြိမ်ဆုံတွေ့မှုတွင် တစ်ကြိမ်စီ အနိုင်ရခဲ့ကြပြီး သုံးပွဲ သရေကျခဲ့သည်။

# မောင်တောဒေသ၌ ပြည်တွင်းသတင်းမီဒီယာအဖွဲ့များ ရောက်ရှိသတင်းယူ

**မောင်တော ဇွန် ၁၄**

ရခိုင်ပြည်နယ် မောင်တောဒေသသို့ သတင်းသွားရောက်ရယူကြမည့် ပြည်တွင်းသတင်းမီဒီယာအဖွဲ့သည် ယနေ့ နံနက်ပိုင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ လေကြောင်းခရီးဖြင့် ထွက်ခွာလာရာ စစ်တွေလေဆိပ်သို့ နံနက် ၈ နာရီခွဲခန့်တွင် ရောက်ရှိကြသည်။

ပြည်တွင်း သတင်းမီဒီယာအဖွဲ့သည် စစ်တွေရေချမ်းပြင်ဆိပ်ကမ်းမှ အငူမော်သို့ စက်လှေဖြင့် ဆက်လက်ထွက်ခွာလာပြီး မောင်တောမြို့နယ် အင်းဒင်ကျေးရွာသို့ ရောက်ရှိကာ ဒေသခံရခိုင်တိုင်းရင်းသားများနှင့် တွေ့ဆုံသည်။ ထို့နောက် ၂၀၁၇ ခုနှစ် ဩဂုတ် ၂၅ ရက်တွင် ARSA အကြမ်းဖက်သမားများ၏ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်၊ လက်ရှိနေထိုင်စားသောက်နေရမှု၊ ယခင်က နှစ်ဖက်အသိုက်အဝန်းနှစ်ခုအကြား အေးချမ်းစွာနေထိုင်ခဲ့ကြမှု အခြေအနေတို့ကို မေးမြန်းသတင်းရယူကြသည်။ (ယာပုံ)

ထို့နောက် သတင်းမီဒီယာအဖွဲ့သည် ကိုင်းကြီး (မြို) ကျေးရွာသစ်သို့ ရောက်ရှိပြီး မြိုတိုင်းရင်းသားများနှင့် တွေ့ဆုံကာ နယ်မြေတည်ငြိမ်အေးချမ်းမှု အခြေအနေနှင့် လက်ရှိနေထိုင်စားသောက်နေရမှု အခြေအနေကို မေးမြန်းကြသည်။

ဆက်လက်၍ သတင်းမီဒီယာအဖွဲ့သည် မောင်တောမြို့နယ်ရှိ ငါးခူရပြန်လည်လက်ခံရေးစခန်းသို့ ရောက်ရှိပြီး လေ့စီးဒုက္ခသည်များနှင့် တွေ့ဆုံကာ ပင်လယ်ပြင်အတွင်း ကြုံတွေ့ခဲ့ရသည်များကို မေးမြန်းသတင်းရယူကြသည်။

ထို့နောက် သတင်းမီဒီယာအဖွဲ့သည် ကြက်ရိုးပြင်ကျေးရွာသို့ သွားရောက်ပြီး အစ္စလာမ်ဘာသာဝင်များနှင့် တွေ့ဆုံ၍ နယ်မြေတည်ငြိမ်အေးချမ်းမှုအခြေအနေများကို မေးမြန်းသတင်းရယူသည်။

ယနေ့ မောင်တောဒေသသို့ သတင်းရယူကြသည့် အဖွဲ့တွင် VOA၊ MIZZIMA၊ ရောဝတီသတင်းဌာန၊ MRTV၊ MITV နှင့် MNA တို့မှ သတင်းသမားများ ပါရှိသည်။

**မင်းသစ်** (MNA)



# ကယားပြည်နယ်ဝန်ကြီးချုပ် ဒီမော့ဆိုမြို့နယ်အတွင်းရှိ သဘာဝဘေးသင့်ပြည်သူများအား သွားရောက်ထောက်ပံ့

**ဒီမော့ဆို ဇွန် ၁၄**

ကယားပြည်နယ် ဒီမော့ဆိုမြို့နယ်တွင် ဇွန် ၁၂ ရက်မှ ၁၄ ရက်အတွင်း မိုးသည်းထန်စွာရွာသွန်းခြင်းနှင့် လေပြင်းတိုက်ခတ်မှုများကြောင့် ကျေးရွာအုပ်စု လေးအုပ်စုမှ ကျေးရွာရှစ်ရွာအတွင်းရှိ နေအိမ် ၁၂ လုံး ရွှေ့ပြောင်းနေထိုင်ရခြင်း၊ နေအိမ်ခုနစ်လုံး အမိုးလန်ပျက်စီးခြင်း၊ ဘုရားကျောင်း နှစ်ကျောင်း အမိုးလန်ပျက်စီးခြင်းနှင့် လူတစ်ဦးသေဆုံးမှုတို့ ဖြစ်ပွားခဲ့သည်။

ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုနှင့် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်နှင့် တာဝန်ရှိသူများသည် ဇွန် ၁၄ ရက် ညနေ ၃ နာရီခွဲက ငွေတောင်ချောင်း ရေကြီးမှုကြောင့် ဒီမော့ဆိုကျေးရွာအုပ်စု ဈေးကုန်းရပ်ကွက်အတွင်း နေအိမ် ၁၂ လုံးသို့ ရောက်ရှိမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များက ဒန်တိုကျေးရွာတွင် ကမ်းပြိုမှုကြောင့် သေဆုံးသူတစ်ဦး၏ မိသားစုအား ထောက်ပံ့ငွေကျပ် ၄၀၀၀၀၀၊ ခူးပရာရွာသစ်-တောင်ငူလမ်း ပိတ်ဆို့နေမှု ရှင်းလင်းနိုင်ရန် လိုအပ်သော စက်သုံးဆီဝယ်ယူနိုင်ရန် ငွေကျပ် ၃၀၀၀၀၀၊ ဒေါရောက်ခူကျေးရွာအုပ်စုရှိ ကျေးရွာနှစ်ရွာတွင် နေအိမ်နှစ်လုံး အမိုးလန်ခြင်းအတွက် ပြင်ဆင်ဆောင်ရွက်နိုင်ရန် ငွေကျပ် ၂၆၀၀၀၀၊ ခူးပရာရွာသစ်ကျေးရွာတွင် နေအိမ်သုံးလုံးနှင့် ဘုရားကျောင်း နှစ်ကျောင်း၊ ကုန်းသာလင်းကျေးရွာတွင် နေအိမ်တစ်လုံး အမိုးလန်မှုပြင်ဆင်ရန် ငွေကျပ် ၈၀၀၀၀၀ ဆောင်ဒူရွာသစ်ကျေးရွာတွင် နေအိမ်တစ်လုံး အမိုးလန်ခြင်းအတွက် ပြင်ဆင်ရန် ငွေကျပ် ၁၃၀၀၀၀၊ ဒီမော့ဆိုကျေးရွာအုပ်စု ဈေးကုန်းရပ်ကွက်တွင် ရေဝင်ရောက်မှုကြောင့် ပြောင်းရွှေ့နေထိုင်ရသည့် အိမ်ထောင်စု ၁၂ စုအတွက် ငွေကျပ် ၃၅၃၄၀၀ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

အလားတူ ပြည်နယ် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဦးစီးဌာနမှ အိမ်ထောင်စု ၂၀ အတွက် ကယ်ဆယ်ရေးပစ္စည်း ၁၀ မျိုးကိုလည်း ထောက်ပံ့ပေးအပ်ခဲ့ပြီး လိုဘာခိုကျေးရွာတွင် ရေကြီးမှုကြောင့် လယ်မြေ ဧက ၁၅၀ ပျက်စီးဆုံးရှုံးမှုအား ထောက်ပံ့ကူညီနိုင်ရန် စီမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# အထက်နမ့်ထွမ် ရေအားလျှပ်စစ်စီမံကိန်းပြီးစီး၍ ဓာတ်အားစမ်းသပ်ပို့လွှတ်မည်

**ပူတာအို ဇွန် ၁၄**

ကချင်ပြည်နယ် ပူတာအိုမြို့တွင် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက တည်ဆောက်ပြီးစီးသွားသော ၃ ဒသမ ၂ မဂ္ဂါဝပ်ထွက်ရှိမည့် အထက်နမ့်ထွမ်ရေအားလျှပ်စစ်စက်ရုံတည်ဆောက်နေမှုမှာ ရေအား လျှပ်စစ်စီမံကိန်းပြီးစီးနေပြီဖြစ်ပါ၍ ယခုအခါ စက်စမ်းသပ်လည်ပတ်မှုများ ဆောင်ရွက်နေကြောင်း မြို့နယ်လျှပ်စစ်ရုံးက မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများသို့ အသံချဲ့စက်များဖြင့် ကြော်ငြာမှုများ ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

အထက်နမ့်ထွမ်ရေအားလျှပ်စစ်စီမံကိန်းမှ ဇွန် ၁၄ ရက်မှ ၂၅ ရက်အထိ ပူတာအိုမြို့နှင့် မချမ်းဘောမြို့သို့ စမ်းသပ်ပို့လွှတ်မည်ဖြစ်ကြောင်း သိရပြီး အဆိုပါ အထက်နမ့်ထွမ်ရေအားလျှပ်စစ်ဓာတ်အားပို့လွှတ်ချိန်တွင် မီးအားမြှင့်စက်များကို ပုံမှန်အတိုင်းထားရှိရန်လိုအပ်ကြောင်း၊ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး သတိထားသုံးစွဲနေထိုင်ကြရန်လိုအပ်ကြောင်း မြို့နယ်လျှပ်စစ်ဌာနက အသိပေးနှိုးဆော်ထားသည်။

**(ခရိုင် ပြန်/ဆက်)**

# မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ထမံသီ-လေရှီး-ပန်ဆပ်နှင့် ဆွမ္မရာလမ်းပိုင်းရှိနေရာအချို့တွင် မြေပြိုမှုများဖြစ်

**မုံရွာ ဇွန် ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လေရှီးမြို့နယ်အတွင်း ဇွန် ၁၂ ရက်မှ ၁၃ ရက် နံနက်ပိုင်းအထိ မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် ထမံသီ- လေရှီး- ပန်ဆပ်နှင့် ဆွမ္မရာလမ်းပိုင်းများရှိနေရာ ခုနစ်နေရာတွင် ဇွန် ၁၃ ရက် နံနက်ပိုင်းက တောင်များပြိုကျခြင်း၊ တောင်ကျချောင်းရေတိုက်စားမှုကြောင့် လမ်းများပဲ့ကျခြင်း၊ တံတားချဉ်းကပ်လမ်း ပျက်စီးမှုများ ရှိခဲ့ကြောင်း လေရှီးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် ထမံသီ-လေရှီး-ပန်ဆပ်နှင့်ဆွမ္မရာလမ်းပိုင်းများရှိ မိုင်တိုင်အမှတ် ၃၆/၄ နှင့် ၃၆/၅ ကြားတွင် လည်းကောင်း၊ မိုင်တိုင်အမှတ် ၃၀/၀ နှင့် ၃၀/၁ တွင် လည်းကောင်း၊ မိုင်တိုင်အမှတ် ၃၈/၃ နှင့် ၃၈/၄ ကြားတွင် လည်းကောင်း၊ မိုင်တိုင်အမှတ် ၃၉/၂ နှင့် ၃၉/၃ ကြားတွင် လည်းကောင်း၊ မိုင်တိုင်အမှတ် ၄၅/၀ နှင့် ၄၅/၁ ကြားတွင် လည်းကောင်း ကမ်းပါးနံရံ မြေစာပြိုကျခြင်း၊ မိုင်တိုင်အမှတ် ၂၅/၂၂ နှင့် မိုင်တိုင်အမှတ် ၂၅/၂၃ ကြားရှိ ပေ ၉၀ အရှည်ရှိ တံတားအမှတ် ၁/၂၆ ၏ ရေဝင်ဘက်ခြမ်းရှိ မြေကာနံရံပေ ၈၀ ခန့် ရေတိုက်စား၍ လည်းကောင်း၊ မိုင်တိုင်အမှတ် ၄၂/၄ နှင့် ၄၂/၅ ကြားရှိ အရှည် ၁၅ ပေရှိ ကွန်ကရစ်တံတားသည် လေရှီးဘက်ခြမ်းတွင်လည်းကောင်း မြေပြိုကျမှုများ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါ မြေပြိုခြင်းနှင့် လမ်းများ ရေတိုက်စားရာ နေရာများသို့ လေရှီးမြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးစိုးညွန့်ဦး၏ ဦးဆောင်မှုဖြင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ရဲတပ်ဖွဲ့ဝင်များ၊ လမ်းဦးစီးဌာနနှင့် မော်တော်ကားလိုင်းမှ အသင်းဝင်များ ပါဝင်သော ပူပေါင်းအဖွဲ့သည် ယာဉ်ယန္တရားနှစ်စီးဖြင့် ယာဉ်သွားယာဉ်လာ ကောင်းမွန်စေရေး ရှင်းလင်းပေးလျက်ရှိပြီး ထမံသီ-လေရှီးကားလမ်းသည် ဇွန် ၁၃ ရက် ည ၈ နာရီတွင် ယာဉ်များ သွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။




**ဝင်းဦး (ဧယျာတိုင်း)**

# ပလက်ဝမြို့၌ မြေနိမ့်ပိုင်းရပ်ကွက်များ ရေလွှမ်း

**ပလက်ဝ ဇွန် ၁၄**

ချင်းပြည်နယ် ပလက်ဝမြို့တွင် ဇွန် ၁၂ ရက်မှစ၍ မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ကုလားတန်မြစ် ရေကြီးရေလျှံမှုဖြစ်ကာ ကမ်းနားလမ်းနှင့် မြေနိမ့်ပိုင်းရပ်ကွက်ရှိ လမ်းများ သွားလာမှု အခက်ကြုံနေရကြောင်း သိရသည်။

ကုလားတန်မြစ်ရေမှာ စိုးရိမ်ရေမှတ်သို့ မရောက်ရှိသေးသော်လည်း ကမ်းနားလမ်းနှင့် မြေနိမ့်ပိုင်းရှိ နေအိမ်များ၊ ဌာနဆိုင်ရာအဆောက်အအုံအချို့ နှစ်ပေမှ ခြောက်ပေခန့်အထိ ရေလွှမ်းနေကြောင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ရေကျချိန်ကို စောင့်ကြည့်နေကြပြီး ကမ်းနားလမ်းနှင့် မြေနိမ့်ပိုင်း မြို့မရပ်ကွက် (ပလုပ်တောင်အစု)၊ ရွာမရပ်ကွက် (သာယာဝအစု) ရှိ လမ်းများ ပြန်လည်သွားလာမှု အဆင်ပြေစေရန် ဘက်ဟိုးယာဉ်များဖြင့် လမ်းပေါ်ရှိ ရွှံ့နွံများ ဖယ်ရှားပေးခြင်း၊ နေအိမ်အဆောက်အအုံများ ရွှံ့နွံဖုံးလွှမ်းမှု၊ ပျက်စီးမှုတို့ကို အဖွဲ့အစည်းတို့၏ စုပေါင်းလုပ်အားဖြင့် ပြုပြင်ရှင်းလင်းပေးခြင်း၊ ပျက်စီးသွားသည့် မြေထိန်းနံရံများ ပြန်လည်ပြုပြင်ပေးခြင်းတို့ကို ဆောင်ရွက်ပေးနိုင်ရန် စီစဉ်ထားရှိကြောင်း သိရသည်။ **ဝ၃ဝ**

# မကွေးတိုင်းဒေသကြီးအတွင်း မြို့နယ် ၁၂ မြို့နယ်မှ စိုက်ပျိုးသီးနှံဧက ၆၃၀၀၀ ကျော် ရေနစ်မြုပ်နေ

**မကွေး ဇွန် ၁၄**

မိုးအဆက်မပြတ်ရွာသွန်းနေခြင်းကြောင့် မကွေးတိုင်းဒေသကြီးအတွင်း မြို့နယ် ၁၂ မြို့နယ်မှ စပါး၊ နှမ်း၊ မြေပဲနှင့် အခြားသီးနှံစိုက်ဧကပေါင်း ၆၃၁၉၂ ဧက ရေနစ်မြုပ်လျက်ရှိကြောင်း တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်တွင် စိုက်ဧက ၂၃၆၅၉ ဧက ၊မင်းဘူးမြို့နယ်တွင် ၁၅၄၀၂ ဒသမ ၉၇ ဧက၊ စလင်းမြို့နယ်တွင် ၆၀၅၂ ဧက ၊ ကံမမြို့နယ်တွင် ၅၆၄၆ ဧက၊ မြို့သစ်မြို့နယ်တွင် ၅၁၅၈ ဧက ၊ စေတုတ္တရာမြို့နယ်တွင် ၄၈၇၈ ဧက၊ မင်းတုန်းမြို့နယ်တွင် ၁၅၆၆ ဧက၊ ရေစကြိုမြို့နယ်တွင် ၃၇၈ ဧက၊ မြိုင်မြို့နယ်တွင် ၂၁၂ဧက၊ ငဖဲမြို့နယ်တွင် ၁၄၆ ဧက၊ ပေါက်မြို့နယ်တွင် ၉၂ ဧက၊ ပခုက္ကူမြို့နယ်တွင် ၂ ဧက ရေနစ်မြုပ်လျက်ရှိကြောင်း သိရသည်။

**ဧယျာတု (မကွေး)**

# ကံမမြို့နယ်တွင် ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ငွေများပေးအပ်

**ကံမ ဇွန် ၁၄**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ကံမမြို့နယ်တွင် ယခုရက်ပိုင်းအတွင်း မိုးအဆက်မပြတ်ရွာသွန်းခဲ့ရာ ချောင်းရေကြီးခြင်း၊ ရေလျှံခြင်းများနှင့် ကျေးရွာအချို့တွင် နေအိမ်မျောပါခြင်းကြောင့် ရေလွတ်ရာသို့ ပြောင်းရွှေ့နေထိုင်ကြရသည်။

အဆိုပါ ရေဘေးသင့်ပြည်သူများအား ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသန်းထွင်ဆွေသည် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဝင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူးတို့နှင့်အတူ ဇွန် ၁၃ ရက်က ကျေးရွာများသို့သွားရောက်၍ ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။ ထိုသို့ထောက်ပံ့ရာတွင် ရေမျောငါးအိမ်နှင့် ဖျက်သိမ်း ငါးအိမ်တို့အတွက် ငွေကျပ် ၁၀ သိန်း၊ သောက်ရေသန့်များ ဖြန့်ဝေပေးနိုင်ရေးအတွက် ငွေကျပ် ၁၁၀၀၀၀၊ ရွှေ့ပြောင်းနှင့် ရေဝင်အိမ်ထောင်စုများမှ ပြည်သူများအား အထွေထွေထောက်ပံ့ငွေကျပ် ၅၈၀၂၃၀၀ အပါအဝင် စုစုပေါင်း ငွေကျပ် ၆၉၁၂၃၀၀ ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ကျော်ဧယျဝင်း (ပြန်/ဆက်)**

# အမာမြို့၌ ပင်လယ်ဒီရေမြင့်တက်မှုကြောင့် ကမ်းပါးပြိုပြီး နေအိမ် အလုံး ၂၀ ဆုံးရှုံး

**ဖျာပုံ ဇွန် ၁၄**

ရောဝတီတိုင်းဒေသကြီး အမာမြို့ ဒေါ်ညိမ်းကျေးရွာအုပ်စုတွင် ဇွန် ၁၂ ရက်နှင့် ၁၃ ရက် မွန်းလွဲ ၂ နာရီခန့်က ပင်လယ်ဒီရေမြင့်တက်လာမှုကြောင့် ပင်လယ်ကမ်းစပ်မှ ကျေးရွာသုံးရွာတွင် ကမ်းပါးပြိုကျခဲ့ပြီး နေအိမ် အလုံး ၂၀ ဆုံးရှုံးခဲ့ကြောင်း သိရသည်။

ဇွန် ၁၂ ရက် မွန်းလွဲ ၂ နာရီခန့်က ဒေါ်ညိမ်းကျေးရွာအုပ်စု အောင်လှိုင်ကျေးရွာတွင် နေအိမ်ခုနစ်လုံး၊ သက်ရက်ပင်ဆိပ်ကျေးရွာတွင် နေအိမ်တစ်လုံး စုစုပေါင်း နေအိမ်ရှစ်လုံး ပြိုကျပျက်စီးခဲ့ပြီး အိမ်ထောင်စုရှစ်စု၊ လူဦးရေ ၄၀ ခန့် ကျေးရွာအတွင်းရှိ ဆွေမျိုးများနေအိမ်များသို့ ပြောင်းရွှေ့နေထိုင်လျက်ရှိကြောင်း သိရသည်။

ဇွန် ၁၂ ရက်က ဒေါ်ညိမ်းကျေးရွာအုပ်စုရှိ အောင်လှိုင်ကျေးရွာမှ နေအိမ်ခြောက်လုံး၊ သရက်ပင်ဆိပ်ကျေးရွာမှ နေအိမ်နှစ်လုံး၊ ပက်ပြဲအေးကုန်းကျေးရွာမှ နေအိမ်လေးလုံး ပြိုကျပျက်စီးခဲ့ပြီး အိမ်ထောင်စု ၁၂ စု လူဦးရေ ၅၄ ဦး ဘေးသင့်ခဲ့ရကြောင်း သိရသည်။ နေအိမ်ဆုံးရှုံးသွားသော မိသားစုများမှာ ဆွေမျိုးများနေအိမ်တွင် နေထိုင်လျက်ရှိပြီး ဒေသဆိုင်ရာတာဝန်ရှိသူများက အကူအညီပေးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကျော်စိုးမိုး**

# တယ်လီနောကို အစဉ်တစိုက်သုံးစွဲသူများ အထူးခံစားခွင့်များ ရရှိမည့် စတားအစီအစဉ် မိတ်ဆက်

**ရန်ကုန် ဇွန် ၁၄**

တယ်လီနောမြန်မာ၏ ကွန်ရက်နှင့် ဝန်ဆောင်မှုများကို အစဉ်တစိုက် အသုံးပြုခဲ့ကြသူများအား အသိအမှတ်ပြု ကျေးဇူးတုံ့ပြန်သောအားဖြင့် အကျိုးခံစားခွင့်များ ပေးအပ် သွားမည့် တယ်လီနောစတား အစီအစဉ်ကို ဇွန် ၇ ရက်မှစ၍ မိတ်ဆက်ထားကြောင်း သိရသည်။

တယ်လီနောစတားအဆင့်ရ သုံးစွဲသူများသည် ၎င်းတို့၏ စတား အဆင့်အလိုက် အထူးဝန်ဆောင်မှုများ၊ ဦးစားပေး အခွင့်အရေးများကို ရရှိခံစားနိုင်မည်ဖြစ်ကြောင်း၊ အထူးဝန်ဆောင်မှုများအနေဖြင့် တယ်လီနော အရောင်းဆိုင်များ၌ ဦးစားပေး ဝန်ဆောင်မှုများ ရရှိနိုင်ခြင်းနှင့် တယ်လီနော၏ မိတ်ဖက်များထံမှ ထုတ်ကုန်များနှင့် ဝန်ဆောင်မှုများ ရယူရာတွင် အထူးလျှော့စျေး ခံစားခွင့်များရရှိနိုင်ခြင်းတို့ ပါဝင်မည် ဖြစ်ကြောင်း၊ တယ်လီနောစတားအဆင့်ရ သုံးစွဲသူများသည် ကြိုသုံး ဝန်ဆောင်မှုကို ရယူပါကလည်း ပုံမှန်ရရှိသည့် ၈၀၀ ကျပ်ထက် သုံးဆပိုမိုသည့် ၂၄၀၀ ကျပ်ကို ရရှိနိုင်မည်ဖြစ်ပြီး *2400# သို့ တိုက်ရိုက် ဖုန်းခေါ်ဆို၍ ရယူနိုင်မည်ဖြစ်ကြောင်း သိရသည်။ ထို့အပြင် တယ်လီနောစတား အဆင့်ရ သုံးစွဲသူများအတွက် အထူးခံစားခွင့် အစီအစဉ်သစ်များကိုလည်း ဆက်လက်ပြုလုပ်ကာ အချိန်နှင့်တစ်ပြေးညီ စာတိုပေးပို့ အသိပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"မြန်မာနိုင်ငံမှာ တယ်လီနောလုပ်ငန်း စတင်လည်ပတ်ခဲ့တဲ့အချိန်ကစပြီး ကျွန်တော်တို့ရဲ့ဝန်ဆောင်မှုတွေကို တစိုက်မတ်မတ် အသုံးပြုလာခဲ့တဲ့ သုံးစွဲသူတွေကို အသိအမှတ်ပြု ကျေးဇူးတင်ရှိသလို ဒါကို ပြသလိုတဲ့ အတွက် တယ်လီနောစတားအစီအစဉ်ကို မိတ်ဆက်လိုက်တာပဲ ဖြစ်ပါတယ်"ဟု တယ်လီနောမြန်မာ၏ စျေးကွက်ဖော်ဆောင်ရေး အရာရှိချုပ် Amaresh Kumar က ပြောသည်။

တယ်လီနော၏ ဝန်ဆောင်မှုများကို အနည်းဆုံးခြောက်လကြာ အစဉ်တစိုက် အသုံးပြုထားပြီး သတ်မှတ်ထားသော အနည်းဆုံးသုံးစွဲမှု ပမာဏကိုလည်း ပြည့်မီသည့် prepaid သုံးစွဲသူများမှာ တယ်လီနော စတားအဆင့်ရ သုံးစွဲသူအဖြစ် အလိုအလျောက် သတ်မှတ်ခံရမည်ဖြစ် ကြောင်း၊ တယ်လီနောစတားအဆင့်ရ သုံးစွဲသူ တစ်ဦးချင်းစီအား ၎င်းတို့ တယ်လီနောဆင်းကတ် သုံးစွဲခဲ့သော သက်တမ်းကာလနှင့် လွန်ခဲ့သည့် သုံးလအတွင်း ပျမ်းမျှသုံးစွဲခဲ့သည့် ပမာဏတို့အပေါ် မူတည်ကာ Silver အဆင့်၊ Gold အဆင့်နှင့် Platinum အဆင့်များ အသီးသီး သတ်မှတ်ပေးကြောင်း၊ သုံးစွဲသူများ၏ စတားအဆင့်သတ်မှတ်ချက်ကို လစဉ် ၂ ရက်နေ့တိုင်းတွင် ပုံမှန်အသိပေး သွားမည်ဖြစ်ပြီး စတားအဆင့်ရ သုံးစွဲသူ ဖြစ်လာသည်နှင့်တစ်ပြိုင်နက် အနည်းဆုံး သုံးလဆက်တိုက်စတား အဆင့် အဖြစ် စာရင်းဝင်သွားမည်ဖြစ်ကာ မိမိတို့၏ တယ်လီနော စတားအဆင့်ကို သိရှိရန်အတွက် *2345# သို့ ဖုန်းခေါ်ဆို၍ဖြစ်စေ၊ 2345 သို့ STAR ဟု စာတိုပေးပို့၍ဖြစ်စေ စစ်ဆေးနိုင်မည်ဖြစ်ကြောင်း သိရသည်။ **သူရဖြိုး**




စာအုပ်ထွက်ပြီ

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးအဖွဲ့ နုတ်ထွက်ခြင်းဖြစ်စဉ်သည် နိုင်ငံတော်၊ အစိုးရ၊ လွှတ်တော်နှင့် ခုံရုံးအဖွဲ့တို့အတွက် အကျည်းတန်အရုပ်ဆိုးသည်။

ယင်းဖြစ်စဉ်အပေါ်မှန်ကန်စွာ သုံးသပ်ပြီး သင်ခန်းစာယူဆောင်ရွက်နိုင်ကြရန် ရည်ရွယ်၍ သုတေသနစာတမ်းပြုစုကာ ဤစာအုပ်ကိုထုတ်ဝေရခြင်းဖြစ်သည်။

တစ်နိုင်ငံလုံးဖြန့်ချိရေး
Myanmar Heritage Publications
ဖုန်း၊ ၀၉ -၉၆၄၂၄၃၈၉၃

# မြန်မာအိုင်ဒေါလ် အထူးဆင်းကတ်၊ အထူးငွေဖြည့်ကတ်နှင့် Vote Pack များကို အူရီဒူးမှ စတင်ရောင်းချ

**ရန်ကုန် ဇွန် ၁၄**

မြန်မာအိုင်ဒေါလ် Season 3 ၏ ဆက်သွယ်ရေးစပွန်ဆာဖြစ်သည့် အူရီဒူးမြန်မာက Myanmar IDOL Limited-Edition အထူးဆင်းကတ်၊ အထူးငွေဖြည့်ကတ်များနှင့် မဲပေးနိုင်သော SMS Voting Packs များကို ဇွန် ၉ ရက်မှစတင်၍ မိတ်ဆက်ရောင်းချနေပြီဖြစ်ကြောင်း သိရသည်။

ယခုနှစ် မြန်မာအိုင်ဒေါလ် Season 3 တွင် ပြိုင်ပွဲဝင်များအား မဲပေးသည့်အခါ တရားဝင် ဆက်သွယ်ရေးစပွန်ဆာဖြစ်သည့် အူရီဒူး၏ကွန်ရက်ကိုသာ အသုံးပြုပြီး မဲပေးရမည်ဖြစ်၍ အူရီဒူးက သုံးစွဲသူများအတွက် မြန်မာအိုင်ဒေါလ် SMS အထူးအစီအစဉ်များ ပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။ အထူးငွေဖြည့်ကတ် အစီအစဉ်တွင် ကျပ် ၂၀၀၀ တန် အထူး ခဲခြစ်ငွေဖြည့်ကတ် ထည့်သွင်းခြင်းဖြင့် မြန်မာအိုင်ဒေါလ်အတွက် အခမဲ့ မဲပေးနိုင်မည့် SMS အစောင်ရေ ၅၀ အထိ ကံစမ်းနိုင်မည်ဖြစ်ကြောင်း သိရသည်။

အူရီဒူး၏ မြန်မာအိုင်ဒေါလ် Limited-Edition အဖြစ် နံပါတ်အလှ အထူး ဆင်းကတ်များကိုလည်း ၁၅၀၀ ကျပ်ဖြင့် ဝယ်ယူရရှိနိုင်မည်ဖြစ်ပြီး အထူးဆင်းကတ်များ ဝယ်ယူခြင်းဖြင့် စတင်အသုံးပြုခြင်းအတွက် ပရိုမိုးရှင်းအစီအစဉ်များ ရရှိမည့်အပြင် မြန်မာအိုင်ဒေါလ်အတွက် SMS ပေးပို့ မဲပေးရာတွင်လည်း SMS တစ်စောင်လျှင် ၁၅ ကျပ်တည်းဖြင့် မဲပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။ ထို့အပြင် SMS ဖြင့် မဲပေးရန်အတွက် ပုံမှန်ထက် စျေးနှုန်းသက်သာသော SMS Voting Packs သုံးမျိုးကိုလည်း အူရီဒူးမြန်မာ အက်ပလီကေးရှင်းမှတစ်ဆင့် ဝယ်ယူနိုင်မည် ဖြစ်ကြောင်း သိရသည်။

ယခုနှစ် မြန်မာအိုင်ဒေါလ်အစီအစဉ်အတွက် ပရိသတ်များမှ မဲရွေးချယ်မှုကို ဇွန် ၁၄ ရက်မှ စတင်မည်ဖြစ်ကာ ပရိသတ်များအနေဖြင့် ကြိုက်နှစ်သက်သော ပြိုင်ပွဲဝင် များ၏ နံပါတ်များကို အူရီဒူးဆင်းကတ် အသုံးပြု၍ နံပါတ် 7777 သို့ SMS ပို့ခြင်းဖြင့် မဲပေးနိုင်မည်ဖြစ်ပြီး ပုံမှန် SMS ပို့၍ မဲပေးခြင်းအတွက် တစ်စောင်လျှင် ၂၅ ကျပ် ကျသင့်မည်ဖြစ်ကာ SMS Voting Packs များ အသုံးပြုပါက ပို၍ စျေးသက်သာစွာဖြင့် မဲပေးနိုင်မည်ဟု သိရသည်။

**ကျော်ဇင်ဦး**

## လူမှုရေး၊ စီးပွားရေးကြော်ငြာများကို မြန်မာ့အလင်းသတင်းစာ၌ထည့်သွင်းရန် အောက်ပါလိပ်စာများသို့ ဆက်သွယ်နိုင်ပါကြောင်း

| | |
|---|---|
| နေပြည်တော် | **ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၇) နေပြည်တော်** သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း(ရုံးချုပ်)၊ စီမံရေးရာဌာန၊ ဖုန်း-၀၆၇-၃၄၁၂၁၀၈ |
| နေပြည်တော် | **နေပြည်တော်သတင်းစာတိုက်(တပ်ကုန်း)** ဇေယျာသီရိမြို့နယ်၊ ခရေပင်လမ်းခွဲ၊ နေပြည်တော်။ ဖုန်း-၀၆၇-၃၆၁၄၈၊ ၀၆၇-၃၆၁၂၉ |
| ရန်ကုန် | **မြန်မာ့အလင်းသတင်းစာတိုက်(ရန်ကုန်)** အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၅၄၅၈၃၄၊ ၀၁-၅၅၉၁၀၈ |
| ရန်ကုန် | **ကြေးမုံသတင်းစာတိုက်(ရန်ကုန်)** အမှတ်(၇၇)၊ ၅၂ လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၂၉၉၄၂၇၊ ၀၁-၃၉၇၃၃၀ |
| ရန်ကုန် | **သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းစာအုပ်ဆိုင်** အမှတ်(၁၇၃/၁၇၅)၊ ပန်းဆိုးတန်းလမ်း၊ အလယ်ဘလောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၂၄၈၁၀၀၊ ၀၁-၂၄၈၁၀၂ |
| ရန်ကုန် | **မြန်မာ့အလင်းပုံနှိပ်တိုက်(ရန်ကုန်)** အမှတ်(၅၈)၊ ကိုယ့်မင်းကိုယ့်ချင်းလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၅၅၈၃၂၉ |
| မန္တလေး | **ကိုယ်ပွားသတင်းစာတိုက်(မန္တလေး)** လမ်း(၂၀×၂၁)ကြား၊ (၈၂×၈၃)လမ်းကြား၊ ပုလဲငွေရောင်ရပ်၊ မန္တလေးမြို့။ ဖုန်း-၀၂-၄၀၃၂၇၂၉ ၊ ၀၂- ၄၀၃၂၅၅၀ |
| တောင်ကြီး | **ကိုယ်ပွားသတင်းစာတိုက်(တောင်ကြီး)** ရုံးကြီးလမ်း၊ သစ်တောရပ်ကွက်၊ တောင်ကြီးမြို့။ ဖုန်း-၀၈၁-၂၁၂၁၁၆၄၊ ၀၉-၅၂၁၄၃၅၇ |
| မကွေး | **ကိုယ်ပွားသတင်းစာတိုက်(မကွေး)** နတ်မောက်လမ်း၊ တပ်မ(၈၈) တပ်နယ်စျေးအနီး၊ မကွေးမြို့။ ဖုန်း-၀၆၃-၂၃၇၁၂။ |
| ကျိုင်းတုံ | **ကိုယ်ပွားသတင်းစာတိုက်(ကျိုင်းတုံ)** မြို့သစ်(၃-ခ)၊ အမှတ် (၁)လမ်းသွယ်၊ မြို့ပတ်လမ်း၊ ကျိုင်းတုံမြို့၊ ဖုန်း-၀၈၄-၂၂၄၉၂ |
| ကလေး | **ကိုယ်ပွားသတင်းစာတိုက်(ကလေး)** အောင်ဇေယျရပ်ကွက်၊ မြို့နယ်အားကစားကွင်းအနီး၊ ကလေးမြို့။ ဖုန်း-၀၇၃-၂၂၁၃၃ |
| မြစ်ကြီးနား | **ကိုယ်ပွားသတင်းစာတိုက်(မြစ်ကြီးနား)** အမှတ်(၄၁) ဇရာရပ်ကွက်၊ အောင်ဆန်းလမ်း၊ မြစ်ကြီးနားမြို့။ ဖုန်း ၀၇၄-၂၅၂၂၄၆၂ |
| စစ်တွေ | **ကိုယ်ပွားသတင်းစာတိုက်(စစ်တွေ)** ရမ္မာဝတီလမ်း၊ တပ်ထိန်းဂိတ်အနီး၊ စက်ရုံရပ်ကွက်၊ စစ်တွေမြို့။ ဖုန်း ၀၄၃-၂၀၂၃၀၆၈ |
| လားရှိုး | **ကိုယ်ပွားသတင်းစာတိုက်(လားရှိုး)** ဟူးမွန်ကျေးရွာထိပ်၊ ဟူးမွန်ဆည်ဘယ်ဘက်ခြမ်း၊(၁၂)ရပ်ကွက်၊ မန်ဆူဘုရားရှေ့၊ အဝေရာလမ်းမ၊ လားရှိုးမြို့။ ဖုန်း-၀၈၂-၂၄၀၆၇ |
| မြိတ် | **ကိုယ်ပွားသတင်းစာတိုက်(မြိတ်)** မေတ္တာလမ်း၊ ရှမ်းချောင်းရပ်၊ ကလွင်ကျေးရွာအုပ်စု၊ မြိတ်မြို့။ ဖုန်း-၀၅၉-၄၂၁၈၃ |
| မော်လမြိုင် | **ကိုယ်ပွားသတင်းစာတိုက်(မော်လမြိုင်)** ကြာအင်းကျေးရွာ၊ မော်လမြိုင်မြို့နယ်။ ဖုန်း-၀၅၇-၂၇၅၂၅၊ ၀၅၇-၂၇၅၂၆ |
| မုံရွာ | **ကိုယ်ပွားသတင်းစာတိုက် (မုံရွာ)** နန္ဒဝန်ရပ်ကွက်၊ ဆက်သွယ်ရေးတာဝါတိုင်အနီး၊ မုံရွာမြို့။ ဖုန်း-၀၇၁-၂၆၅၃၅၊ ၀၇၁-၂၆၅၃၃ |

ကြော်ငြာများအား တစ်လအတွင်း ကျပ်သိန်း(၅၀)နှင့်အထက် ထည့်သွင်းပါက 5% Discount ပေးသွားမည် ဖြစ်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

### ဖခင်အမည်မှန်နှင့်အမည်မှန်

ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ အဝပိတ်ကျေးရွာအုပ်စု၊ မရမ်းချောင်းကျေးရွာနေ ဦးသန်းနိုင်ဦး၏ အမည်မှန်မှာ ဦးသန်းလှိုင် ၁၄/သပန(နိုင်)၀၈၅၂၄၁ ဖြစ်ပါကြောင်းနှင့် ၎င်းသမီး ငပုတောမြို့(အထက) န၀မတန်း(F)မှ မတင်ဇာစိုး၏ အမည်မှန်မှာ မသဉ္ဇာစိုး ဖြစ်ပါသည်။ **မသဉ္ဇာစိုး**

### ဖခင်အမည်မှန်

ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ အဝပိတ်ကျေးရွာအုပ်စု၊ မရမ်းချောင်းကျေးရွာ အလက(ခွဲ) အဋ္ဌမတန်းမှ မောင်ရန်နိုင်အောင်နှင့် စတုတ္ထတန်းမှ မရွှေဇင်သန်းတို့၏ ဖခင်အမည်မှန်မှာ ဦးသန်းလှိုင် ၁၄/သပန(နိုင်)၀၈၅၂၄၁ ဖြစ်ပါသည်။

### မိခင်အမည်မှန်

ဦးထွန်းမြင့်၏သမီး ကျိုက္ခမီမြို့ အထက နဝမတန်း(စီ)မှ မခိုင်နှင်းဝေ၏ မိခင်ဒေါ်ညိုညိုသန်း၏အမည်မှန်မှာ ဒေါ်ညိုသန်း ၁၀/သဖရ(နိုင်)၀၂၁၈၉၄ ဖြစ်ပါကြောင်း။ **ဒေါ်ညိုသန်း**

### ဖခင်အမည်မှန်

ဦးမင်းတင်အေး၏သား ကျိုက္ခမီမြို့ အထက၊ အဋ္ဌမတန်းမှ မောင်မင်းတင်မွန်၏ ဖခင်အမည်မှန်မှာ ဦးတင်အေး ၁၀/မဒန(နိုင်)၀၇၅၄၃၂ ဖြစ်ပါကြောင်း။ **ဦးတင်အေး**

### ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ (၂)ရပ်ကွက်၊ မင်းကြီးလမ်း၊ အကွက်အမှတ်(၄၇)၊ ကရင်စုအကွက်၊ ဦးပိုင်အမှတ်(၁၈/က)၊ ဧရိယာ ၀ဒသမ၁၁၈ဧကရှိမြေအား ဦးကြည်အောင်အမည်ဖြင့် မြေငှားဂရန် (အသစ်)ချထားပေးပါရန် လျှောက်ထားချက်များနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ဤမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကာယကံရှင်ကိုယ်တိုင်လာရောက်ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပုသိမ်မြို့နယ်**

VISIT

15-17 JUNE, 2018

တပ်မတော်ခန်းမ၊ ရန်ကုန်မြို့

TATMADAW HALL I YANGON



နိုင်ငံတကာ ပလပ်စတစ် ကုန်စည်ပြပွဲ

INTERNATIONAL PLASTICS EXHIBITION

COMPLAST

Complete Plastics Exhibition

MYANMAR

TIME: 9.30 AM – 5.00 PM

ပလပ်စတစ်စက်ရုံတစ်ခုစတင်ပါ။

Start a Plastics Industry

Guidance Available @ Expo

ပြပွဲပြသသူ ၁၀၀ I 100 Exhibitors

ဦး၊ နိုင်ငံ ၁၀ နိုင်ငံမှ I 10 Countries

လက်တွေ့ သရုပ်ဖော်ပြသ I Live demo

ဆွေးနွေးပွဲ နှင့် လမ်းညွှန်ချက် I Seminar & Guidance

အခမဲ့ ဝင်ရောက်ကြည့်ရှုနိုင်သည်။

ENTRY FREE

Platinum Sponsor: vinmar

Supported by: The Plastics Export Promotion Council

CO-organised by: MPIA Myanmar Plastic Industry Association

Organised by: SMART EXPOS

GPM uPVC Production Expert Best quality.

UMH UMH CO., LTD.

ALADDIN

GPM uPVC Window & Door Profile မှ ခေတ်မီစက်ကြီးများဖြင့် တံခါးဘောင်ခွေခြင်း အဆင့်မြင့်နည်းပညာ သင်တန်းအား ဖွင့်လှစ်ပြီး အခမဲ့ သင်ကြားပေးမည် ဖြစ်ပါသဖြင့် စိတ်ဝင်စားသူများအနေဖြင့် မည်သူမဆို ပြပွဲတွင်လာရောက်ကြည့်ရှုလေ့လာ၍ စာရင်း ပေးသွင်းနိုင်ပါသည်။



# အခြေခံယာဉ်မောင်းသင်တန်း

ကုန်းလမ်းပို့ဆောင်ရေး၊ အခြေစိုက်အလုပ်ရုံအမှတ်(၁)၊ မဟာဗန္ဓုလလမ်း၊ ဗိုလ်တထောင်မှ ဖွင့်လှစ်သော အခြေခံယာဉ်မောင်းသင်တန်းများကို လစဉ် လဆန်းရက်တိုင်း ပုံမှန်ဖွင့်လှစ်လျက်ရှိပါသည်။ (Auto ' Manual) ယာဉ်နှစ်မျိုးလုံး သင်ကြားပေးသည်။

ဇူလိုင်လ ပုံမှန်သင်တန်း - ၃-၇-၂၀၁၈ ဖွင့်မည်။
ဇူလိုင်လ အထူးသင်တန်း - ၇-၇-၂၀၁၈ ဖွင့်မည်။

**ဆက်သွယ်ရန်ဖုန်း-** ၀၁-၂၉၁၃၁၃၊ ၀၁-၂၉၁၃၁၄၊ ၀၉-၇၆၅၀၇၃၉၇၀၊ ၀၉-၇၉၅၈၇၄၉၆၆၊ ၀၉-၇၉၅၆၃၀၉၇၀၊ ၀၉-၂၅၄၄၁၂၄၅၀
Ocean Super Market (ပုဇွန်တောင်)နှင့် မျက်နှာချင်းဆိုင် မဟာဗန္ဓုလတံတားအဆင်း (ဗိုလ်တထောင်ဘက်ခြမ်း) အနီး (လူဦးရေကန့်သတ်ထားသည်)

## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
## နေပြည်တော်ပြည်သူ့ကျန်းမာရေးဦးစီးဌာန
## ပြည်ထောင်စုနယ်မြေ(နေပြည်တော်)

၁။ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနများနှင့် ကျေးလက်ကျန်းမာရေးဌာနများတွင် ပြည်သူလူထုများအား ကျန်းမာရေးစောင့်ရှောက်မှုပေးရန်နှင့် ကွင်းဆင်းကုသမှုများတွင် အသုံးပြုရန် လိုအပ်သော FDA အသိအမှတ်ပြု ဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံစတင်ရောင်းချမည့်ရက်** - ၁၅-၆-၂၀၁၈ ရက်
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၁၆-၇-၂၀၁၈ ရက်

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်ကို သိရှိလိုပါက အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**နေပြည်တော်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးရုံး၊**
**ဇီဇဝါပန်းအဝိုင်းအနီး၊ ဒက္ခိဏာခရိုင်တရားရုံးအနောက်၊ ပုဗ္ဗသီရိမြို့နယ်**
**နေပြည်တော်ကောင်စီနယ်မြေ၊**
**ဖုန်း-၀၆၇-၅၅၀၁၈၄၊ ၀၆၇-၅၅၀၂၉၄**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန
## ရန်ကုန်နည်းပညာတက္ကသိုလ်
## ဘွဲ့ကြိုသင်တန်းသားများခေါ်ယူခြင်း

၁။ ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန လက်အောက်ရှိ ရန်ကုန်နည်းပညာတက္ကသိုလ်တွင် ၂၀၁၈-၂၀၁၉ ပညာသင်နှစ်အတွက် ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၃ ရက်မှစတင်၍ အောက်ဖော်ပြပါ ဘွဲ့ကြိုသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ပါသည်-

**စဉ် ဖွင့်လှစ်မည့်ဘာသာရပ်**

(၁) မြို့ပြအင်ဂျင်နီယာ (Civil Engineering)
(၂) စက်မှုအင်ဂျင်နီယာ (Mechanical Engineering)
(၃) လျှပ်စစ်စွမ်းအားအင်ဂျင်နီယာ (Electrical Power Engineering)
(၄) အီလက်ထရွန်းနစ်အင်ဂျင်နီယာ (Electronic Engineering)
(၅) ကွန်ပျူတာအင်ဂျင်နီယာနှင့် သတင်းအချက်အလက်နည်းပညာ (Computer Engineering & information Technology)
(၆) မက္ကာထရောနစ်အင်ဂျင်နီယာ (Mechatronic Engineering)
(၇) ဓာတုအင်ဂျင်နီယာ (Chemical Engineering)
(၈) ချည်မျှင်နှင့်အထည်အင်ဂျင်နီယာ (Textile Engineering)
(၉) သတ္တုတူးဖော်ရေးအင်ဂျင်နီယာ (Mining Engineering)
(၁၀) ရေနံအင်ဂျင်နီယာ (Petroleum Engineering)
(၁၁) သတ္တုဗေဒအင်ဂျင်နီယာနှင့်ဒြပ်ပစ္စည်းသိပ္ပံ (Metallurgical Engineering and Materials Science)
(၁၂) ဗိသုကာ (Architecture)

၂။ အထက်ပါ ဘွဲ့ကြိုသင်တန်းများ၏ သင်တန်းကာလမှာ (၆)နှစ်ဖြစ်ပြီး၊ သင်တန်းကာလ (၆)နှစ်လုံး ပြီးစီးအောင်မြင်သည့်အခါ B.E ဘွဲ့/B.Arch ဘွဲ့ကို တိုက်ရိုက်အပ်နှင်းချီးမြှင့်မည်ဖြစ်သည်။

၃။ ဝင်ခွင့်လျှောက်ထားလိုသူများသည် အောက်ပါသတ်မှတ်ချက်များနှင့် ပြည့်စုံကြောင်း အထောက်အထားမူရင်းနှင့် မိတ္တူများကိုတင်ပြရမည်-
(က) ၂၀၁၈ ခုနှစ်တွင် ကျင်းပခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲကို အောင်မြင်ခဲ့သူဖြစ်ရမည်။
(ခ) တက္ကသိုလ်ဝင်စာမေးပွဲတွင် Physics, Chemistry, Mathematics နှင့် English (၄)ဘာသာ စုစုပေါင်းရမှတ် (၃၂၀)နှင့်အထက် ရရှိသူဖြစ်ရမည်။
(ဂ) နိုင်ငံသားဖြစ်မှုနှင့်ပတ်သက်၍ ဝင်ခွင့်လျှောက်ထားသူနှင့် ၎င်း၏ မိဘနှစ်ပါးတို့သည် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် (နိုင်/ပြု/ဧည့်) ကိုင်ဆောင်သူများဖြစ်ရမည်။
(ဃ) ၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် သင်္ချာ၊ ဓာတုဗေဒနှင့် ရူပဗေဒဘာသာရပ်များပါဝင်သော မည်သည့်ဘာသာတွဲများဖြင့် အောင်မြင်သည်ဖြစ်စေ သတ်မှတ်ချက်နှင့်ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်။

၄။ ကျန်းမာရေးကောင်းမွန်သူဖြစ်ပြီး လက်တွေ့လုပ်ငန်းနှင့် စက်ရုံ/ကုမ္ပဏီများသို့ ကွင်းဆင်းဆောင်ရွက်နိုင်သူဖြစ်ရမည်။

၅။ အမျိုးသား (၁၈၀)ဦးနှင့် အမျိုးသမီး(၁၅၀)ဦး၊ စုစုပေါင်းကျောင်းသားကျောင်းသူဦးရေ (၃၃၀)ဦးအထိသာ လက်ခံမည်။

၆။ သတ်မှတ်လျှောက်လွှာပုံစံများကို ရန်ကုန်နည်းပညာတက္ကသိုလ်တွင် ၁၅-၆-၂၀၁၈ ရက်(သောကြာနေ့)မှစတင်ရယူနိုင်ပြီး ၁၅-၇-၂၀၁၈ရက် (တနင်္ဂနွေနေ့) နောက်ဆုံးထား၍ ကိုယ်တိုင်လျှောက်ထားရမည်။

၇။ ဘွဲ့ကြိုသင်တန်းတက်ရောက်ခွင့်ရရှိသူများစာရင်းကို ၁၅-၈-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) တွင် ထုတ်ပြန်ကြေညာမည်။

၈။ လျှောက်လွှာပုံစံများကို ရန်ကုန်နည်းပညာတက္ကသိုလ်၊ သင်တန်းရေးရာဌာနတွင်လည်းကောင်း၊ ဝက်ဘ်ဆိုက် www.ytu.edu.mm မှလည်းကောင်း ရယူနိုင်ပြီး ကျောင်းအပ်လက်ခံမည့်ရက်မှာ ၁၆-၈-၂၀၁၈(ကြာသပတေးနေ့)မှ ၁၂-၉-၂၀၁၈ (ဗုဒ္ဓဟူးနေ့)အထိ ဖြစ်ပါသည်။

၉။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ရန်ကုန်နည်းပညာတက္ကသိုလ်၊ ကြို့ကုန်း၊ အင်းစိန် ဖုန်း-၀၁-၆၄၂၄၁၃ နှင့် ၀၁-၉၆၆၅၇၅၃ တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**သင်တန်းရေးရာဌာန**
**ရန်ကုန်နည်းပညာတက္ကသိုလ်**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန
## ရန်ကုန်စီးပွားရေးတက္ကသိုလ်
# ပထမနှစ်သင်တန်းဝင်ခွင့် လျှောက်လွှာခေါ်ယူခြင်း ကြေညာချက်

၁။ ရန်ကုန်စီးပွားရေးတက္ကသိုလ်၏ ၂၀၁၈-၂၀၁၉ ပညာသင်နှစ်အတွက် ၂၀၁၈ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ထားသော ကျောင်းသား၊ ကျောင်းသူများသည် ရန်ကုန်စီးပွားရေးတက္ကသိုလ် ပထမနှစ်ဝင်ခွင့်အသီးသီးကို အောက်ဖော်ပြပါအတိုင်း လျှောက်ထားနိုင်ကြောင်း ကြေညာလိုက်သည်။

**ရန်ကုန်စီးပွားရေးတက္ကသိုလ် (ရွာသာကြီးနယ်မြေ)**

(က) ရန်ကုန်စီးပွားရေးတက္ကသိုလ် (ရွာသာကြီးနယ်မြေ)တွင် အောက်ပါဘာသာရပ်များကို သင်ကြားပို့ချမည်ဖြစ်ပြီး သတ်မှတ်ချက်များကိုက်ညီပါက လျှောက်ထားနိုင်ပါသည်-

| စဉ် | သင်တန်း | အပ်နှင်းမည့် ဘွဲ့ | သင်တန်း ကာလ |
|---|---|---|---|
| ၁။ | Bachelor of Economics(Economics) | B.Econ(Eco) | ၄ နှစ် |
| ၂။ | Bachelor of Economics (Statistics) | B.Econ(Stats) | ၄ နှစ် |
| ၃။ | Bachelor of Commerce | B.Com | ၄ နှစ် |
| ၄။ | Bachelor of Business Administration | B.B.A | ၄ နှစ် |

(ခ) ၂၀၁၈ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲကို မည်သည့်ဘာသာတွဲဖြင့်မဆို အောင်မြင်သူဖြစ်ရမည်။
(ဂ) တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် စုစုပေါင်းရမှတ်(၄၀၀)နှင့်အထက် ရရှိသူဖြစ်ရမည်။
(ဃ) မြန်မာတစ်နိုင်ငံလုံးရှိ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုခဲ့သည့် စာစစ်ဌာနအားလုံးမှ အောင်မြင်သူများ လျှောက်ထားနိုင်သည်။
(င) စုစုပေါင်းကျောင်းသားဦးရေ (၁၂၀၀)လက်ခံပါမည်။
(စ) ရန်ကုန်စီးပွားရေးတက္ကသိုလ်ဝင်ခွင့် လျှောက်ထားလိုသူများသည် ရန်ကုန်စီးပွားရေးတက္ကသိုလ်၏ သတ်မှတ်လျှောက်လွှာပုံစံဖြင့် တိုက်ရိုက်လျှောက်ထားရမည်။
(ဆ) ရန်ကုန်စီးပွားရေးတက္ကသိုလ်သို့ ဝင်ခွင့်လျှောက်ထားလိုသူများသည် လူတွေ့စစ်ဆေးခြင်းဖြေဆိုရမည်ဖြစ်ပြီး အချိန်နေရာသတ်မှတ်ချက်ကို ရန်ကုန်စီးပွားရေးတက္ကသိုလ်တွင် စုံစမ်းနိုင်ပါသည်။
(ဇ) ရန်ကုန်စီးပွားရေးတက္ကသိုလ်သို့ ဝင်ခွင့်လျှောက်ထားသူသည် မိမိကိုင်ဆောင်သော နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်(နိုင်)၊ (ပြု)၊ (ဧည့်) နိုင်ငံသားလက်မှတ် အမှတ်များကို အပြည့်အစုံဖော်ပြ၍ မိတ္တူကို တစ်ပါတည်း ပူးတွဲလျှောက်ထားရမည်။

**ရန်ကုန်စီးပွားရေးတက္ကသိုလ် (လှိုင်နယ်မြေ)**

(က) ရန်ကုန်စီးပွားရေးတက္ကသိုလ် (လှိုင်နယ်မြေ)တွင် အောက်ပါဘာသာရပ်များကို သင်ကြားပို့ချမည်ဖြစ်ပြီး သတ်မှတ်ချက်များကိုက်ညီပါက လျှောက်ထားနိုင်ပါသည်။

| စဉ် | သင်တန်း | အပ်နှင်းမည့် ဘွဲ့ | သင်တန်း ကာလ |
|---|---|---|---|
| ၁။ | Bachelor of Accounting | B.Act | ၄ နှစ် |
| ၂။ | Bachelor of Population Studies | B.P.S | ၄ နှစ် |
| ၃။ | Bachelor of Public Administration | B.P.A | ၄ နှစ် |
| ၄။ | Bachelor of Development Studies | B.Dev.S | ၄ နှစ် |

(ခ) ၂၀၁၈ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲကို မည်သည့်ဘာသာတွဲဖြင့်မဆို အောင်မြင်သူဖြစ်ရမည်။
(ဂ) တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် စုစုပေါင်းရမှတ်(၄၅၀)နှင့်အထက် ရရှိသူဖြစ်ရမည်။
(ဃ) မြန်မာတစ်နိုင်ငံလုံးရှိ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုခဲ့သည့် စာစစ်ဌာနအားလုံးမှ အောင်မြင်သူများ လျှောက်ထားနိုင်သည်။
(င) စုစုပေါင်းကျောင်းသားဦးရေ (၂၀၀)လက်ခံပါမည်။
(စ) ရန်ကုန်စီးပွားရေးတက္ကသိုလ် ဝင်ခွင့်လျှောက်ထားလိုသူများသည် ရန်ကုန်စီးပွားရေးတက္ကသိုလ်၏ သတ်မှတ်လျှောက်လွှာပုံစံဖြင့် တိုက်ရိုက်လျှောက်ထားရမည်။
(ဆ) ရန်ကုန်စီးပွားရေးတက္ကသိုလ်သို့ ဝင်ခွင့်လျှောက်ထားလိုသူများသည် လူတွေ့စစ်ဆေးခြင်း ဖြေဆိုရမည်ဖြစ်ပြီး အချိန်နေရာသတ်မှတ်ချက်ကို ရန်ကုန်စီးပွားရေးတက္ကသိုလ်တွင် စုံစမ်းနိုင်ပါသည်။
(ဇ) ရန်ကုန်စီးပွားရေးတက္ကသိုလ်သို့ ဝင်ခွင့်လျှောက်ထားသူသည် မိမိကိုင်ဆောင်သော နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် (နိုင်)၊ (ပြု)၊ (ဧည့်) နိုင်ငံသားလက်မှတ် အမှတ်များကို အပြည့်အစုံဖော်ပြ၍ မိတ္တူကို တစ်ပါတည်း ပူးတွဲလျှောက်ထားရမည်။

၂။ ဝင်ခွင့်လျှောက်လွှာထုတ်ယူခြင်း၊ ပြန်လည်တင်သွင်းခြင်း အစီအစဉ်တို့ကို အောက်ပါအတိုင်း ဆောင်ရွက်နိုင်သည်။

* **ဝင်ခွင့်လျှောက်လွှာလက်ခံမည့်ရက်** - ၁၅-၆-၂၀၁၈ ရက်မှ ၁၅-၇-၂၀၁၈ ရက်ထိ
* **ဝင်ခွင့်စာရင်းကြေညာမည့်ရက်** - ၁၅-၈-၂၀၁၈ ရက်
* **ကျောင်းအပ်လက်ခံမည့်ရက်** - ၁၆-၈-၂၀၁၈ ရက်မှ ၁၂-၉-၂၀၁၈ ရက်ထိ
* **ဝင်ခွင့်လျှောက်လွှာပုံစံထုတ်ယူရန်နှင့် ပြန်လည်တင်သွင်းရမည့်နေရာ** - သင်တန်းရေးရာဌာန၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်၊ ကမာရွတ်နယ်မြေ (ပြည်လမ်းနှင့် အင်းလျားလမ်းထောင့်)

၃။ အသေးစိတ်အချက်အလက်များ၊ သင်တန်းဝင်ခွင့်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ မော်ကွန်းထိန်း(ကျောင်းသားရေးရာ) ဖုန်း-၀၉-၇၃၂၄၁၀၀၇၊ ၀၁-၅၂၆၆၁၃ ထံတွင်လည်းကောင်း စုံစမ်းနိုင်ပါသည်။

**ဌာနမှူး(သင်တန်းရေးရာ)**
**ရန်ကုန်စီးပွားရေးတက္ကသိုလ်**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ဘောဂဝတီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂/ပေါင်းလောင်း-၂ရပ်၊ မြေကွက်အမှတ်(၄၃၇၈)၊ ဧရိယာ ၀ဒသမ ၀၅၅ဧကရှိ ဦးညို အမည်ပေါက် မြေကွက်အား ဒေါ်ပန်းဖြူဖွေးမိုး (ဘ)ဦးမောင်မော် ၈/မကန(နိုင်)၂၀၃၂၆၃ မှ မြေပေးမိန့်၊ အရောင်းအဝယ်စာချုပ် ရောင်းသူ/ဝယ်သူ ကျမ်းကျိန်လွှာ၊ လျှောက်ထားသူ၏ ကိုယ်တိုင်ကတိဝန်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်မူရင်းများ တင်ပြပြီး မြေငှားစာချုပ်သစ် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာ တင်ပြ၍ ယနေ့မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## မန္တလေးတိုင်းဒေသကြီး ကုသရေးဦးစီးဌာန၊ ဆေးနှင့်ဆေးပစ္စည်းဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးတိုင်းဒေသကြီး၊ ကုသရေးဦးစီးဌာနအတွင်းရှိ ခရိုင်၊ မြို့နယ်နှင့် တိုက်နယ်ဆေးရုံများအတွက် လိုအပ်သော FDA အသိအမှတ်ပြုဆေးဝါး၊ ဓာတ်ခွဲခန်းသုံးဆေးများ၊ ဓာတ်မှန်ဖလင်နှင့်ဆေးရည်များ၊ ဆေးရုံသုံးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၁၈-၆-၂၀၁၈ ရက်
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၁၇-၇-၂၀၁၈ ရက်၊ ၄း၀၀ နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များ၊ ဆေးနှင့်ဆေးပစ္စည်းများစာရင်း အသေးစိတ်ကို သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း တိုင်းဒေသကြီးကုသရေးဦးစီး ဌာနမှူးရုံး ၆၂ လမ်း၊ စံပယ်လမ်းနှင့်သရဖီလမ်းကြား (သူနာပြုတက္ကသိုလ်နှင့် မျက်နှာချင်းဆိုင်)သို့ လာရောက်စုံစမ်းနိုင်ပါသည်။

**တိုင်းဒေသကြီးကုသရေးဦးစီးဌာနမှူးရုံး**
**မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့**
**ဖုန်း-၀၂-၈၀၁၈၃၊ ၀၉-၇၇၄၈၁၁၁၇၅**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## အမှတ်(၂) သတ္တုတွင်းလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ အမှတ် (၂)သတ္တုတွင်း လုပ်ငန်းပိုင် အောက်ဖော်ပြပါ သတ္တုများအား ဒေသအလိုက်၊ Lot အလိုက် အိတ်ဖွင့်တင်ဒါခေါ်ယူရောင်းချသွားမည်ဖြစ်သဖြင့် ဈေးနှုန်းအဆိုပြုလွှာများ ပေးသွင်းနိုင်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်-

| စဉ် | သတ္တုအမျိုးအစား | အလေးချိန် (မက်တန်) | သိုလှောင်ထားရှိရာဒေသ | တင်ဒါပိတ်မည့် နေ့ရက်/အချိန် | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | အဖြိုက်နက်သတ္တုသန့်စင် (Wolfram Concentrate) | ၂.၇၆၂ | ထားဝယ် | ၁၂-၇-၂၀၁၈/ ၁၄း၀၀ နာရီ | F.O.B (ထားဝယ်) |
| ၂ | ခဲမဖြူအဖြိုက်နက်ရောရာသတ္တုသန့်စင် (Tin & Wolfram Mixed Concentrate) | ၅၂.၇၇၉ | | | |
| ၃ | ခဲမဖြူအဖြိုက်နက် ရှီးလိုက်ရောရာသတ္တု(၅၅%) (Tin -Wolfram & Scheelite Mixed Ore) (55%) | ၂၅.၆၀၄ | လှိုင်ကော် | | F.O.B (လှိုင်ကော်) |
| ၄ | အဖြိုက်နက်သတ္တုသန့်စင် (Wolfram Concentrate) | ၀.၆၂၆ | ခ.စ.ရ (သန်လျင်) | | F.O.B (သန်လျင်) |
| ၅ | Tin Slag | ၁၀၈.၀၀၀ | | | |

၂။ အသေးစိတ်သိရှိလိုပါက အမှတ် (၂)သတ္တုတွင်းလုပ်ငန်း၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၁၉)၊ နေပြည်တော် ဖုန်း-၀၆၇-၃၄၀၉၃၉၁ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**အမှတ် (၂)သတ္တုတွင်းလုပ်ငန်း**

## အမည်မှန်

စလင်းမြို့နယ်၊ အရှေ့ကန်ဘောင်ကျေးရွာအုပ်စုနေ ဦးရွှေ ၈/စလန(နိုင်) ၀၁၅၅၅၃ ၏သား မောင်ဝင်းမိုးဟိန်း ၈/စလန(နိုင်)၁၉၈၁၄၆၏ အမည်မှန်မှာ မောင်မိုးဟိန်းထက် ဖြစ်ပါသည်။ **မောင်မိုးဟိန်းထက်**

## ဖခင်အမည်မှန်

သထုံမြို့၊ အထက(၂)၊ တက္ကသိုလ်ဝင်တန်း(F) မှ မပွင့်ဖြူခင်၏ဖခင်အမည်မှန်မှာ ဦးနိုင်ဦး ၁၀/သထန(နိုင်)၁၀၅၂၃၁ ဖြစ်ပါကြောင်း။ **ဦးနိုင်ဦး**

## မိခင်အမည်မှန်

ကော့ကရိတ်မြို့၊ အထက ၁၊ အဋ္ဌမတန်း(B)မှ မောင်ကျော်လွင်အောင်၏မိခင်အမည်မှန်မှာ နော်အဲသကျေးဖော ၃/ကကရ(နိုင်)၁၃၈၁၇၀ ဖြစ်ပါကြောင်း။ **နော်အဲသကျေးဖော**

## ဖခင်အမည်မှန်

ချောက်မြို့နယ်၊ အထက(၁၄) တက္ကသိုလ်ဝင်တန်းမှ မအိအိမွန် ၈/စလန(နိုင်)၂၃၅၈၂၄ ၏ ဖခင်အမည်မှန်မှာ ဦးပေါက်ကျော် ၈/စလန(နိုင်)၁၇၉၃၅၅ ဖြစ်ပါသည်။ **ဦးပေါက်ကျော်**

## ဖခင်အမည်မှန်

ကချင်ပြည်နယ်၊ ရွှေကူမြို့စာစစ်ဌာန၌ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်၊ ခုံအမှတ် ကက-၂၆၇၆ ဖြင့် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သော မထားထားလွင်၏ ဖခင်အမည်မှန်မှာ ဦးသိန်းငွေ ၁/ရကန(နိုင်)၀၃၃၉၅၅ ဖြစ်ပါကြောင်း။ **ဦးသိန်းငွေ**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ပုဂံ အထက တက္ကသိုလ်ဝင်တန်း(B)မှ မဆုမွန်သိမ့်၏ ဖခင်အမည်မှန်မှာ ဦးဆွန်ညို ၉/ညဥန(နိုင်)၁၅၂၃၀၇ ဖြစ်ပါကြောင်း။ **ဦးဆွန်ညို**

## ဖခင်အမည်မှန်

ပွင့်ဖြူ အထက၊ တက္ကသိုလ်ဝင်တန်း(A) မှ မခင်စန္ဒီကျော်၏ ဖခင်အမည်မှန်မှာ ဦးခင်မောင်မြင့် ၈/ပဖန(နိုင်)၀၂၁၃၆၂ ဖြစ်ပါကြောင်း။ **ဦးခင်မောင်မြင့်**

## မိဘအမည်မှန်

မိုးကောက်မြို့နယ်၊ အထက(ခွဲ)မိုင်းခတ်ကျောင်း စတုတ္ထတန်းမှ မောင်အင်ခွမ်မျိုးဂျက်ရိန်နှင့် အဋ္ဌမတန်းမှ မအင်ခွမ်ဆိုင်းမိုင်းရာတို့၏ မိဘအမည်မှန်မှာ ဦးလောကိန်းနှင့် ဒေါ်မရူကိုင် ဖြစ်ပါသည်။
**ဦးလောကိန်း-ဒေါ်မရူကိုင်**
**နောင်းကွမ်ကျေးရွာ၊ မိုးကောက်မြို့နယ်**

## အမည်မှန်နှင့် ဖခင်အမည်မှန်

မြဝတီမြို့နယ်၊ ဝေ့ရှမ်းကျေးရွာ၊ အမှတ်(၂)ရပ်ကွက်နေ မစီစီဖိုး၏ အမည်မှန်မှာ နန်းစီစီဖိုး ၃/မဝတ(နိုင်)၀၃၀၂၄၃ ဖြစ်ပါကြောင်းနှင့် ဖခင်အမည်မှန်မှာ ဦးအိုက်မား ၃/မဝတ(နိုင်)၀၁၁၄၉၄ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့နယ်၊ အထက ယုန်သလင်း ပဉ္စမတန်း(B)မှ မယမင်းဖြူ၏ ဖခင်အမည်မှန်မှာ ဦးမိုးသန်းဦး ၁၄/ဟသတ(နိုင်)၂၄၇၈၉၄ ဖြစ်ပါသည်။

## အမည်ပြောင်း

မိုးမောက်မြို့နယ်၊ အထက(ခွဲ) မိုင်းခတ်ကျောင်း တက္ကသိုလ်ဝင်တန်း(B)မှ မောင်လောဝိုးအား ယနေ့မှစ၍ မောင်စိုင်းဆေဟန်ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်စိုင်းဆေဟန်**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4L/9567 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန(နေပြည်တော်ရုံး)**

## အမည်မှန်

ကော့ကရိတ်မြို့နယ်၊ အထက (ခွဲ) အံကောင် နဝမတန်းမှ ဦးကျော်မင်းဖောင်၏သမီး မရတနာဦး၏ အမည်မှန်မှာ နန်းမေမိုးသူ ဖြစ်ကြောင်း။ **နန်းမေမိုးသူ**

## တစ်ဦးတည်းဖြစ်ကြောင်း

ရွှေဘိုမြို့အထက(၃) တက္ကသိုလ်ဝင်တန်းမှ မဝေဝေဖြိုး၏ ဖခင် ဦးချောပို နှင့် ဦးအောင်ဒင် ၅/ခဥန(နိုင်)၀၂၂၇၈၄ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။
**ဦးချောပို(ခ)ဦးအောင်ဒင်**

# သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မကွေးတိုင်းဒေသကြီး၊ စလင်းမြို့၊ ဈေးမရပ်နေ ဦးစိုးဝင်း ၈/စလန(နိုင်)၀၂၆၂၁၂- ဒေါ်ရေးတို့၏သား ကိုတင်အောင်ထွန်း ၈/စလန(နိုင်)၁၀၀၈၇၉ သည် မိဘများကို ကိုယ်စိတ်နှစ်ပါးဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့်ကိစ္စအရပ်ရပ်ကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်း သည်းခံပါ။)**

**ဦးစိုးဝင်း ၈/စလန(နိုင်)၀၂၆၂၁၂**

## သားအဖြစ်မှ အမွေပြတ်ကြေညာခြင်း

မြဝတီမြို့၊ အမှတ်(၄)ရပ်ကွက်၊ ကျောက်လုံးကြီးမွေးမြူရေးဇုန်နေ ဦးမျိုးဝင်း-ဒေါ်အေးခိုင်တို့၏ သားအကြီးဆုံးဖြစ်သော မောင်ကျော်ဇင်ဦး ၃/မဝတ(နိုင်)၀၅၉၄၄၈ သည် မိဘသဘောမတူသူနှင့် အိမ်ထောင်ပြုပြီး မိဘများဆိုဆုံးမမှုကို နာခံမှုမရှိသည့်အတွက် အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝကို မိဘဆွေမျိုး ညီ/ညီမများမှ လုံးဝ(လုံးဝ) တာဝန်မယူတော့ပါကြောင်း ကြေညာအပ်ပါသည်။ **ဦးမျိုးဝင်း-ဒေါ်အေးခိုင်**

FEDERATION OF MYANMAR
MCEA
CONSTRUCTION ENTREPRENEURS ASSOCIATION

# အသင်းသူ အသင်းသားများ စုံညီညစာစားပွဲ ဖိတ်ကြားလွှာ

မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းချုပ် (Federation of Myanmar Construction Entrepreneur's Association) မှ အသင်းသူ အသင်းသားများအားလုံး (မည်သည့်အသင်းသားမဆို) ဆောက်လုပ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသင်းသူ/အသင်းသားများအချင်းချင်း စည်းလုံးညီညွတ်ချစ်ကြည်မှုရရှိပြီး ပူးပေါင်းဆောင်ရွက်မှသာ လိုအပ်သောပန်းတိုင်သို့ ရောက်ရှိမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဦးစွာအသင်းသူ/အသင်းသားများ အားလုံး မိတ်ဖက်အဖွဲ့အစည်းများအားလုံး စုံညီတွေ့ဆုံရန် မိတ်ဆုံညစာစားပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ မပျက်မကွက် တက်ရောက်ချီးမြှင့်ပေးပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။ (ဆောက်လုပ်ရေးဆိုင်ရာနယ်ပယ်အသီးသီးမှ ရင်းနှီးမြှုပ်နှံသူများ၊ ကန်ထရိုက်တာများ၊ အင်ဂျင်နီယာများ၊ ပညာရှင်များ၊ ပစ္စည်းရောင်းချသူများ၊ လုပ်အားကန်ထရိုက်တာများအနေဖြင့် အသင်းသားအသစ်ဖြင့် ပါဝင်တက်ရောက်နိုင်ပြီး အသင်းနှင့်အဆက်ပြတ်လျက်ရှိသော အသင်းသားဟောင်းများအနေဖြင့်လည်း အသင်းသားသက်တမ်းတိုး၍ တက်ရောက်နိုင်ပါသည်။)

**အစီအစဉ်**

**ကျင်းပမည့်ရက်** - ၂၈-၆-၂၀၁၈ ရက် (ကြာသပတေးနေ့)
**ကျင်းပမည့်အချိန်** - ညနေ ၅း၀၀ နာရီမှ ည ၈း၀၀ နာရီအထိ
**ကျင်းပမည့်နေရာ** - MCEA ခန်းမ
အမှတ် (၃)၊ သံသုမာလမ်းနှင့် ဝေဇယန္တာလမ်းထောင့်၊ သုဝဏ္ဏလမ်းဆုံ၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။

**ဥက္ကဋ္ဌနှင့် ဗဟိုကော်မတီဝင်များ မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များအသင်းချုပ်**
**Federation of Myanmar Construction Entrepreneur's Association**

## နှစ်စဉ်ကြေးများပေးသွင်းရန် အသင်းသားများအား အသိပေးနှိုးဆော်ခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)သည် အများနှင့်သက်ဆိုင်ပြီး အမြတ်အစွန်းခွဲဝေမှုမရှိသည့် အဖွဲ့အစည်းဖြစ်ပြီး နိုင်ငံတွင်း စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်များအကြား၊ တွေ့ဆုံဆွေးနွေးပွဲများ ကျင်းပခြင်း၊ စီးပွားရေးဆိုင်ရာသတင်းအချက်အလက်များဖြန့်ဝေပေးခြင်း၊ ပြည်တွင်း/ပြည်ပကုန်စည်ပြပွဲများ ဦးဆောင်ကျင်းပခြင်း၊ အသင်းဝင်များ၏ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်တွင်း/ပြည်ပ သင်တန်းများတက်ရောက်ရန်စီစဉ်ခြင်း၊ စီးပွားရေးဆိုင်ရာ ဥပဒေများရေးဆွဲရာတွင် ပုဂ္ဂလိကကဏ္ဍအကြံပြုချက်များကို ကိုယ်စားပြုဆွေးနွေးခြင်း၊ အသေးစားနှင့်အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ငွေကြေးရရှိနိုင်စေရေးဆိုင်ရာကိစ္စရပ်များတွင် ကူညီဆောင်ရွက်ပေးခြင်းအစရှိသည်တို့ကို တက်ကြွစွာ ဆောင်ရွက်ပေးလျက်ရှိပါသည်။

၂။ အသင်းသားများမှ ထည့်ဝင်သည့် နှစ်စဉ်ကြေးသည် အသင်းချုပ်၏လုပ်ငန်းဆောင်တာများ ထိရောက်စွာလည်ပတ်နိုင်ရေးအတွက် ပင်မအထောက်အပံ့ဖြစ်ပြီး အသင်းချုပ် သင်းဖွဲ့စည်းမျဉ်း အခန်း(၅)၊ အပိုဒ်(၁၅)၊ အပိုဒ်ခွဲ(ဆ)တွင် အသင်းသားများသည် အသင်းချုပ်က သတ်မှတ်သော နှစ်စဉ်ကြေး (သို့မဟုတ်) ပေးဆောင်ရန်ရှိသည့် ငွေကြေးတစ်စုံတစ်ရာကို ပေးသွင်းရန် ပျက်ကွက်ခြင်းမရှိရန်ဟု ဖော်ပြထားပါသည်။

၃။ အသင်းသားအနေဖြင့် နှစ်စဉ်ကြေးများကို ၃၁-၃-၂၀၁၈ ရက် နောက်ဆုံးထားပေးသွင်းရန် ၁၁-၃-၂၀၁၈ ရက်တွင် အသိပေးနှိုးဆော်ခဲ့ပြီးဖြစ်ပါသည်။ သို့ရာတွင် နှစ်စဉ်ကြေးပေးသွင်းရန်ရက်အား ထပ်မံတိုးမြှင့်ပေးရန် အသင်းသားအချို့မှ တောင်းဆိုလာပါသဖြင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့အစည်းအဝေး (ဗ-၉/၁၆-၁၉)၏ ဆုံးဖြတ်ချက်အရ နှစ်စဉ်ကြေးများ နောက်ဆုံးပေးသွင်းရမည့်ရက်ကို ဇွန် ၂၉ရက်အထိ သတ်မှတ်ထားပြီး သတ်မှတ်ရက်ကျော်လွန်သည်အထိ နှစ်စဉ်ကြေးပေးသွင်းရန် ပျက်ကွက်သောအသင်းသားများကို သင်းဖွဲ့စည်းမျဉ်းနှင့်အညီ အသင်းသားအဖြစ်မှ ရပ်စဲမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ နှစ်စဉ်ကြေးများကို ဇွန် ၂၉ ရက်မတိုင်မီ ထည့်ဝင်ပေးသွင်းပါရန် မေတ္တာရပ်ခံ အသိပေးနှိုးဆော်အပ်ပါသည်။

**ဆက်သွယ်ရန်-အသင်းသားရေးရာဌာန၊ အသင်းသားဌာနစိတ်**
**ဖုန်း-၀၉-၄၅၀၂၀၀၃၅၀၊ ၀၁-၂၃၁၄၃၄၄~၄၉(လိုင်းခွဲ-၁၃၁၊ ၄၃၄)**
**Email - ma@umfcci.com.mm, membership 10 @gmail.com**

**အလုပ်အမှုဆောင်အဖွဲ့**
**ကုန်သည်စက်မှုအသင်းချုပ် (UMFCCI)**

## လူပျောက်ကြော်ငြာ



ဦးခွန်ပန်းအောင်-ဒေါ်နန်းအုန့်မေတို့၏သား မောင်ခွန်ဆောင်းဝေဦး အသက် (၆)နှစ် (ပအိုင်လေး/ဗုဒ္ဓ)ဖြစ်သူနှင့် ဦးခွန်ကျော်-ဒေါ်နန်းဆွေ့တို့၏သမီးဖြစ်သူ မနန်းစင် အသက် (၆)နှစ် (ပအိုင်လေး/ဗုဒ္ဓ)တို့နှစ်ဦးသည် ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ (၁၆/၃)ရပ်ကွက်၊ ဓမ္မာရုံလမ်း၊ မ/၄၃၆(အေ)နေအိမ်မှ ၆-၆-၂၀၁၈ ရက် ညနေ ၄း၀၀ နာရီခန့်တွင် ထွက်သွားရာမှ ယနေ့တိုင် ပြန်လည်ရောက်ရှိလာခြင်းမရှိဘဲ ပျောက်ဆုံးနေခဲ့ပါသဖြင့် တွေ့ရှိပါက အကြောင်းကြားဆက်သွယ်ပေးပါရန်နှင့် သွေးဆောင်ဖြားယောင်းထားပါကလည်း ဥပဒေနှင့်အညီ တရားစွဲဆိုအရေးယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ဆက်သွယ်ရန်ဖုန်း -၀၉-၅၀၈၂၇၈၅**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံးကိုဒဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)**
**ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး**
**၂၀၁၈ ခုနှစ် တရားမကြီးမှုအမှတ် ၄၂**

| | | |
|---|---|---|
| သရဖူစိုးမြင့်ကုမ္ပဏီလီမိတက် (၎င်း၏ကိုယ်စားတာဝန်ပေးအပ်ထားသူ ဦးရဲရင့်နိုင်) | **နှင့်** | ၁။ ဦးငြိမ်းချမ်းရေး<br>၂။ ဦးသန့်စင်<br>၃။ ဦးထွန်းထွန်း |
| **တရားလို** | | **တရားပြိုင်များ** |

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ သာယာဝတီမြို့၊ ခုနစ်အိမ်တန်းလမ်း၊ ရေဝေရပ်ကွက်၊ အိမ်အမှတ် (၁၁၃)နေ (၁)တရားပြိုင် ဦးငြိမ်းချမ်းရေးနှင့် (၂) တရားပြိုင် ဦးသန့်စင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက စက်ပစ္စည်းတန်ဖိုးငွေကျပ် ၂၀၄၇၆၂၀၀/- နှင့် နစ်နာကြေးငွေ ၅၀၀၀၀၀၀/-၊ စုစုပေါင်းငွေကျပ် ၂၅၄၇၆၂၀၀/-(ငွေကျပ်နှစ်ရာငါးဆယ့်လေးသိန်းခုနစ်သောင်း ခြောက်ထောင့်နှစ်ရာတိတိ) လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့မဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက် များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၁၈ ခုနှစ် ဇူလိုင် ၆ ရက် (၁၃၈၀ ပြည့်နှစ် ပထမဝါဆိုလပြည့်ကျော် ၉ ရက်) မွန်းမတည့်မီ ၁၀း၀၀ နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာ၌ ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၈ ခုနှစ် ဇွန် ၇ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(အောင်နိုင်စိုး)**
**ဒုတိယခရိုင်တရားသူကြီး (၃)**
**ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ တုံတင်ဂံ(တ)ကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ် ၂၂၉၊ ကွင်း/အကွက်အမည် ရှမ်းကန်ရွာမ၊ ဦးပိုင်လုပ်ကွက်အမှတ် ၇/၄၊ ဧရိယာ ၂၃ ဒသမ ၂၀ ဧကအကျယ်အဝန်းရှိသော ဦးထွန်းအမည်ဖြင့် လုပ်ပိုင်ခွင့်ရရှိထားသော လယ်မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ သီးပင်၊ စားပင်များ အပါအဝင် မြေပေါ်၊ မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား အမည်ပေါက်လုပ်ပိုင်ခွင့်ရရှိသူ ဦးထွန်း ၁၂/ တတန(နိုင်)၀၇၈၀၄၄ ထံမှ အပြီးအပိုင်လုပ်ပိုင်ခွင့်ဝယ်ယူရန်အတွက် ကျွန်ုပ်မိတ်ဆွေမှ စရန်ငွေတချို့တစ်ဝက်ကို ပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ-**

| | |
|---|---|
| **ဒေါ်နွယ်နီအောင် LL.B,LL.M,D.I.R** | **ဒေါ်ခိုင်ခိုင်ထွန်း LL.B,DIPL** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၈၀၄၈)** | **အထက်တန်းရှေ့နေ(စဉ်-၄၆၉၆၄)** |

**အမှတ် (၂၇/၂၉)၊ ဒုတိယထပ်၊ ၃၅ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၂၅၁၈၆၅၊ ၃၈၉၆၇၇၊ ၀၉-၅၀၅၈၃၅၈**

## ဖခင်အမည်မှန်

ရေဦးမြို့၊ အထက (၂) တက္ကသိုလ်ဝင်တန်းမှ မောင်ပြည့်စုံထွန်း၏ ဖခင်အမည်မှန်မှာ ဦးဝင်းဇော်ဦး ၅/ ရဦန(နိုင်)၀၆၅၀၇၄ ဖြစ်ပါကြောင်း။
**ဦးဝင်းဇော်ဦး**

## မိခင်အမည်မှန်

ရေဦးမြို့နယ်၊ ဖိန်းကားကျေးရွာ၊ မောင်ပြည့်စုံထွန်း တက္ကသိုလ်ဝင်တန်း၏ မိခင်အမည်မှန်မှာ ဒေါ်အေးအေးမာ ၅/ရဦန(နိုင်)၁၀၅၂၁၄ ဖြစ်ပါကြောင်း။ **ဒေါ်အေးအေးမာ**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးအဝေးသင်တက္ကသိုလ်၊ ကျိုင်းတုံဌာနခွဲ၊ သတ္တဗေဒ (နောက်ဆုံးနှစ်)၊ ၄သတ-၃(၀၂၃)အထူးပြုဖြင့် ဖြေဆိုအောင်မြင်ထားသော နန်းဆိုင်ဖူး၏ဖခင် ဦးစိုင်းဆောင်နှင့် ဦးအိုက်ဆောင် ၁၃/ ကတန(နိုင်)၀၂၉၉၄၂ မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးအဝေးသင်တက္ကသိုလ်၊ ကျိုင်းတုံဌာနခွဲ၊ စီးပွားရေး (နောက်ဆုံးနှစ်)၊ ၄စီး-၃၅(၀၂၃)အထူးပြုဖြင့် ဖြေဆိုအောင်မြင်ထားသော မအားချူး၏ မွေးသက္ကရာဇ်အမှန်မှာ ၁၅-၅-၁၉၉၅ ဖြစ်ပါကြောင်းနှင့် ၎င်း၏ဖခင် ဦးအားမြာနှင့် ဦးအားချာမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ကြောင်း

မော်လိုက်ခရိုင်၊ ဖောင်းပြင်မြို့နယ်၊ ကုန်းအောက်တောင်းရွာ၊ အလက(ခွဲ)၊ အဋ္ဌမတန်း(အောင်)မှ မငြိမ်းသီတာထွန်း၏ဖခင် ဦးဖိုးသီး ၅/ဖပန(နိုင်)၀၆၂၁၈၇ နှင့် ဦးသိန်းငွေအောင်မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။
**ဦးဖိုးသီး(ခ)ဦးသိန်းငွေအောင်**

## တစ်ဦးတည်းဖြစ်ကြောင်း

ဖောင်းပြင်မြို့နယ်၊ မင်းယားရွာ၊ အထက၊ တက္ကသိုလ်ဝင်တန်းမှ မတင်မာအေး၏ဖခင် ဦးမောင်မြင့် ၅/ဖပန(နိုင်) ၀၃၈၈၈၀ နှင့် ဦးမောင်တူးမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။
**ဦးမောင်မြင့်(ခ)ဦးမောင်တူး**

## ဖခင်အမည်မှန်

ဖောင်းပြင်မြို့နယ်၊ စန္ဒားကျေးရွာ၊ အထက၊ နဝမတန်း(သိပ္ပံ)အောင်မှ မောင်ဝေဖြိုးကျော်၊ ဆဋ္ဌမတန်းမှ မနှင်းဝတ်မှုန်ကျော်၊ တတိယတန်းမှ မခင်ဝတ်မှုန်ကျော်တို့၏ ဖခင်အမည်မှန်မှာ ဦးကျော်ခိုင်ဝင်း ၅/မရန (နိုင်)၁၈၉၀၅၆ ဖြစ်ပါကြောင်း။
**ဦးကျော်ခိုင်ဝင်း**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5N/3624 ယာဉ်လက်ဝယ်ရှိသူ By Boss TRA Co.,Ltd.က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊**
**တိုင်းဒေသကြီးဦးစီးမှူးရုံး(ပဲခူး)**

## အမည်ပြောင်း

ဦးမြင့်ဦး၏သမီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၊ အောင်ဇေယျရပ်ကွက်နေ မဦးဦးခိုင် ၅/ကလထ(နိုင်) ၁၈၁၈၆၀ အား မကေကေမြင့်ဦးဟု ပြောင်းလဲခေါ်ပါရန်။
**မကေကေမြင့်ဦး**

## တစ်ဦးတည်းဖြစ်ကြောင်း

ဖောင်းပြင်မြို့နယ်၊ မင်းယားရွာ၊ အထက၊ တတိယတန်းမှ မဝတ်မှုံဖြိုး၏ ဖခင် ဦးဇော်လွင်ဦး ၅/ဖပန(နိုင်) ၀၆၃၀၀၁ နှင့် ဦးဖိုးဇော်မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။
**ဦးဇော်လွင်ဦး(ခ)ဦးဖိုးဇော်**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မွန်ပြည်နယ်၊ သထုံမြို့နယ်၊ စစ်မှုထမ်းဟောင်းအဖွဲ့ရုံး အခြေစိုက်ဖွင့်လှစ်ထားသော ဈေးကြီးလမ်း၊ အောက်ကျင်းရပ်ကွက်၊ အမှတ်(၇၆)၊ အုတ်ခံ၊ သွပ်မိုး (၁၄ပေ×၅၂ပေ) နှစ်ထပ်အဆောက်အအုံသည် သထုံမြို့နယ်စုရုံးအမှုအမှတ် ၆၃၉/၁၉၉၁-၉၂အရ မြို့နယ်စစ်မှုထမ်းဟောင်းရုံးဆောက်လုပ်ရန် ၇-၈-၁၉၉၅မှ ၆-၈-၂၀၂၅အထိ အငှားပတ္တာ နှစ်၃၀ပေးထားသော ရုံးမြေဂရန်အား စစ်မှုထမ်းဟောင်းအမှုဆောင်အဖွဲ့များ (၅)နှစ်တစ်ကြိမ် ရွေးချယ်တင်မြှောက်ပြီး အဆင့်ဆင့်တာဝန်လွှဲပြောင်းထမ်းဆောင်ခဲ့မှုကြောင့် ရုံးဂရန်မူရင်း ပျောက်ဆုံးလျက်ရှိသဖြင့် ဂရန်မိတ္တူကူးယူခွင့်ရရှိရေး လျှောက်ထားလျက်ရှိပါသည်။ အဆိုပါ ဂရန်မိတ္တူလျှောက်ထားရာတွင် မည်သူမဆို ဆောင်ရွက်မပေးသင့်ကြောင်း ကန့်ကွက်လိုပါက အထောက်အထားခိုင်လုံစွာဖြင့် ဤကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း သထုံမြို့နယ်စစ်မှုထမ်းဟောင်းရုံးသို့ ကန့်ကွက်နိုင်ကြောင်း ကန့်ကွက်ရန်မရှိပါက လုပ်ထုံးလုပ်နည်းများအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့**
**သထုံမြို့**

## သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

သထုံမြို့နယ်၊ သုဝဏ္ဏဝတီမြို့၊ သိမ်ဆိပ်ရပ်ကွက်၊ ဘူတာလမ်း၊ အိမ်အမှတ် (၂၇၄) နေ (ဘ)ဦးရွှေသန်း-(မိ)ဒေါ်ယုယုမော်တို့၏သမီး မီးမီး(ခ)မယုတင်ဇာလှိုင် ၁၀/သထန(နိုင်)၁၈၇၅၂၂ သည် မိဘများစိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်သောကြောင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **ဦးရွှေသန်း-ဒေါ်ယုယုမော်**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံရေးပါတီများအကြား တွေ့ဆုံညှိနှိုင်းအစည်းအဝေးကျင်းပ



**နေပြည်တော် ဇွန် ၁၄**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံရေးပါတီများအကြား တွေ့ဆုံညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ (**အပေါ်ပုံ**) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းနှင့် အဖွဲ့ဝင်များ၊ ကော်မရှင်ရုံးမှ တာဝန်ရှိသူများနှင့် နိုင်ငံရေးပါတီ ၇၂ ပါတီမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပပေးခဲ့ပြီးဖြစ်ကြောင်း၊ ၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း၊ ရွေးကောက်ပွဲများ ကျင်းပရာတွင် လွတ်လပ်မှုရှိခြင်း၊ တရားမျှတမှုရှိခြင်း၊ ပွင့်လင်းမြင်သာမှုရှိခြင်း၊ အများယုံကြည်လက်ခံခြင်း၊ ပြည်သူ့ဆန္ဒနှင့် ရွေးကောက်ပွဲရလဒ် တစ်ထပ်တည်းဖြစ်စေရန် စသည့် စံငါးချက်ဖြင့် ကိုက်ညီရေး ပြဋ္ဌာန်းထားသော ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရွေးကောက်ပွဲများ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ နိုင်ငံရေးပါတီများနှင့် ပြည်သူလူထုတို့ ပူးပေါင်းဆောင်ရွက်ရန်လိုကြောင်း၊ မဲစာရင်းပြည့်စုံမှန်ကန်စေရန် နိုင်ငံရေးပါတီများအနေဖြင့် ကူညီဆောင်ရွက်ပေးနိုင်သကဲ့သို့ ယခုဆောင်ရွက်နေခြင်းထက် ကောင်းမွန်သည့်စနစ်ရှိပါကလည်း အကြံပြုကြစေလိုကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

*စာမျက်နှာ ၆ ကော်လံ ၅* ❖

## မြောက်ဦးမြို့၌ လေးမြို့မြစ် စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်

**နေပြည်တော် ဇွန် ၁၄**

ယနေ့နံနက် ၁၀ နာရီခွဲတိုင်းထွာချက်အရ လေးမြို့မြစ်ရေသည် မြောက်ဦးမြို့တွင် သုံးပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ လေးမြို့မြစ်ရှိ မြောက်ဦးမြို့အတွင်း မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

## ချင်းတွင်းနှင့်စစ်တောင်းမြစ်ရေကြီးမှု အခြေအနေ

**နေပြည်တော် ဇွန် ၁၄**

ယနေ့မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် မော်လိုက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ၆ ပေခွဲခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်ပြီး မင်းကင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ၇ ပေခွဲခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

*စာမျက်နှာ ၇ ကော်လံ ၁* ❄

## (၁၅)ကြိမ်မြောက် အရှေ့တောင်အာရှ ကာယဗလနှင့် ကာယကြံ့ခိုင်မှုပြိုင်ပွဲ ယှဉ်ပြိုင်ရန် မြန်မာ့လက်ရွေးစင်ကစားသမားများလေ့ကျင့်

**ရန်ကုန် ဇွန် ၁၄**

(၁၅)ကြိမ်မြောက် အရှေ့တောင်အာရှကာယဗလနှင့် ကာယကြံ့ခိုင်မှုတံခွန်စိုက်အားကစားပြိုင်ပွဲသို့ မြန်မာ့လက်ရွေးစင် ကာယဗလနှင့်ကာယကြံ့ခိုင်မှုကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန် ပြင်ဆင်လေ့ကျင့်လျက်ရှိသည်။

(၁၅)ကြိမ်မြောက် အရှေ့တောင်အာရှကာယဗလနှင့် ကာယကြံ့ခိုင်မှုတံခွန်စိုက်ပြိုင်ပွဲကို ဇွန် ၂၅ ရက်မှ ၃၀ ရက်အထိ ကမ္ဘောဒီးယားနိုင်ငံ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲသို့ မြန်မာ့လက်ရွေးစင် ကာယဗလနှင့်ကာယကြံ့ခိုင်မှုအားကစားသမားများဖြစ်ကြသည့် ကျော်မင်းသန်း ၆၀ ကီလို၊ ထွန်းဝင်းနိုင် ၆၅ ကီလို၊ ရဲထက်အောင် ၇၀ ကီလို၊ သောင်းတန် ၇၅ ကီလို၊ ဆလိုင်းကျော်မင်း ၇၅ ကီလိုတန်းအထက်၊ အမျိုးသမီး Model physique တွင် သန္တာဦးနှင့် မိုးမိုး၊ Athletic physique ပြိုင်ပွဲတွင် နှင်းနှင်းအေးတို့ ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ အတွေ့အကြုံရှိတဲ့ ကစားသမားဟောင်းတွေနဲ့ လူသစ်တွေကို ရွေးချယ်စေလွှတ်မှာ ဖြစ်ပါတယ်၊ ဇွန်လပထမပတ်က စတင်လေ့ကျင့်မှုတွေ ပြုလုပ်တာပါ၊

*စာမျက်နှာ ၁၂ ကော်လံ ၁* ◆



မြန်မာ ယူ-၁၉ အသင်း လေ့ကျင့်မှုများ ပြုလုပ်နေစဉ်။ ဓာတ်ပုံ-စိုးညွန့်

## မြန်မာ ယူ-၁၉ အသင်း စင်ကာပူခြေစမ်းခရီးစဉ်အတွက် အပြီးသတ်လူရွေးပြီး ကစားသမား ၂၃ ဦး ခေါ်ဆောင်သွားမည်

**ရန်ကုန် ဇွန် ၁၄**

မြန်မာ ယူ-၁၉ အသင်းသည် ဇွန် ၁၆ ရက်မှ ၂၁ ရက်အထိ သွားရောက်မည့် စင်ကာပူခြေစမ်းခရီးစဉ်အတွက် အပြီးသတ်လူရွေးပြီး ကစားသမား ၂၃ ဦး ခေါ်ဆောင်သွားမည်ဖြစ်သည်။ မြန်မာ ယူ-၁၉ အသင်းသည် ၂၀၁၈ အာဆီယံ ယူ-၁၉ ပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် သွားရောက်ခြင်းဖြစ်သည်။

မြန်မာ ယူ-၁၉ အသင်းသည် ယင်းခရီးစဉ်ကို

*စာမျက်နှာ ၂ ကော်လံ ၅* ●

## မာတိကာ

မကွေးတိုင်းဒေသကြီးအတွင်း မြို့နယ် ၁၂ မြို့နယ်မှ စိုက်ပျိုးသီးနှံဧက ၆၃၀၀၀ ကျော် ရေနစ်မြုပ်နေ *စာမျက်နှာ -၂၀*

၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲကျင်းပပြီ အိမ်ရှင်ရုရှားတို့ အဖွင့်ပွဲတွင် အနိုင်ရရှိ *စာမျက်နှာ -၁၂*

ဖားကန့်နှင့် မံစီမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ *စာမျက်နှာ -၁၃*

